

# ရေဒါအောက်တွင် စောင့်ကြည့်ခြင်း

မြန်မာ့တပ်မတော်၏ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သော
ကလေးများအား
ဆက်လက်စုဆောင်းမှုနှင့် အသုံးပြုခြင်း။

CHILD SOLDIERS
INTERNATIONAL

**နိုင်ငံတကာ ကလေးစစ်သားဆိုင်ရာ အဖွဲ့** (Child Soldiers International)
9 Marshalsea Road
4th Floor
London SE1 1EP.
United Kingdom

**တယ်လီဖုန်း။** +44 (0) 20 7367 4110
**ဖက်စ်။** +44 (0) 20 7367 4129
info@child-soldiers.org
www.child-soldiers.org

**နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့** (Child Soldiers International) သည် ယခင်က ကလေးစစ်သား အသုံးပြုမှု အဆုံးသတ်ရေး ညွန့်ပေါင်းအဖွဲ့ ဖြစ်သည်။ နိုင်ငံတကာ ကလေးစစ်သား ဆိုင်ရာ အဖွဲ့ သည် နိုင်ငံတကာ လူ့အခွင့်အရေး သုတေသနနှင့် စည်းရုံးလှုံ့ဆော်ရေး အဖွဲ့ဖြစ်သည်။ နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့သည် ကလေးစစ်သားများ (အသက် ၁၈ နှစ်အောက် ယောကျ်ားလေး မိန်းကလေးများ) ကို စစ်တပ်မှ စုဆောင်းခြင်းနှင့် ရန်ပြုတိုက်ခိုက်ရာတွင် အသုံးပြု ခြင်းနှင့် လက်နက်ကိုင် တပ်ဖွဲ့များ သို့မဟုတ် အုပ်စုများနှင့် ပတ်သက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အခြား လူ့အခွင့်အရေး ချိုးဖောက်မှုများကို အဆုံးသတ်ရန်နှင့် ကာကွယ်ရန်နည်းလမ်း ရှာဖွေသည်။ အဖွဲ့အစည်းသည် လက်နက်ကိုင် တပ်ဖွဲ့များနှင့် အုပ်စုများမှ ကလေးစစ်သားများ လွတ်မြောက်ရန်၊ သူတို့အနေဖြင့် အရပ်သား ဘဝကို အောင်မြင်စွာ ပြန်လည်ရောက် ရှိရန်အတွက် ပံ့ပိုးရန်နှင့် သူတို့အား စုဆောင်း၍ အသုံးပြုသူများ တာဝန်ခံမှု ရှိစေရန် နည်းလမ်း ရှာဖွေသည်။ နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့သည် ပဋိပက္ခများအတွင်း ကလေးများ ပါဝင်မှု ဆိုင်ရာ ကလေးအခွင့်အရေး သဘောတူစာချုပ် ရွေးချယ်သဘောတူနိုင်သည့် သဘောတူညီချက်အပေါ် ကမ္ဘာတဝှမ်းက လက်ခံလိုက်နာရန် မြှင့်တင်မှုများ ပြုလုပ်သည်။

နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့၏ အမှတ်တံဆိပ်ကို ကုန်သွယ်မှု အမှတ်အသား မှတ်ပုံတင်မှုတွင် အမှတ် ၂၅၉၀၇၇၈ အောက်တွင် မှတ်ပုံတင်ထားသည်။

## မာတိကာ


အကျဉ်းချုပ်....3

အဓိက ထောက်ခံ အကြံပြုချက်များ....3

ပါဝင်မှုနှင့် နည်းလမ်း။....5

1. နောက်ခံ အခြေအနေ....6

1.1 ဆက်လက်တည်ရှိနေသော မတည်ငြိမ်မှုနှင့် ပဋိပက္ခ....6

1.2 လူမှု စီးပွားရေး အခြေအနေ....8

1.3 *တပ်မတော်*....10

1.4 *တပ်မတော်-ကြည်း* ဖွဲ့စည်းပုံနှင့် အင်အား....11

2. *တပ်မတော်-ကြည်း*တွင် ကလေးစစ်သား စုဆောင်းမှုနှင့် အသုံးပြုမှု။....12

2.1 အသက်မပြည့်သူ စစ်သားစုဆောင်းမှုအပေါ် တွန်းအားများ....12

2.2 အသက်မပြည့်သူ စစ်သား စုဆောင်းမှု ပုံစံများ....14

3. ကာကွယ်ရေး ကဏ္ဍ အုပ်ချုပ်မှု အသက်မပြည့်သူ စစ်သားစုဆောင်းခြင်းကို ဖြေရှင်းရန်နှင့် ကာကွယ်ရန် ဆောင်ရွက် သည့် ခြေလှမ်းများ....18

3.1 အသက် မပြည့်သူ စစ်သားစုဆောင်းခြင်းနှင့် ပတ်သက်သည့် အမျိုးသား ဥပဒေပြုရေး၊ စစ်တပ်လုပ်ထုံးလုပ်နည်းနှင့် ဖြေရှင်းရန် လမ်းညွှန်ချက်များ။....18

3.2 အသက်မပြည့်သော ကလေးများအား စစ်သားစုဆောင်းခြင်းအား တားမြစ်ခြင်းအပေါ် သိနားလည်မှု တိုးမြှင့်ခြင်းနှင့် သင်တန်းများ....20

3.3 မြန်မာစစ်တပ်နှင့် စစ်သား စုဆောင်းရေး လုပ်ငန်းစဉ်များ....21

3.3.1 စစ်သားစုဆောင်းရေး လုပ်ငန်းစဉ်များ....21

3.3.2 စစ်သား စုဆောင်းရေးအတွက် လိုအပ်ချက်များ....23

3.3.3 မွေးစာရင်းနှင့် အသက်မပြည့်သော စစ်သား စုဆောင်းခြင်း....24

3.3.4 အထောက်အထား စာရွက်စာတမ်းများအား အတုအပပြုလုပ်ခြင်း....26

4. ကြီးကြပ်ခြင်း၊ တိုင်ကြားခြင်းနှင့် အသက်မပြည့်သော စုဆောင်းခံရသူများအား လွှတ်ပေးခြင်း....27

5. တာဝန်ခံမှု၊ စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ချက်များနှင့် အပြစ်ပေး အရေးယူခြင်း။ .................... 30

6. နိဂုံး ........................................................................................................................ 33

7. အကြံပြုချက်များ ..................................................................................................... 34

မြန်မာအစိုးရနှင့် တပ်မတော်သို့ အကြံပြုချက်များ ................................................................ 34

ကုလသမဂ္ဂ နိုင်ငံဆိုင်ရာ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံရေး အထူး အဖွဲ့ သို့ အကြံပြုချက်များ ...... 38

ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် နိုင်ငံတကာ အသိုင်းအဝိုင်း သို့ ထောက်ခံ အကြံပြုချက်များ ............... 38

## အကျဉ်းချုပ်

မြန်မာနိုင်ငံတွင် အစိုးရ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် လက်နက်ကိုင် အုပ်စုများက ကလေးများအား စုဆောင်းပြီး အသုံးပြုနေသည်ကို ကုလသမဂ္ဂနှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများက ဆယ်စုနှစ် တခုကျော်ကြာအောင် မှတ်တမ်းတင်ခဲ့ကြသည်။ အစိုးရနှင့် အမျိုးမျိုးသော တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များအကြား လက်နက်ကိုင် ပဋိပက္ခသည် ကလေး စုဆောင်းမှုနှင့် အခြား ကြီးမားကျယ်ပြန့်သော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် နောက်ခံကားချပ်ဖြစ်ခဲ့သည်။ ဘက်နှစ်ဖက်၏ စစ်ရေး လွှမ်းမိုးရေး ကြိုးပမ်းမှုကြောင့်သာမကပဲ လူမှု စီးပွားရေး တွန်းအားများကြောင့် ကလေးများအား လက်နက်ကိုင် ပဋိပက္ခ၏ ဘက်နှစ်ဖက်စလုံးတွင် ပါဝင်စေခဲ့သည်။ လက်နက်ကိုင် တပ်ဖွဲ့များနှင့် လက်နက်ကိုင် အုပ်စုများ၏ တပ်ဖွဲ့ဝင်အင်အား ထိန်းသိမ်းရန်နှင့် အားဖြည့်ရန်အတွက် ဖိအားသည် အသက်မပြည့်သေးသူများအား စုဆောင်းမှု၏ အဓိက မောင်းနှင်အား ဖြစ်စေခဲ့သည်။

နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများနှင့် အမျိုးမျိုးသော တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများသည် မကြာသေးမီနှစ်များအတွင်း လုံခြုံရေးနှင့် လူ့အခွင့်အရေး အခြေအနေများအပေါ် တိုးတက်မှု အချို့ကို ဖြစ်ပေါ်စေခဲ့သည်။ ဤအပြောင်းအလဲများနှင့် အတူမြန်မာနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းကြား တိုးတက်လာသော ထိတွေ့ ဆက်ဆံမှုများသည် ရေရှည်ကြာမြင့်ခဲ့ပြီဖြစ်သော အသက်မပြည့်သေးသော ကလေးငယ်များစစ်သားစုဆောင်းခြင်းနှင့် အသုံးပြုခြင်း ပြဿနာများကို သေချာစွာ ဖြေရှင်းရန်အတွက် မျှော်လင့်မထားနိုင်ခဲ့သည့် အခွင့်အလမ်းများ ဖြစ်ပေါ်လာစေခဲ့သည်။ နိုင်ငံတကာ ကလေးစစ်သားများဆိုင်ရာ အဖွဲ့က ပြုလုပ်ခဲ့သော သုတေသနက ကလေး စစ်သား စုဆောင်းမှုနှင့် အသုံးပြုမှုကို ဖယ်ရှားရန်အတွက် ချမှတ်ထားသော သံဓိဋ္ဌာန် ပြည့်ဝစေရန် မြန်မာအစိုးရအနေဖြင့် ထပ်ဆင့်ပြီး ပိုမိုထိရောက်သော အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်နေသည်ကို ဖော်ပြနေသည်။ မြန်မာအစိုးရအနေဖြင့် ကုလသမဂ္ဂနှင့် ၂၀၁၂ ခုနှစ် ကလေးများအား စစ်သား စုဆောင်း ခြင်းနှင့် အသုံးပြုခြင်း ကာကွယ်တားဆီးရေး ပူးတွဲလုပ်ငန်းအစီအစဉ် (JAP) ၏ အစိတ်အပိုင်းအဖြစ် ချမှတ်လက်ခံထားသော လုပ်ထုံးလုပ်နည်းများနှင့် စစ်ရေး လမ်းညွှန် ချက်များနှင့်အတူ မြန်မာစစ်တပ်အနေဖြင့် ကလေးများအား စုဆောင်းခြင်းနှင့် အသုံး ပြုခြင်းမရှိစေရန်နှင့် တရားမဝင်သော စုဆောင်းထားမှုများကို တပ်မှ ချက်ချင်း နုတ်ထွက်ခွင့်ပြုရန် ကြီးကြပ်မှု ယန္တယားများအပါအဝင် အရေးပေါ် အရေးယူ ဆောင်ရွက်မှုများ လိုအပ်နေသည်။

မြန်မာအစိုးရနှင့် စစ်တပ်က ကလေးစစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း ကိစ္စ ဖြေရှင်းရာတွင် နိုင်ငံတကာ ဖိအားနှင့် အကူအညီသည် အရေးကြီးသော အခန်းကဏ္ဍမှာ ပါဝင်နေပေသည်။ ကလေးများအား စစ်သားအဖြစ် စုဆောင်းခြင်းနှင့် အသုံးပြုခြင်းအား ကာကွယ်ခြင်းသည် လက်နက်ကိုင် တပ်ဖွဲ့များအား မှန်ကန်သော ရပ်တည်မှု ရှိရေးအတွက် နည်းပညာ ဆိုင်ရာ အကူအညီများအပါအဝင် မြန်မာနိုင်ငံအား ပေးနေသည့် နိုင်ငံတကာ အကူအညီများ၏ ပင်မ စည်းမျဉ်းစည်းကမ်း ဖြစ်သင့်သည်။

## အဓိက ထောက်ခံ အကြံပြုချက်များ

### မြန်မာအစိုးရသို့ ထောက်ခံ အကြံပြုချက်များ

- မြန်မာအစိုးရ၏ ကလေးစစ်သားများ စုဆောင်းခြင်းနှင့် အသုံးပြုမှု ဖယ်ရှားရေး သဓိဋ္ဌာန် အားကောင်းစေရန်အတွက် အောက်ဖော်ပြပါ နိုင်ငံတကာ စံချိန်စံညွှန်းများအား လက်မှတ်ရေးထိုး၍ အကောင်အထည်ဖော်ရန်။ ပဋိပက္ခများအတွင်း ကလေးများ ပါဝင်မှု ဆိုင်ရာ ကလေးအခွင့်အရေး

သဘောတူစာချုပ် ရွေးချယ်သဘောတူနိုင်သည့် သဘောတူညီချက် (OPAC)၊ အိုင်အယ်အို အနိမ့်ဆုံး အသက်အရွယ် သဘောတူညီချက် ၁၃၈၊ ဂျနီဗာ ကွန်ဗင်းရှင်း ထပ်ဆောင်း သဘောတူညီချက်များ၊ နှင့် နိုင်ငံတကာ ရာဇဝတ် တရားရုံးဆိုင်ရာ ရောမ သဘောတူညီချက်။

- စာရွက်စာတမ်းများ နှင့် အသက် စမ်းစစ်ခြင်းသင်တန်းပေးခြင်း၊ တပ်သားသစ်များကိုစီစစ်ရေးဘုတ်အဖွဲ့ရှေ့တွင် တွေ့မြင်နိုင်နှင့် လက်နက်ကိုင် တပ်ဖွဲ့များသို့ဝင်ရောက်ရသည့် ရည်မှန်းချက်နှင့် သူတို့၏ အသက်ကိုထိရောက်စွာသတ်မှတ်နိုင်ရန်အတွက် တွေ့ဆုံမေးမြန်းခြင်းပြုရန်တို့အပါအဝင် စီစစ်ရေးဘုတ်အဖွဲ့၏ အရည်အသွေးကိုလူပုဂ္ဂိုလ် တဦးချင်း၏လျှောက်လွှာများကို ထိရောက်စွာစစ်ဆေးနိုင်ရန်၊ စစ်ဆေးရေး ဘုတ်အဖွဲ့ဝင်များ၏ အရည်အသွေးကိုတိုးမြှင့် မြှင့်တင်ပေးရန်။ အသက် ၁၈ နှစ်အောက် တပ်သားသစ်များကိုသူတို့၏ လျှောက်လွှာများအားလေ့လာသုံးသပ်ပြီးဖော်ထုတ်ကာ ငြင်းပယ်ခြင်းနှင့် လွှတ်ပေးခြင်းများလုပ်ရန် စီစစ်ရေးဘုတ် အဖွဲ့ဝင်များကို အားပေးရန်။

- မြန်မာ့တပ်မတော်၊ *တပ်မတော် (ကြည်း)*၊ နှင့် နယ်ခြားစောင့်တပ်ဖွဲ့များက ကလေးစစ် သားစုဆောင်းမှုနှင့် အသုံးပြုမှုများအပေါ် ယုံကြည်ရလောက်သည့် စွပ်စွဲချက်များ အားလုံးကို ထိရောက်စွာနှင့် လွတ်လပ်စွာ စစ်ဆေးမှု ပြုလုပ်ပြီး တရားမျှတမှုအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ပြည့်မှီသည့် အရေးယူဆောင်ရွက်မှုများကို သံသယ ရှိသည့် ကျူးလွန်သူများအား အမှန်တရားပေါ်ထွက်အောင် အရေးယူဆောင်ရွက်ရန်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပေးထားသော တပ်မတော်သားများအား အရပ်သား တရားစီရင်မှုမှ ကင်းလွတ်ခွင့် ပေးထားသည့် မည်သည့်ပုံစံမဆို အပါအဝင် တရားစီရင် ခြင်းဆိုင်ရာ အတားအဆီးများကို ဖယ်ရှားရန်။

## စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ ကုလသမဂ္ဂ နိုင်ငံဆိုင်ရာ အထူးအဖွဲ့ (UN CTFMR) အတွက် အကြံပြုချက်များ

- ကလေးများအပေါ် ပြင်းထန်သော ကျူးလွန်မှု ခြောက်မျိုး နှင့် လုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှုကို အာမခံနိုင်ရန် အစီအစဉ်အောက်တွင် မြန်မာအစိုးရ၏ အရေးယူဆောင်ရွက်မှုများကို ရေရှည်စောင့်ကြည့်လေ့လာမှုများ အပါအဝင် JAP အကောင်အထည်ဖော်ရာတွင် ပါဝင်သော သက်ဆိုင်သူအားလုံး ၏ အရည်အသွေးကို မြှင့်တင်ပေးရန်။

- *တပ်မတော်(ကြည်း)* နှင့် နယ်ခြားစောင့်တပ် စစ်စခန်းများ၊ သင်တန်းကျောင်းများနှင့် ကလေးများ ရှိသော အခြားနေရာများသို့ မည်သူမည်ဝါ ဖော်ထုတ်ခြင်းနှင့် စီစစ်ခြင်း ရည်မှန်းချက်များအတွက် ပုံမှန်သွားရောက် လည်ပတ်ရန်။

## ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် နိုင်ငံတကာ အသိုင်းအဝိုင်း သို့ ထောက်ခံ အကြံပြုချက်များ

- အစိုးရအနေဖြင့် JAP ကို အကောင်အထည်ဖော်ရန် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်းနှင့် ကလေးများအပေါ် ချိုးဖောက်မှုများကို စောင့်ကြည့်လေ့လာရာတွင် UN CTFMR အနေဖြင့် လိုအပ်သော အချိန်နှင့် အရင်းအမြစ်များပေးအပ်ခြင်းကို အာမခံချက်ရှိရန်။

- စစ်သားစုဆောင်းခြင်း လုပ်ထုံးလုပ်နည်းများနှင့် အသက်စီစစ်ခြင်း ယန္တယားများအား အားဖြည့်ခြင်းနျင့် *တပ်မတော် (ကြည်း)*နှင့် နယ်ခြားစောင့်တပ်များအပေါ် လွတ်လပ်သော စောင့်ကြည့်မှုနှင့် ကြီးကြပ်မှုများ အပါအဝင် ကလေး စစ်သား စုဆောင်းခြင်းနှင့် အသုံး ပြုခြင်း ကာကွယ်မှုကို ဖြစ်စေသည့် မြန်မာနိုင်ငံတွင် လုံခြုံရေး ကဏ္ဍာ ပြုပြင်ပြောင်းလဲမှု များကို အထောက်အကူ ဖြစ်စေသည့် နိုင်ငံတကာ အထောက်အပံ့များ အာမခံချက် ရှိရန်။

## ပါဝင်မှုနှင့် နည်းလမ်း။

ဤအစီရင်ခံစာသည် မြန်မာ့တပ်မတော် *(တပ်မတော်-ကျည်း)* ၏ မကြာသေးမီက စစ်သား စုဆောင်းရေး အလေ့အထများအပေါ်လေ့လာသုံးသပ်မှုများကို ဇပဟိုပြုထားသည်။ ယင်းသည် အသက်စစ်ဆေးခြင်းနှင့် စစ်သား စုဆောင်းခြင်းဆိုင်ရာ အလေ့အထအချို့ကို စမ်းစစ်ပြီး ယင်း အရေးယူဆောင်ရွက်မှုများ၏ လျစ်ဟာမှုများနှင့် အကောင်အထည် ဖော်ဆောင်ရာတွင် မအောင်မြင်မှုများကို ဖော်ထုတ်သည်။ အစီရင်ခံစာသည် အကောင်အထည်ဖော်ဆောင်ရွက်မှုရှိပါက *တပ်မတော်- (ကြည်း*) ရာထူးအဆင့်ဆင့်အတွင်း အသက်မပြည့်သူ စစ်သား စုဆောင်းမှုနှင့် အသုံးပြုမှု အလေ့အထကို အဆုံးသတ်ခြင်းနှင့် ကာကွယ်ခြင်း ကို ဖြစ်ပေါ်စေမည့် အကြံပြုချက် တစုံကို ပေးသည်။

သုတေသနပြုလုပ်မှုကို နိုင်ငံတကာ ကလေးစစ်သားဆိုင်ရာ အဖွဲ့ ဝန်ထမ်းများ မြန်မာနိုင်ငံအတွင်း ၂၀၁၃ စက်တင်ဘာနှင့် ၂၀၁၄ ဇူလိုင်လအတွင်း ပြုလုပ်ခဲ့သော သုတေသနနစ်ခုနှင့် ရုံးထိုင် သုတေသန အားဖြည့်ချက်များအပေါ်တွင် လုပ်ဆောင် ထားသည်။ ဤအစီရင်ခံစာသည် နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့၏ ထိုင်း-မြန်မာ နယ်စပ်တလျောက်တွင် မတ် ၂၀၁၁[1] က ပြုလုပ်ထားသော ကွင်းဆင်း သုတေသနမှ အချက်အလက်များကိုလည်း ရယူထားသည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ သုတေသန ခရီးစဉ်အတွင်း တပ်အင်အား ဌာန ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ငွေသိမ်းအပါအဝင် နေပြည်တော်ရှိ ကာကွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် လူမှုဖူလုံရေး ဌာနများမှ အဆင့်မြင့်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ မြန်မာနှင့် ထိုင်းနိုင်ငံအတွင်းရှိ ကုလသမဂ္ဂ အဆင့်မြင့် အရာရှိများ၊ သံတမာန်များ၊ နှင့် နိုင်ငံအတွင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)[2] နှင့်လည်း တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့သည် နေပြည်တော်တွင် နိုင်ငံခြားရေး ဝန်ကြီးဌာန၊ လူမှုဖူလုံရေး ဝန်ကြီးဌာနများနှင့် တရားသူကြီး (JAG) ချုပ်ရုံးမှ အရာရှိများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ရန်ကုန်ရှိ ကုလ အဆင့်မြင့် အရာရှိများ၊ သံတမာန်များနှင့်

[1] နိုင်ငံတကာ ကလေးစစ်သားဆိုင်ရာ အဖွဲ့၏ ကိုယ်စားလှယ်များသည် နိုင်ငံတကာနှင့် နိုင်ငံတကာ NGO များ၊ မီဒီယာနှင့် ယူနီဆက်ဖ် နိုင်ငံ ကိုယ်စားလှယ် နှင့် ကလေး ကာကွယ်ရေး အဖွဲ့၊ UNDP အရာရှိများနှင့် အခြားသူများ အပါအဝင် ထိုင်းနိုင်ငံရှိ ကုလမသဂ္ဂအဖွဲ့အစည်းများ၊ အပါအဝင် ကျယ်ပြန့်သော သက်ဆိုင်သူများန နှင့် တွေ့ဆုံမေးမြန်းမှု ၃၀ ကို ပြုလုပ်ခဲ့သည်။

[2] တပ်အင်အား ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ငွေသိမ်းအပါအဝင် ကာကွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားရေးနှင့် လူမှု ဖူလုံရေး ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိများ နှင့် အစည်းအဝေးများ ပြုလုပ်ခဲ့သည်။ ဝန်ထမ်းများသည် ရန်ကုန်မြို့စွန်ရှိ ဒညင်းကုန်းရှိ တပ်မတော်စစ်သား စုဆောင်းရေး စခန်း အမှတ် ၁သို့ သွားရောက်ခဲ့ပြီး တပ်မှူး၊ စစ်သား စုဆောင်းရေး အရာရှိများ နှင့် စစ်သား စုဆောင်းရေး တပ်စိတ်မှ ဆေးမှူးတို့အပြင် တပ်သားသစ်အဖြစ် စုဆောင်း ထားသူ ငါးဦးတို့နှင့် တွေ့ဆုံခဲ့သည်။ မြန်မာငြိမ်းချမ်းရေး စင်တာမှ ကိုယ်စားလှယ်များ၊ မြန်မာအမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) မှ အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ခေါင်းဆောင်များနှင့် ပြည်တွင်း လူထု အခြေပြုအဖွဲ့အစည်းများနှင့် လည်း အစည်းအဝေးများ ပြုလုပ်ခဲ့သည်။ နိုင်ငံတကာ အလုပ်သမား အဖွဲ့ချုပ် (ILO)၊ ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ်(UNDP)၊ ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်နာရုံး (OHCHR) ကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံ နှင့် မြန်မာနိုင်ငံရှိ ယူနီဆက်ဖ် (UNICEF) အပါအဝင် ကုလသမဂ္ဂ အရာရှိ များနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

နိုင်ငံတွင်းနှင့် နိုင်ငံတကာ NGO များမှ ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံမှုများ ပြုလုပ်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့သည် ကာကွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ လူမှု ဖူလုံရေး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် လူဦးရေ ဝန်ကြီးဌာန များမှ အဆင့်မြင့်အရာရှိများနှင့် တွေ့ဆုံခဲ့သည်။[3]

နိုင်ငံတကာ ကလေးစစ်သားများဆိုင်ရာ အဖွဲ့သည် မိမိတို့၏ သုတေသန လုပ်ငန်းစဉ် အတွင်း မြန်မာအစိုးရထံမှ ရရှိသော ပူးပေါင်းဆောင်ရွက်မှုကို အသိအမှတ်ပြုသည်။ မြန်မာအစိုးရ အရာရှိများက အစီရင်ခံစာပေါ်တွင် လက်တွေ့ကျသော ထင်မြင်ချက်များ ပေးခဲ့ပြီး အချို့သော တွေ့ရှိချက်များအပေါ် အပြင်းအထန် ငြင်းဆိုခဲ့ကြသည်။ မြန်မာအစိုးရ၏ ထင်မြင်ချက်ပေးမှုများအပေါ် စီစစ်ပြီး အတည်ပြုချက် ရယူ ထင်ဟပ်စေသည်နှင့် တပြိုင်တည်းတဆက်တည်းမှာပင် နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့က ထပ်ဆင့် သုတေသနများ ပြုလုပ်ခဲ့ပြီး မူရင်း တွေ့ရှိချက်များကို ဆုပ်ကိုင်ထားခဲ့သည်။ ဤအစီရင်ခံစာ တွေ့ရှိချက်များနှင့် အကြံပြုချက်များသည် မြန်မာနိုင်ငံရှိ လက်နက်ကိုင် အဖွဲ့အစည်းများက တရားမဝင် စစ်သားအသုံးပြုမှုနှင့် စစ်ပြုရာတွင် ကလေးများအား အသုံးပြုခြင်းမှ ကလေးများအား ကာကွယ်ရာတွင် သက်ရောက်မှုရှိစေရန် ရာဖွေထား ခြင်း ဖြစ်သည်။ ယင်းကို စိတ်ထဲတွင် စွဲမှတ်ထားလျက် တွေ့ရှိချက်များနှင့် အကြံပြုချက်များသည် အနာဂတ်တွင် မြန်မာအစိုးရ အပါအဝင် သက်ဆိုင်သူများနှင့် အပြုသဘော သက်ရောက်မှု ရှိသည့် ဆွေးနွေးမှုများအတွက် အခြေခံဖြစ်စေလိမ့်မည်။

## 1. နောက်ခံ အခြေအနေ

### 1.1 ဆက်လက်တည်ရှိနေသော မတည်ငြိမ်မှုနှင့် ပဋိပက္ခ

မြန်မာနိုင်ငံတွင် လက်နက်ကိုင် ပဋိပက္ခသည် နှစ်ပေါင်း ၆၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ လွန်ခဲ့သည့် ရာစုနှစ် တဝက်ခန့် အုပ်ချုပ်ခဲ့သည့် စစ်အစိုးရများသည် လက်နက်ကိုင် အတိုက်အခံ အုပ်စုများအား တိုက်ရိုက် စစ်ရေး ထိုးစစ်များနှင့် အပစ်အခတ်ရပ်စဲရေး များကို အသုံးပြုပြီး လှုပ်ရှားမှုများ ရပ်တံ့စေခဲ့သည်။[4] သမိုင်းကြောင်းအရ အပစ်အခတ်ရပ်စဲရေးများသည် နိုင်ငံရေး ပြဿနာများ ပြေလည်ရန် အစပျိုးခြင်းထက် စစ်ရေး သဘောတူညီချက်များသာဖြစ်ပြီး ဆက်လက်တည်ရှိဆဲ ပဋိပက္ခအတွင်း ကျန်ရှိနေသော ဧရိယာများအတွင်း တိုက်ခိုက်ရေး တပ်ဖွဲ့များ ပိုမိုအား ဖြည့်မှုနိုင်စေခဲ့သည်။

၂၀၀၉ ခုနှစ်မှ စတင်၍ မြန်မာ စစ်အစိုးရသည် လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့ အစည်းအတော်များများကို နယ်ခြားစောင့် တပ်ဖွဲ့ BGF အဖြစ် အသွင်ပြောင်းစေခြင်းဖြင့် သူတို့၏ လက်နက်များ ဖြုတ်ကာ အစိုးရ လက်နက်များ တပ်ဆင်ပြီး *တပ်မတော်-ကြည်း* ၏ ဒေသခံ တပ်မှူးများ၏ လက်အောက်ခံများအဖြစ် အသွင်ပြောင်းရန် ကြိုးပမ်းမှုများသည် အကန့်အသတ်ဖြင့်သာ အောင်မြင်မှု ရရှိခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ထိုစဉ်က

---

[3] ဒု-တပ်ရေးချုပ် ဗိုလ်ချုပ်သန်းစိုး၊ တပ်အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ခင်မောင်လှိုင်၊ ကာကွယ်ရေး ဝန်ကြီးဌာန ရုံးတာဝန်ခံ ဦးကျော်သူ၊ အဆင့်မြင့် ဆက်သွယ်ရေး အရာရှိ ဗိုလ်မှူးကြီး စိုးလွင်၊ လက်ထောက် ရှေ့နေချုပ် ဗိုလ်မှူးကြီး အောင်ခင်သိန်း၊ တပ်ရေးချုပ်ရုံး အရာရှိ ဒု-ဗိုလ်မှူးကြီး ထွန်းထွန်းဝင်း၊ သမ္မတ ဥပဒေအကြံပေး ဦးစစ်အေး၊ လူမှု ဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမြတ်ဆက်အောင်၊ လူဝင်မှုကြီးကြပ် ရေးနှင့် လူဦးရေ ဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဦး နှင့် နိုင်ငံခြား ရေးဝန်ကြီးဌာနမှ ဦးကျော်သက်ဆွေ တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

[4] ၁၉၈၉ ခုနှစ်နှင့် ၁၉၉၆ ခုနှစ်များအကြားတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ (SLORC) သည် အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်း ၁၇ ခုနှင့် ခွဲထွက် ပြည်သူ့စစ် အုပ်စု ငယ်လေးများအကြား အပစ်အခတ်ရပ်စဲရေးကို ညှိနှိုင်းနိုင်ခဲ့သည်။ နိုင်ငံတကာ ကပ်ဘေး အုပ်စု (ICG) ၏ မြန်မာ။ ငြိမ်းချမ်းရေး အစပျိုးမှု အသစ်။ ၂၀၁၁ နိုဝင်ဘာ ၃၀ http://www.crisisgroup.org/en/publication-type/media-releases/2011/asia/myanmar-a-new-peace-initiative.aspxတွင်ကြည့်ပါ။

ကန့်သတ်ခံထားရသည့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) က ဆန့်ကျင် သပိတ်မှောက်ခဲ့ပြီး လွတ်လပ်မှုနှင့် သန့်ရှင်းမှု မရှိဟု ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ခံခဲ့ရသော[5] ၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်း ၂၀၁၁ မတ်လတွင် ဦးသိန်းစိန် သမ္မတ ဖြစ်လာခဲ့သည်။ အစိုးရသစ်သည် လက်နက်ကိုင် အဖွဲ့ ၁၄ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ပြန်လည်လုပ်ဆောင်ခဲ့ပြီး ဒေသအတော်များများတွင် လက်နက်ကိုင် တိုက်ခိုက်မှုများ သိသိသာသာ ကျဆင်းသွားခဲ့သည်။ အစိုးရနှင့် အပစ်ရပ် လက်နက်ကိုင်အဖွဲ့များ ပူတွဲပါဝင်သည့် အပစ်အခတ်ရပ်စဲရေး မူကြမ်းရေးဆွဲရေး ကော်မတီကို ၂၀၁၄ မတ်လတွင် ဖွဲ့စည်းခဲ့သော်လည်း တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကိုမူ အကောင်အထည်မဖော်နိုင်သေးပဲ ရှိနေသည်။[6] တချိန်တည်းမှာပင် လက်နက်ကိုင် အတိုက်အခံများအပေါ် စစ်ရေးအရ စစ်ဆင်မှုများ ဆက်လက်ရှိနေခဲ့ပြီး ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် ပိုမို ပြင်းထန် ခဲ့သည်။

ကချင်ပြည်နယ်တွင် ကချင်ပြည် လွတ်လပ်ရေး တပ်မတော် (KIA) နှင့် မြန်မာစစ်တပ် တို့အကြား သုံးနှစ်ကျော်ကြာအောင် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေခဲ့သည်။[7] ၂၀၁၄ ခုနှစ်အတွင်းတွင် တိုက်ပွဲများ ပိုမိုပြင်းထန်လာခဲ့သည်။[8] ထို့အပြင် ရှမ်းပြည်နယ်အတွင်းတွင်လည်း မြန်မာစစ်တပ်နှင့် လက်နက်ကိုင် တပ်ဖွဲ့များ အထူးသဖြင့် ရှမ်းပြည် တပ်မတော် (တောင်ပိုင်း) နှင့် ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) တို့အကြား တိုက်ပွဲများ ကြိုကြားကြိုကြား ဖြစ်ပွားလျက် ရှိသည်။

၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး ခြေလှမ်းများ သည်လည်း နှေးကွေးလျက်ရှိသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဘောင်အတွင်း စစ်တပ်၏ သြဇာအာဏာကြီးမားသော အနေအထားမှာ ပြောင်းလဲမှု မရှိသေးပေ။ (အောက်တွင်ကြည့်ပါ) ၂၀၁၄ ခုနှစ် မေလတွင် NLD နှင့် ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း တို့က မြန်မာစစ်ဖက်အား ဗီတိုအာဏာပေးအပ်ထားသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၃၆ ပြင်ဆင်ရန် ပူးတွဲလှုပ်ရှားမှု တခုကို စတင်ခဲ့သည်။ သို့ရာတွင် ရွေးကောက်ပွဲကော်မရှင်က တာဝန်ထမ်းဆောင်ဆဲဖြစ်သော စစ်တပ် အရာရှိများအား လွှတ်တော်နေရာများ၏ ၂၅ % ပေးထားခြင်းသည် အနာဂတ် အာဏာသိမ်းမှုများကို ကာကွယ်ရန် လိုအပ်သည်ဟု ဆိုက ကာကွယ်ခဲ့သည်။.[9]

---

[5] တင်းကြပ်သော ရွေးကောက်ပွဲ ဥပဒေ၊ မဲဆန္ဒရှင်များအပေါ် ခြိမ်းခြောက်မှုများ၊ နှင့် ဘက်မလိုက်သည့် စောင့်ကြည့်သူများမရှိသည့် အခြေအနေများအပေါ် နိုင်ငံတကာက စိုးရိမ်မှုများ ရှိခဲ့ပြီး ကုလသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံအများအပြားက ပြင်ထန်သော ဝေဖန် မှုများ ရှိခဲ့သည်။ (ကုလသမဂ္ဂ အထွေထွေညီလာခံ၊ အထွေထွေ ညီလာခံ ဆုံးဖြတ်ချက် \[တတိယ ကော်မတီ အစီရင်ခံစာ (A/66/462/Add.3)], မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေ၊ ကုလ စာတမ်း A/RES/66/230, ၂၀၁၂ ခုနှစ် ဧပြီ ၃ ရက်)။

[6] *နိုင်ငံတကာ မြန်မာသတင်း* (BNI), "မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား အဓိပ္ပာယ် ဖော်ခြင်း၊ ၂၀၁၄ ခုနှစ် မတ်လ) http://www.themimu.info/sites/themimu.info/files/documents/Report_Deciphering_Myanmar_Peace_Process_Mar2014.pdf

[7] ၂၀၁၁ ခုနှစ် ဇွန်လအတွင်း နှစ်ဖက်အပြန်အလှန် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီး KIA နှင့် ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲရေးသည် အဆုံးသတ်သွားခဲ့သည်။ ယခင်နှစ်အတွင်းက ကချင်ပြည်နယ်အတွင်း တိုက်ခိုက်မှုများ တိုးများလာခဲ့ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများလည်း တဖြေးဖြေးတိုးမြင့်လာခဲ့သည်။ တိုက်ပွဲများ ဖြစ်ပွားခဲ့သည့် ၂၀၁၁ ခုနှစ် ဇွန်လမှ စတင်၍ ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံ၏ ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်း အရပ်သား ၇၅ ၀၀၀ လောက် အိမ်ယာ စွန့်ခွာခဲ့ရပြီး နောက်ထပ်လူများလည်း လုံခြုံမှု မရှိသော ဒေသများမှ နေ့စဉ်ထွက်ပြေးနေရသည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။

[8] ဧရာဝတီ "မြန်မာစစ်တပ်၏ ကချင် သူပုန်နယ်မြေအတွင်း ကြောက်မက်ဖွယ် ထိုးဖောက်ဝင်ရောက်မှု" ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်။ http://www.irrawaddy.org/burma/burma-army-launches-deadly-incursion-kachin-rebel-territory.html; ဧရာဝတီ "KIA နှင့် အစိုးရ တပ်များအကြား တိုက်ပွဲသစ် များမှ အရပ်သားများ ထွက်ပြေး" ၂၀၁၅ ဇန္နဝါရီ ၁၅ http://www.irrawaddy.org/burma/civilians-flee-fresh-fighting-kia-govt-troops.html

[9] လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေး အဖွဲ့။ မြန်မာနိုင်ငံ- ရွေးကောက်ပွဲ ကော်မရှင်က အတိုင်းအခံများအပေါ် ခြိမ်းခြောက်၊ ခြိမ်းခြောက်ခံ ဒီမိုကရေစီ ဖြစ်စဉ်အား ကန့်သတ်။ အနာဂတ် ရွေးကောက်ပွဲများ၊ ၂၀၁၄ ခုနှစ် ဇွန် ၄ ရက်။ http://www.hrw.org/news/2014/06/04/burma-election-body-intimidating-opposition

## 1.2 လူမှု စီးပွားရေး အခြေအနေ

မြန်မာနိုင်ငံသည် ကမ္ဘာတွင် အဆင်းရဲဆုံးနှင့် ဖွံ့ဖြိုးတိုးတက်မှု မရှိဆုံး နိုင်ငံအဖြစ် ကျန်ရှိနေဆဲဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ကုလသမဂ္ဂသည် သူ၏ လူသား ဖွံ့ဖြိုးမှု အညွှန်းတွင် မြန်မာနိုင်ငံကို နိုင်ငံပေါင်း ၁၈၇ နိုင်ငံတွင် ၁၄၉ နိုင်ငံအဖြစ် သတ်မှတ်ထားသည်။[10] တာဝန်ယူသည့်အချိန်မှ စ၍ သမ္မတ ဦးသိန်းစိန်သည် ဆင်းရဲမွဲတေမှု လျော့ချရေးနှင့် ကျန်းမာရေး ပညာရေးများ တိုးတက်ရေးတို့ကို ကတိကဝတ်ပြုခဲ့ပြီး အမျိုးသား ကျေးလက် ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျော့ချရေး စီမံကိန်း (၂၀၁၁-၁၅) ကို ချမှတ်ခဲ့သည်။ ယင်းတွင် ဆင်းရဲမှု နှုန်းကို ၂၀၁၅ တွင် ၁၆ ရာနှုန်း လျော့ချရန် ရည်မှန်းထားသည်။[11] ၂၀၀၉-၁၀ ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ် (UNDP) မိသားစု စစ်တမ်းအရ စုစုပေါင်း လူဦးရေ၏ ၂၅ %မှာ ဆင်းရဲမှုလိုင်း အောက်တွင် နေထိုင်နေကြရသည်။ ထည့်သွင်းစဉ်းစားသင့်သည့် ကွဲပြားခြားနားမှုမှာ ကျေးလက်နှင့် မြို့ပြ ဧရိယာများအကြား တွင် ရှိနေသည်။ ကျေးလက်ဒေသများတွင် ဆင်းရဲမွဲတေမှုမှာ ၂ ဆခန့် (၂၉%) ရှိပြီး မြို့ပြ (၁၅%) နှင့် နှိုင်းယှဉ်နိုင်သည်။[12]

မကြာသေးခင်က စီးပွားရေး ဖြစ်ပေါ်တိုးတက်မှုများသည် လူမှုရေးနှင့် အခြေခံ အဆောက်အဦး ဖွံ့ဖြိုးရေးအတွက် လုံလောက်သော ရင်းနှီးမြှုပ်နှံမှုများ အထူးသဖြင့် တိုင်းရင်းသား လူနည်းစုများ နေထိုင်သော နေရာများတွင် ဖြစ်ပေါ်မလာပဲ ရှိမည်ကို စိုးရိမ်မှုများ ရှိနေသည်။[13] အထူးသဖြင့် စီးပွားရေး ကြွယ်ဝချမ်းသာမှုကို ရယူနိုင်ရန် အစိုးရ၏ ဆက်လက်တည်ရှိနေသော သဘာဝ အရင်းအမြစ်ထုတ်လုပ်မှု ဒေသများတွင် ဒေသခံ ကျေးလက် ပြည်သူများနှင့် ဗဟိုအစိုးရကြား တင်းမာမှုများ မြင့်တက်လာနေသည်။[14] ရောမ သတ္တု တူးဖော်ရေး နှင့် အခြား စီမံကိန်းများသည် မြေယာ အခွင့်အရေးကို သိသိသာသာ ချိုးဖောက်ပြီး ဒေသခံ လူ့အဖွဲ့အစည်းများ၏ စားဝတ်နေမှုကို ဖျက်ဆီး ပစ်မည်ကို ကျယ်ကျယ်ပြန့်ပြန့် စိုးရိမ်မှုများ ရှိနေသည်။[15]

အစိုးရပိုင် သတင်းစာတွင် ဖော်ပြထားသော မြန်မာ့ စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက ပြုလုပ်သည့် စစ်တမ်းအရ လက်ရှိ အလုပ်လက်မဲ့ နှုန်းထားမှာ ၄၀ ရာနှုန်း နီးပါးရှိနေသည်။[16] နောက်ခံ အခြေအနေနှင့် ဆန့်ကျင်လျက် စစ်တပ်၏ အရပ်သားများအပေါ် အကြီးမားဆုံးနှင့် အကျယ်ပြန့်ဆုံး ချိုးဖောက်မှုများမှ တခုမှာ အခမဲ့ အဓမ္မ အလုပ်စေခိုင်းခြင်း ဖြစ်သည်။[17] ၂၀၁၂ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် မြန်မာအစိုးရသည် အိုင်အယ်လ်အို

---

[10] UNDP။ *မြန်မာ နိုင်ငံ အကြောင်း။ လူသား ဖွံ့ဖြိုးမှု အညွှန်းများ ၂၀၁၃။*

[11] ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ (HRC) ။ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူး ကိုယ်စားလှယ်၏ တိုးတက်မှု အစီရင်ခံစာ။ ကုလ စာတမ်း။ A/HRC/19/67၊ ၂၀၁၂ ခုနှစ် မတ်လ ၇ ရက်။ စာပိုဒ် ၄၇။

[12] မြို့ပြဒေသများတွင် နေထိုင်သူများ၏ ၈၉ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် ကျေးလက်ဒေသများတွင် နေထိုင်သူ လူဦးရေ၏ ၃၄ ရာနှုန်းသာ လျှပ်စစ်မီးရရှိသည်။ ကျေးလက်ဒေသတွင် နေထိုင်သူများမှာ "အစားအစာ ဆင်းရဲမှု" မျဉ်း အောက်တွင် နှစ်ဆမျှ ကျရောက်နေသည်။ (အလွန်အမင်း ဆင်းရဲခြင်း အညွှန်းဖြစ်သည်)(မြန်မာနိုင်ငံ အတွင်း (UNDP)၏ မိသားစု နေထိုင်မှု အခြေအနေ ပေါင်းစပ် စစ်တမ်း၊ ၂၀၀၉-၂၀၁၀)

[13] ကြည့်ပါ။ ဗစ်ကရမ် နေရူး (Vikram Nehru)၊ "မြန်မာနိုင်ငံ၏ ဦးစားပေး စီးပွားရေး ငါးမျိုး"၊ နိုင်ငံတကာ ငြိမ်းချမ်းရေးအတွက် ကာနက်ဂျီအထောက်အကူ ၂၀၁၂ ခုနှစ် ဧပြီ ၂၃ ရက်၊ http://carnegieendowment.org

[14] ကြည့်ပါ။ ဧရာဝတီ "မြန်မာနိုင်ငံတောင်ပိုင်း ကျေးရွာသားများ တရုတ် နောက်ခံ ရေနံစက်ရုံကို ဆန့်ကျင်ကန့်ကွက်"၂၀၁၄ ဧပြီ ၂၉ ရက်။ http://www.irrawaddy.org/burma/villagers-southern-burma-protest-chinese-backed-oil-refinery.html

[15] UNHRC၊ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး အခြေအနေ အပေါ် အထူး ကိုယ်စားလှယ်၏ အစီရင်ခံစာ၊ ကုလ။ စာရွက်စာတမ်း။ A/HRC/25/64၊ ၂၀၁၄ ခုနှစ် ဧပြီ ၂ ရက်၊ စာပိုဒ် ၂၇-၃၂

[16] *အလဲဗင်း* မြန်မာ၊ "မြန်မာ အလုပ်လက်မဲ့နှုန်း ၄၀ ရာနှုန်းနီးပါးရှိ၊ လေ့လာမှုမှ တွေ့ရှိ။" 2013 ခုနှစ် ဇန္နဝါရီ ၂၄ ရက်။ http://www.elevenmyanmar.com/index.php?option=com_content&view=article&id=2230:myanmar-unemployment-rate-near-40-percent-study-finds&catid=33:business&Itemid=356

[17] ကြည့်ပါ။ လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့ (HRW)။ လူသေများ လမ်းလျှောက်ခြင်း၊ မြန်မာ နိုင်ငံ အရှေ့ဖက်ခြမ်း ရှေ့တန်းနယ်မြေများတွင် ရာဇဝတ်မှု ကျူးလွန်သူ ပေါ်တာ အထမ်းသမားများ ၂၀၁၁ ခုနှစ် ဇူလိုင် ၁၃ ရက်။ http://www.hrw.org/news/2011/07/12/burma-war-crimes-against-convict-porters

အဖွဲ့နှင့် သဘောတူညီချက်အသစ်တရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မအလုပ်စေခိုင်းမှုများကို ၂၀၁၅ တွင်အပြီး ဖယ်ရှားရန် ကတိပြုခဲ့သည်။

ကျန်းမာရေးနှင့် ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုမှာ အလွန်အမင်း နည်းပါးနေသည်။[18] ကျန်းမာရေးနှင့် ပညာရေးအပေါ်တွင် အများ ပြည်သူ ပိုင် ငွေ သုံးစွဲမှု အကန့်အသတ် အပေါ်တွင် မြန်မာအစိုးရအား ယင်း မညီမျှမှုအား ဖြေရှင်းရန် တိုက်တွန်းခဲ့သော ကုလသမဂ္ဂ ကလေးအခွင့်အရေး ကော်မတီ (CRC) က စိုးရိမ် ပူပန် မှုကိုပေါ်လွင် ထင်ရှား စေခဲ့သည်။[19] အစိုးရအနေဖြင့် ပညာရေး ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ရန် ရည်မှန်းချက်ကို ဖော်ထုတ်ပြီး ပညာရေးအပေါ် ဘတ်ဂျက် သုံးစွဲမှုကို ၂၀၁၂ ခုနှစ်အတွင်း ယခင် ၂.၉၃ ရာနှုန်းမှ ၄.၉၀ ရာနှုန်းသို့ တိုးမြှင့်ခဲ့သည်။[20]၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် လူမှု ဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနက အကြမ်းဖက်မှု၊ ချိုးဖောက်မှု၊ လျစ်လျူရှုမှုနှင့် အဟာရချို့တဲ့မှု အန္တရာယ်ရှိနေသော ကလေးများအား သတ်မှတ် ဖော်ထုတ် လွှဲပြောင်းရန် ဖြစ်ရပ် စီမံခန့်ခွဲမှု ပူးပေါင်း ဝန်ဆောင်မှုများကို လက်ခံပြီး ကလေးကာကွယ်ရေးကို ပံ့ပိုးရန် အပါအဝင် ကဏ္ဍများစွာပါ လူမှု ကာကွယ်ရေး မဟာဗျူဟာ တရပ်ကို ချမှတ်ခဲ့သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း စုစုပေါင်း ကျောင်းဝင်သည့် ကလေး အရေအတွက် မြင့်တက်ခဲ့သော်လည်း[21] အရည်အသွေးပြည့်မီသော ပညာရေး ရရှိနိုင်မှုမှာ အကန့်အသတ် ကြီးမားနေဆဲဖြစ်သည်။ မူလတန်းအရွယ် ကလေးများ၏ ၅၄ ရာနှုန်း သာလျှင် မူလတန်းပညာရေးကို သတ်မှတ်ထားသော အသက်အရွယ်တွင် ပြီးဆုံးပြီး ကလေးများ၏ ၃၂ ရာနှုန်းသာလျှင် အထက်တန်း ပညာရေးကို တက်ရောက်နိုင်သည်။ ထို့အပြင် မိသားစုများသည် သွယ်ဝိုက်သော ကျောင်းလခများကို ပေးနေကြရသည်။ လစာနည်းပါးကြောင့် လေ့ကျင့်ထားသော ဆရာ အရေအတွက် နည်းပါးနေပြီး လူနည်းစု ဘာသာစကား သင်ကြားနိုင်သော ကျောင်းများနည်းပါးခြင်း(သင်ကြားရေး ဝန်ထမ်းနှင့် သင်ထောက်ကူပစ္စည်း နှစ်မျိုးလုံး) ဖြစ်နေသည်။[22]

ပညာရေးကို သက်ရောက်စေသော အကြောင်းအရာများသည် ကျေးလက်ဒေသများ တွင် ပိုမိုများပြားသည်။ လက်နက်ကိုင် ပဋိပက္ခနှင့် အစိုးရ၏ လစ်လျူရှုမှုသည် အခြေခံ စားဝတ်နေမှု စံချိန်စံညွှန်းများနှင့် ဝန်ဆောင်မှုပေးမှုများကို ထိခိုက်စေပြီး သိသားထင် ရှားသော ပညာရေး ကွာဟမှုကို ဖြစ်စေသည်။ ဥပမာအားဖြင့်- တနိုင်ငံလုံး အထက်တန်းပညာရေး လက်လှမ်းမီမှုအတိုင်းအတာမှာ ၃၄ ရာနှုန်း ရှိသည်။ တနိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်မှုတွင် ကျယ်ပြန့်သော ကွဲပြားမှုများ တွေ့ရသည်။ မြို့ပြဒေသများတွင် အထက်တန်းပညာရေးကို ၆၁ ရာနှုန်းက လက်လှမ်းမီသည့် အချိန်တွင် ကျေးလက်ဒေသများတွင် ၂၄ ရာနှုန်းသာ ရှိသည်။[23] အလားတူ ကွာဟမှုကို ကျောင်းဝင်မှု၊ စာတတ်မြောက်မှုနှင့် ပညာရေး ရရှိမှု တွင်လည်း ဖြစ်ပေါ်နေသည်။

---

[18] ၂၀၁၂-၁၃ ဘတ်ဂျက်နှစ်တွင် ကျန်းမာရေး ကဏ္ဍသည် ဝန်ကြီးဌာနများနှင့် အစိုးရဌာနများ စုစုပေါင်း သုံးစွဲငွေ၏ ၆ ရာနှုန်းအောက်တွင် ရှိနေပြီး လက်ရှိ သုံးစွဲငွေ ၏ ၅ ရာနှုန်းသာ ရှိသည်။ ပညာရေးကဏ္ဍသည် စုစုပေါင်း အစိုးရ သုံးစွဲငွေ၏ ၁၁ ရာနှုန်းရှိသော်လည်း စုစုပေါင်း GDP၏ ၁.၅ ရာနှုန်းသာ ရှိသည်။ UNICEF၊ *မြန်မာနိုင်ငံတွင် လူမှုရေးကဏ္ဍ လူထု ဘတ်ဂျက်ချမှတ်ခြင်းနှင့် သုံးစွဲခြင်း၊* ၂၀၁၃ *ခုနှစ်။* http://www.unicef.org/eapro/Social_Sector_Public_Budget_Allocati ons_and_Spending_in_Myanmar_.pdf

[19] ကလေးအခွင့်အရေးကော်မတီ (CRC)၊ကလေး အခွင့်အရေးသဘောတူညီချက်အောက်တွင် မြန်မာနိုင်ငံဆိုင်ရာတတိယနှင့် စတုတ္ထ ပူးပေါင်း အစီရင်ခံစာတွေ့ရှိချက်များသုံးသပ်ချက်။ ကုလစာတမ်း။ CRC/C/MMR/CO/3-4၊ ၂၀၁၂ ခုနှစ် မတ်လ ၁၄ ရက်။ စာပိုဒ် ၁၇-၁၈

[20] မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး အခြေအနေ အပေါ် အထူး ကိုယ်စားလှယ်၏ အစီရင်ခံစာ၊ ကုလစာရွက်စာတမ်း။ A/67/383၊ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၅ ရက်။

[21] အထက်တန်း ပညာရေးတွင် စုစုပေါင်း ကျောင်းဝင် ဦးရေသည် ၃၅.၆ ရာနှုန်းမှ ၅၀.၈ ရာနှုန်းအထိ တိုးတက်လာသည်။ (အာရှနှင့် ပစိဖိတ်ဒေသ ကုလ စီးပွားရေးနှင့် လူမှု ကော်မရှင်)

[22] ကလေးအခွင့်အရေးကော်မတီ (CRC)၊ကလေး အခွင့်အရေးသဘောတူညီချက်အောက်တွင် မြန်မာနိုင်ငံဆိုင်ရာတတိယနှင့် စတုတ္ထ ပူးပေါင်း အစီရင်ခံစာတွေ့ရှိချက်များသုံးသပ်ချက်။ ကုလစာတမ်း။ CRC/C/MMR/CO/3-4၊၂၀၁၂ ခုနှစ် မတ်လ ၁၄ရက်။ စာပိုဒ် ၇၅

[23] "လက်လှမ်းမီမှု" သည် စာသင်ကျောင်းနှင့် တနာရီ ခြေလျင်ခရီး အကွာအဝေး တွင် ရှိသူများအတွက်ပါ ငြင်းပယ်ခံရမှု ရှိနေသည်။ (မြန်မာနိုင်ငံ အတွင်း (UNDP)*၏ မိသားစု နေထိုင်မှု အခြေအနေ ပေါင်းစပ် စစ်တမ်း၊ ၂၀၀၉- ၂၀၁၀*)

မြန်မာအစိုးရအနေဖြင့် အိုင်အယ်အို ၁၉၉၉[24] အဆိုးဆုံးပုံစံ ကလေးလုပ်သားသဘော တူညီချက် အမှတ် ၁၈၂ ကို လက်မှတ်ရေးထိုးထားသော်လည်း ကလေးလုပ်သားနှုန်း မြင့်မားမှုသည် ကျောင်းဝင်နှုန်းနည်းပါးမှုကို ဖြည့်စွက်တိုးပွားစေ ကာ ဆင်းရဲသော ကလေးများအကြားတွင် ၁၈ ရာနှုန်းအထိ ရှိနေသည်။[25] ကလေးအများအပြားမှာ စက်ရုံများ၊ လက်ဖက်ရည်ဆိုင်များနှင့် စီးပွားရေး လုပ်ငန်းများတွင် အလုပ်လုပ်နေကြရသည်။ သူတို့သည် နာရီပေါင်း ကြာရှည်စွာလုပ်ရပြီး လုပ်ခလစာ အလွန်နည်းပါးသည့် အခြေအနေများလည်း ကြုံတွေ့နေရသည်။[26] အလုပ်လုပ်သည့် ကလေးများသည် ယေဘူယျအားဖြင့် ဆင်းရဲသော မိသားစု များမှ ဖြစ်ပြီး လုပ်ခနည်းပါးသော၊ မတည်ငြိမ်သော၊ နေ့စား၊ ရာသီအလိုက်နှင့် ကျွမ်းကျင် မှု မလိုအပ်သော အလုပ်များတွင် မှီခိုလုပ်ကိုင်ကြရသည်။ ကလေးများ၏ ဝင်ငွေသည် မကြာခဏပင် မိသားစု၏ အရေးကြီးသော ထောက်ပံ့မှု ဖြစ်နေတတ်သည်- အစားအစာ ရရှိနိုင်မှုနှင့် အတိုးနှုန်းမြင့်မားသော မိသားစု အကြွေးများ ပြန်လည်ပေးဆပ်ခြင်း နှစ်မျိုးလုံးဖြစ်သည်။[27]

## 1.3 *တပ်မတော်*

မြန်မာစစ်တပ် *(တပ်မတော်)*သည် ၁၉၆၂ ခုနှစ်တွင် နိုင်ငံကို ထိန်းချုပ်ခဲ့ပြီး ထိုအချိန် မှစ၍ နိုင်ငံရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို စိုးမိုးချုပ်ကိုင်ခဲ့သည်။[28] ထိုအချိန်မှ စ၍ *တပ်မတော်၏* အဓိက ရည်မှန်းချက်အဖြစ် ကြွေးကျော်သံမှာ "(မြန်မာ) ပြည်ထောင်စု မပြိုကွဲရေး" နှင့် အချုပ်အခြာကို ကာကွယ်ရေး ဖြစ်သည်။[29] ယင်းသည် ပိုမိုကျယ်ပြန့်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့် နှင့်/သို့ ဒီမိုကရေစီကို လိုလားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအပေါ် သောင်းကျန်းမှု ဆန့်ကျင်ရေး လုပ်ငန်း များအပေါ် အဓိက အားစိုက်မှုကို ခိုင်မာစေသည်။[30] ၁၉၈၈ ခုနှစ် နိုင်ငံတဝှမ်း ဒီမိုကရေစီ ဆန္ဒပြမှုများကို ချေမှုန်းအပြီးတွင် အာဏာရ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ (SLORC) သည် လက်နက်ကိုင် တပ်ဖွဲ့များ ခေတ်မီတိုးတက်ရေးအတွက် ရည်ရွယ်ချက်ကြီးမားသော အစီအစဉ်များနှင့် လက်နက်ကိုင် တပ်ဖွဲ့များ တိုးချဲ့ရေးကို ကြီးကြီး ကျယ်ကျယ် လုပ်ဆောင်ခဲ့သည်။ ယင်းသည် လစာငွေ ပေးမှုနှင့် အခြေအနေများသည် နည်းပါးခြင်းကြောင့် တပ်ပြေးမှု နှုန်းမြင့်မားမှုကို ဖြစ်စေခဲ့သော်လည်း စစ်သား စုဆောင်းရေးလိုအပ်ချက်ကို အလွန်အမင်းကြီးမားစေခဲ့သည်။

မကြာသေးမီ ဆယ်စုနှစ်များအတွင်း ကာကွယ်ရေး သည် အစိုးရ အသုံးစားရိတ်၏ အကြီးမားဆုံး အစိတ်အပိုင်းကို သုံးစွဲခဲ့သော်လည်း သမ္မတ ဦးသိန်းစိန် တာဝန်ယူချိန် မှစတင်၍ စစ်ရေး သုံးစွဲမှု လျော့ကျလာပြီး ၂၀၁၄ ခုနှစ် ဘတ်ဂျက်တွင် အမျိုးသား ဘတ်ဂျက်၏ ၁၂ ရာနှုန်းသာရှိပြီး ၂၀၁၁ ခုနှစ်က ၂၃ ရာနှုန်းမှ ကျဆင်းလာခြင်း ဖြစ်သည်။ ၎င်းသည် တင်ပြထားသော ကျန်းမာရေးနှင့် ပညာရေး အသုံးစားရိတ်များထက် များနေဆဲဖြစ်သည်။[31]

---

[24] မြန်မာနိုင်ငံက သဘောတူညီချက်ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ http://www.ilo.org/global/standards/information-resources-andpublications/news/WCMS_233060/lang--en/index.html

[25] UNICEF၊ *မြန်မာနိုင်ငံရှိ ကလေးများ* http://www.unicef.org

[26] UNICEF၊ op.cit.

[27] UNICEF နှင့် အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံရှိ ကလေးများ အခြေအနေ သုံးသပ်ချက် http://www.unicef.org/eapro/Myanmar_Situation_Analysis.pdf

[28] မောင်အောင်မျိုး "တပ်မတော် တည်ဆောက်ခြင်း၊ ၁၉၄၈ ခုနှစ်မှ စတင်၍ မြန်မာလက်နက်ကိုင် တပ်ဖွဲ့များ" *အရှေ့တောင်အာရှ လေ့လာရေး ဌာန၊ ၂၀၀၉ ခုနှစ်၊ စာ- ၇၃။*

[29] ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ အခန်း ၇။

[30] မောင်အောင်မျိုး op.cit. စာ-၆၁။ တင်မောင်မောင်သန်း၊ *အာရှ-ပစိဖိတ် နိုင်ငံများ လုံခြုံရေး မြင်ကွင်း နှင့် ကာကွယ်ရေး ကဏ္ဍအပေါ် သက်ရောက်မှုများ၊* အမျိုးသား ကာကွယ်ရေး လေ့လာရေး ဌာန၊ ၂၀၁၀ ခုနှစ်၊ စာ- ၁၂၄-၁၂၅။

[31] *ဧရာဝတီ။* "မြန်မာ့ကာကွယ်ရေး ဝန်ကြီးဌာန အသုံးစားရိတ် တင်ပြ"၊ ၂၀၁၅ ခုနှစ် ဇန္နဝါရီ ၁၅ ရက်။ http://www.irrawaddy.org/burma/burma-defense- ministry-puts-forward-budget-request.html

စစ်အုပ်ချုပ်ရေး ဆယ်စုနှစ်များ နောက်တွင် မြန်မာနိုင်ငံသည် အရပ်သား တပိုင်း အုပ်ချုပ်ရေးသို့ အသွင်ကူးပြောင်းမှုကို စတင်လာခဲ့သည်။ နေ့စဉ်ဘဝ အုပ်ချုပ်ရေး လုပ်ငန်းများတွင် တပ်မတော်သည် အကြီးအမှူး မဟုတ်တော့ပဲ ယင်း၏ ဆုံးဖြတ်ချက်ချမှတ်မှု အခွင့်အာဏာကို သိသိသာသာ လျော့ချလိုက်သည် ဟု ဆိုသည်။[32] သို့ရာတွင် ယင်းသည် လက်ရှိဖြစ်ပေါ်နေသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။[33] သူ၏ စစ်ရေး အင်အားအပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာနှင့် နိုင်ငံရေး ဩဇာ အာဏာ ကြီးမားဆဲဖြစ်သည်။ စစ်တပ်အရာရှိများသည် ရွေးချယ်တင်မြှောက်ခြင်း မရှိသော ပြည်ထောင်စုနှင့် ဒေသ/ပြည်နယ် လွှတ်တော်များ၏ ၂၅ % နေရာများ ရယူ ထားပြီး ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးများ ခန့်ထားမှုတွင် ဦးဆောင်ကဏ္ဍကို ရယူထားသည်။[34]

## 1.4 *တပ်မတော်-ကြည်း* ဖွဲ့စည်းပုံနှင့် အင်အား

တပ်မတော်တွင် စစ်တပ် (*တပ်မတော်-ကြည်း*)၊ ရေတပ် (*တပ်မတော်-ရေ*)၊ နှင့် လေတပ် (*တပ်မတော်-လေ*)တို့ ပါဝင်သော်လည်း စစ်တပ်က ကြီးစိုးထားသည်။ ခြေလျင် တပ်ဖွဲ့များကို အခြေခံထားပြီး ငြိမ်ဝပ်ပိပြားမှုနှင့် သောင်းကျန်းသူ ဆန့်ကျင်ရေး ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်သည်။ ကဏ္ဍသုံးရပ်ရှိ တပ်ဖွဲ့ဝင် အင်အားအချိုးမှာ ၂၀း၁း၁ ရှိသည်။[35] *တပ်မတော်-ကြည်း*တွင်ရှိသော တပ်ဖွဲ့ဝင် အင်အားစာရင်းကို တရားဝင် ကိန်းဂဏန်းများ ရရှိနိုင်ခြင်း မရှိပါ။ သို့သော်လည်း အချိန်ပြည့်တာဝန်ထမ်းဆောင်သော တပ်ဖွဲ့ဝင် အင်အား ခန့်မှန်းချက် မှာ ၄ သိန်းမှ ၄ သိန်းခွဲအတွင်း ရှိသည်။[36] ယင်းမှာ ၇၂၀၀ ခန့်ရှိသော အရံတပ်ဖွဲ့များ အပြင်ထပ်မံ ၍ ဖြစ်သည်။[37] ယင်းခန့်မှန်းချက်များမှာ ဖောင်းပွနေနိုင်ပြီး *တပ်မတော်-ကြည်း*၏ တိုက်ခိုက်ရေး စွမ်းရည်ကို ချဲ့ကား ပြောဆိုထားခြင်းများ ရှိနိုင်သည်။[38] တပ်ရင်းများမှာ တခါတရံတွင် အင်အားပြည့်မရှိပဲ တချို့ နေရာများတွင် သတ်မှတ်ထားသော အရွယ်အစား၏ ၁၅ % သာ ရှိသည်။[39] တပ်မတော်အပြင် တပ်မတော် အရာရှိ ၃၀ နီးပါးနှင့် ယခင် လက်နက်ကိုင် အုပ်စု များ၏ အဖွဲ့ဝင်ဟောင်းများ ၃၃၀ ခန့်ပါဝင်သော သိရှိထားသည့် နယ်ခြားစောင့်တပ်ဖွဲ့ ၂၃ ဖွဲ့ ရှိသည်။[40]

ကာကွယ်ရေး ဌာနများ တပ်မှူးချုပ်သည် စစ်တပ်၏ အကြီးအမှူးဖြစ်ပြီး သမ္မတက အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ၏ အတည်ပြုချက်ဖြင့် ခန့်အပ်သည်။[41] ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်များ အရ အရေးပေါ် အခြေအနေတွင် ကာကွယ်ရေး ဦးစီးချုပ်သည် နိုင်ငံတော် အချုပ်အချာအာဏာကို ရယူကျင့်သုံးပိုင်ခွင့် ရှိသည်။ [42]

---

[32] ICG၊ *မြန်မာ့စစ်တပ်။ စစ်တမ်းလျားသို့ ပြန်မည်လား*။ ၂၀၁၄ ခုနှစ် ဧပြီ။ http://www.crisisgroup.org/en/regions/asia/south-east-asia/myanmar/b143- myanmar-s-military-back-to-the-barracks.aspx

[33] ဧရာဝတီ၊ *မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသား ပဋိပက္ခများ အဆုံးသတ်ရမည်ဟု စစ်တပ် ဦးစီးချုပ်က ပြော*၊ ၂၀၁၄ ခုနှစ် မတ်လ ၂၇ ရက်။

[34] မြန်မာ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ၂၀၀၈။ ပုဒ်မ ၂၃၂ (ခ) (၂) (၃)နှင့် (ဂ)

[35] တင်မောင်မောင်သန်း။ op.cit.၊ စာ- ၂၀၁။

[36] ၂၀၁၄ ခုနှစ်အတွင်း နိုင်ငံတကာ ကလေးစစ်သားများ အဖွဲ့မှ ရရှိထားသော လျှို့ဝှက် ခန့်မှန်းချက်။

[37] ဂျိန်း ဆန်တီနယ် (Jane's Sentinel) ၊ *လုံခြုံရေး စမ်းစစ်ချက်။ အရှေ့တောင်အာရှ*၊ ၂၀၁၂ ခုနှစ် မတ်လ ၂၇ ရက် မတ်လ ၂၀၁၂ ။

[38] ဂျိန်းဆန်တီနယ် (Jane's Sentinel)၊ op.cit.

[39] မောင်အောင်မျိုး၊ op.cit.၊ စာ ၇၈။

[40] BNI၊ *မြန်မာငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာမှု၊ နယ်ခြားစောင့်တပ်ဖွဲ့အစီအစဉ်*။ http://www.mmpeacemonitor.org/background/border-guard-force

[41] ကောင်စီတွင် ကာကွယ်ရေး ဝန်ကြီးဌာနနှင့် အဆင့်မြင့် စစ်တပ်အရာရှိကြီးများနှင့် အတူ အစိုးရ ဝန်ကြီးများနှင့် လွှတ်တော်အမတ်များ ပါဝင်သည်။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ၂၀၀၈၊ အခန်း ၃၄၂။

စစ်ဦးစီးချုပ်၏ အောက်တွင် အထူးစစ်ဆင်ရေး ဌာနချုပ် ၇ ခု ရှိပြီး စစ်တိုင်းဒေသကြီး ၁၄ ခုကို ကြီးကြပ်သည်။ စစ်တိုင်းဒေသကြီးများကို ပထဝီ ဒေသများအတိုင်း သတ်မှတ်ထားပြီး တည်ဆောက်ဖွဲ့ စည်းပုံမှာ ကွဲပြားခြားနားမှုများ ရှိသည်။ စစ်တိုင်းဒေသကြီး အများစုသည် တပ်ရင်း ၁၀ ရင်းပါဝင်သော ခြေမြန်ဌာနချုပ် တခု၊ စစ်ဆင်ရေး ဌာနချုပ် (တပ်ရင်း ၁၀ ရင်းစီ ပါဝင်သည်) နှစ်ခု သို့မဟုတ် သုံးခု၊ နှင့် (တပ်ရင်း ၄ ရင်းစီပါသော) တူညီမှုမရှိသော စစ်ဗျူဟာ အရေအတွက်များကို ကြီးကြပ်သည်။

*တပ်မတော်ကြည်း၏* အင်အားသည် စိတ်ဓါတ်နည်းပါးခြင်း၊ (အထူးသဖြင့် အောက်ခြေ အဆင့်များ) ကြောင့် တပ်ပြေးများ များပြားသဖြင့် လျော့နည်းစေကာ အထူးသဖြင့် အချို့သော ခြေလျင်တပ်ရင်များတွင် အစဉ်တစိုက် စစ်သား စုဆောင်းရေး လိုအပ်နေသည်။[43] ၂၀၁၂ ခုနှစ်တွင် အခြား အစိုးရ ဌာနများနည်းတူ စစ်သားများ၏ လစာငွေကို တိုးမြှင့် ခဲ့သော်လည်း မိမိသဘောဆန္ဒဖြင့် စစ်တပ်သို့ ဝင်ရောက်ခြင်းမှာ နည်းပါးနေဆဲ ဖြစ်သည်။[44] ယင်းသည် ဝန်ဆောင်မှု ချို့တဲ့ခြင်းနှင့် ပဋိပက္ခဒေသများတွင် တာဝန်ချထားခြင်းကြောင့် ဖြစ်သည်။ ပဋိပက္ခဒေသများတွင် နေရာချထားသည့်အခါ အထူးသဖြင့် သောင်းကျန်းသူ ဆန့်ကျင်ရေး စစ်ဆင်ရေးများတွင် ရိက္ခာနှင့် ခဲယမ်း ဖြည့်စည်းမှု၊ ဆေးဖက် ဆိုင်ရာ ရွှေ့ပြောင်းမှု၊ အာမခံချက် မရှိချေ။[45] တကြိမ်စာရင်းသွင်းပြီးပါက စစ်သားသစ်များသည် အနည်းဆုံး ၅ နှစ်တာဝန်ထမ်းဆောင် ရမည်ဖြစ်သော်လည်း လက်တွေ့တွင်မူ အမျိုးသား လုံခြုံရေး အခြေခံပေါ်တွင် အချို့သော စစ်သားများမှာ ၅ နှစ်ကျော်လွန်သော်လည်း တပ်ထွက်ခွင့်မရကြောင်း သတင်းများ ရရှိသည်။[46] စစ်သားစုဆောင်းရေးအတွက် ဖိအားကြောင့် အသက်မပြည့်သော စုဆောင်းမှုများ ရှိလာသည်။ ခြေလျင်တပ်များသည် ကလေး စစ်သားစုဆောင်းမှု အမြင့်ဆုံးဖြစ်ကြောင်း အစီရင်ခံမှုများ ရရှိသည်။ အခြားသော *တပ်မတော်-ကြည်း* ဌာနခွဲများဖြစ်သည့် ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင် ရေး၊ နှင့် လေ့ကျင့်ရေးနှင့် ဆက်သွယ်ရေးတို့တွင် နေထိုင်မှု အခြေအနေများ သာလွန်ပြီး တစုံလုံး လစာ တိုးမြှင့်မှုကြောင့် စစ်သားစုဆောင်းမှုသည် အတင်းအဓမ္မစုဆောင်းမှု နည်းပါးသည်။

*တပ်မတော်-ကြည်း*မှ ထွက်ပြေးလာသော ယခင် ကလေးစစ်သားများနှင့် တွေ့ဆုံမေးမြန်းမှုများက တပ်မှူးများ၏ ပြင်းထန်သော စည်းကမ်းချမှတ်မှုများကို ညွှန်းပြနေသည်။ တပ်သားသစ်များအပေါ် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဆိုးရွားသော ဆက်ဆံမှုများသည် တခါတရံတွင် တပ်ပြေးနှုန်း မြင့်မားရသည့်အကြောင်းရင်းများ ဖြစ်နေသည်။ ရိုက်နက်ခြင်းများ၊ နှုတ်ဖြင့် ချိုးဖောက်ခြင်းများနှင့် ပြင်းထန်သော အပြစ်ပေး အရေးယူမှုများသည် စည်းကမ်းတင်းကြပ်ရာတွင် မကြာခဏ အသုံးပြု လေ့ရှိသည်။[47]

## 2. *တပ်မတော်-ကြည်း*တွင် ကလေးစစ်သား စုဆောင်းမှုနှင့် အသုံးပြုမှု။

### 2.1 အသက်မပြည့်သူ စစ်သားစုဆောင်းမှုအပေါ် တွန်းအားများ

---

[42]မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ၂၀၀၈၊ အခန်း ၄၀ (ဂ)။

[43]လျှို့ဝှက် မေးမြန်းမှုများအရ တိုက်ခိုက်ရေး ဌာနများဖြစ်သည့် ခြေလျင်တပ်ကဲ့သို့ ဌာနများအတွက် စစ်သားစုဆောင်းမှုသည် ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေး ကဲ့သို့ အခြား ဌာနများထက် နည်းပါးသည်။

[44] AFP၊ *မြန်မာစစ်တပ်၊ အစိုးရ ဝန်ထမ်းများ လစာတိုးခြင်း။* ၂၀၁၂ ခုနှစ် မတ်လ ၁၄ ရက်။ http://news.asiaone.com/News/AsiaOne+News/Asia/Story/A1Story20120314-333489.html

[45] မောင်အောင်မျိုး။ op.cit၊ စာ ၂၀၁။

[46]နိုင်ငံတကာ ကလေးစစ်သား စုဆောင်းရေး အဖွဲ့၊ ရန်ကုန်ရှိ အိုင်အယ်လို လက်ထောက် ကိုယ်စားလှယ်နှင့် အင်တာဗျူး၊ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၄ရက်။

[47]နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့။ ကလေးစစ်သားဟောင်းများနှင့် တွေ့ဆုံမေးမြန်းမှုများ၊ ထိုင်းနိုင်ငံ၊ ၂၀၁၁ခုနှစ်။

သက်ဆိုင်ရာ မလုံခြုံမှုနှင့် တိုးမြင့် ထိုးစစ်များကြောင့် လက်ရှိ လက်နက်ကိုင် ပဋိပက္ခများအတွင်း စစ်တပ်သည် သူ၏ တပ်အင်အားကို ထိန်းသိမ်းထားရန် ဖိအားများ ရှိနေခြင်းကြောင့် အစဉ်တစိုက် စစ်သားစုဆောင်းမှုလုပ်ရန် လိုအပ်နေပြီး ကလေးများ အပါအဝင် အတင်းအဓမ္မစစ်သား စုဆောင်းမှု အစီရင်ခံချက်များ ဆက်တိုက်ထွက်ပေါ် နေသည်။ ယင်းအလေ့အထများကို မြန်မာစစ်တပ်က ပြင်းပြင်းထန်ထန်ငြင်းဆိုချက်များ ရှိသော်လည်း နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့၏ လေ့လာမှုများက စစ်သားစုဆောင်း သူများအပေါ် တရားမဝင် အခွင့်အလမ်းနှင့် ဆုငွေပေးအပ်မှုများနှင့် သတ်မှတ်ထားသော ရည်မှန်းချက်မပြည့်ပါက အရေးယူ အပြစ်ပေးမှုများကို တပ်ရင်းအဆင့်များတွင် ရှိနေဆဲဖြစ်သည်။ ငွေကြေးသို့မဟုတ် လက်ဆောင် ဆုကြေးများ ရည်မှန်းချက် ကျော်လွန်သော စစ်သား စုဆောင်းသူများအား ပေးအပ်မှုကိုလည်း သိရှိကြပြီး အချို့ကိစ္စများတွင် တပ်မှထွက်ခွာ လိုသော လက်ရှိ စစ်သားများအား သူတို့အနေဖြင့် စစ်သားသစ်စုဆောင်းနိုင်မှသာ တပ်ထွက်ခွင့်ရမည်ဖြစ်ကြောင့် ပြောဆိုမှုများ ရှိသည်။[48]

တပ်သားအင်အား ကိုယ်တိုင် ပြည့်မီအောင် တပ်ရင်းများက ရှာဖွေရခြင်း ဖိအားသည် အတင်းအဓမ္မစစ်သားစုဆောင်းမှုများကို ဖြစ်စေကြောင်း တွေ့ရသည်။ ၂၀၁၄ ခုနှစ် ဖွန်လတွင် *တပ်မတော်-ကြည်း*၏ ညွှန်ကြားချက်[49]နှင့် လမ်းညွှန်ချက်များတွင် ခြေလျင်တပ်နှင့် ခြေမြန်တပ်ရင်းများအနေနှင့် တိုက်ရိုက်စစ်သား စုဆောင်းမှု လုပ်ရန် မလိုအပ်တော့ပဲ စစ်သားစုဆောင်းရေး ယူနစ်များနှင့် စစ်သားစုဆောင်းရေး ဌာနများကသာ စုဆောင်းသွားမည်ဟု ချမှတ်ခဲ့သည်။ ဤလုပ်ငန်းလုပ်ဆောင်မှုပုံစံ အသစ်များနှင့် ယင်းတို့၏ သက်ရောက်မှုများအပေါ် လွတ်လပ်သော စီစစ်မှုများ မလုပ်နိုင်သေးသော်လည်း ယင်း အရေးယူဆောင်ရွက်မှု များသည် အသက်မပြည့်သူ စစ်သားစုဆောင်းမှုများအား စီစစ်ရာတွင် အချိန်ယူရန် လိုအပ်ပေသည်။ "စစ်သားစုဆောင်းရေး ခွဲတမ်း" မရှိတော့သော်လည်း မကြာသေးမီကအထိ ခြေလျင် တပ်ရင်းနှင့် တိုက်ခိုက်ရေး တပ်ဖွဲ့များရှိ တပ်မှူးများက ယင်းတို့လက်အောက်ရှိ တပ်မှူး အဆင့်ဆင့်ကို စစ်သားသစ်များ ပေးပို့ရန် သိသာထင်ရှားသော ဖိအားများ ပေးဆဲရှိကြောင်း သိရသည်။ အိုင်အယ်လ်အိုသည် ယင်း၏ ၂၀၀၇[50] တွင် ချမှတ်ထားသည့် အတင်းအဓမ္မစစ်သား စုဆောင်းမှု တိုင်ကြားရေး ယန္တယား သည် ခွင့်ရက်ကျော်လွန်သော စစ်သား များအနေဖြင့် အပြစ်ပေးအရေးယူခြင်းမခံရစေရန် စစ်သားသစ်များ စုဆောင်းရပြီး သို့မဟုတ် ပါက ထောင်ဒဏ် အပြစ်ပေးခံကြရသည်။[51]

ယင်း 'စစ်သားစုဆောင်းရေး စီးပွားရေး လုပ်ငန်း' သည် စစ်သားသစ်ပေးပို့မှုအတွက် အခကြေးငွေများ ရရှိသော တရားမဝင် အရပ်သား ပွဲစားကွန်ယက်ကို ပေါ်ပေါက်လာ စေခဲ့သည်။ အသက်ပြည့်သည့် လူကြီးများ တပ်ထဲဝင်ရောက်လိုမှု မရှိခြင်းနှင့် အသက်မပြည့်သူ စစ်သားသစ် စုဆောင်းမှုအပေါ် အရေးယူ အပြစ်ပေးမှု မရှိသည့်

[48] *တပ်မတော်*-ကြည်း၏ အငြိမ်းစားသက်တမ်းကို ၆၀ နှစ်အဖြစ် သတ်မှတ်ထားသော်လည်း တရားမဝင်အားဖြင့် အငြိမ်းစား စောလျင်စွာ ရယူလိုပါက စစ်သားများသည် စစ်သား သစ်များ ရှာဖွေပေးကြရသည်။ အမည်မဖော်လိုသော အရင်းအမြစ်များနှင့် တွေ့ဆုံမေးမြန်းမှုများက စစ်ဖက်မဟုတ်သော အစိုးရ ရုံးများတွင် စောလျင်စွာ အငြိမ်းစား ရယူလိုသော ဝန်ထမ်းများသည် သူတို့အလုပ် များမှ ထွက်ခွာရန်အတွက် ခန့်မှန်းခြေအားဖြင့် ဒေါ်လာ ၅၀၀၀ ခန့်ရှိသော များပြား လှသည့် ငွေကြေးပမာဏကို ပေးကြရသည်။ ပေးဆောင်ရသည့် ငွေကြေးပမာဏသည် ၎င်းတို့ တာဝန်ထမ်းဆောင်သည့် နှစ်၊ နှင့် ရရှိသော သင်တန်းများအပေါ်တွင် ရင်းနှီးမြှုပ်နှံထားရသော နိုင်ငံအတွက် တာဝန် ထမ်းဆောင်မည်မဟုတ်တော့သော လူသား အရင်းအမြစ် ကုန်ကျစားရိတ်များ ကာမိစေရန် ပေးရခြင်း ဖြစ်သည်။

[49] ယင်းညွှန်ကြားချက်ကို နိုင်ငံတကာ ကလေးစစ်သားများဆိုင်ရာ အဖွဲ့တွင် ဖိုင်တွဲ ထားနိုင်ခြင်း မရှိသေးပါ။

[50] တိုင်ကြားမှု ယန္တယားကို အိုင်အယ်လ်အိုနနှင့် မြန်မာအစိုးရအကြား ၂၀၀၇ ခုနှစ် ဖော်ဖော်ဝါရီ ၂၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့သော ဖြည့်စွက်နားလည်မှု စာချွန်လွှာ ဖြင့် တည်ဆောက်ခဲ့သည်။ ယင်းယန္တယားအောက်တွင် အတင်းအဓမ္မလုပ်အားစေခိုင်းခြင်းဆိုင်ရာ (အတင်းအဓမ္မ နှင့် အသက်မပြည့်သော စစ်သားစုဆောင်းခြင်းအပါအဝင်) အိုင်အယ်လ်အို သဘောတူညီချက် ၂၉ အောက်တွင် လူတဦးချင်းက ဖြစ်ရပ်များကို ရန်ကုန်ရှိ အိုင်အယ်လ်အို ဆက်သွယ်ရေးရုံးသို့ တိုင်ကြားနိုင်သည်။

[51]နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့။ အိုင်အယ်လ်အို အရာရှိနှင့် တွေ့ဆုံ မေးမြန်းချက်။ ၂၀၁၄ ခုနှစ် ဇူလိုင်လ။

စစ်သား စုဆောင်းရေး လုပ်ထုံးလုပ်နည်းအခြေအနေများအောက်တွင် ယင်းအခြေအနေများသည် စစ်သားစုဆောင်းရေး အရာရှိများအပေါ်တွင် ဖိအားများဖြစ်စေပြီး မြန်မာနိုင်ငံ ဥပဒေ(အခန်း ၃-၁ တွင်ကြည့်) အောက်တွင် တည်ရှိသော စစ်သားစုဆောင်းရေးကန့်သတ်ချက်များများကို လျစ်လျူရှုစေခဲ့သည်။ အသက်မပြည့်သူ စစ်သားစုဆောင်းမှု၏ တရားမဝင်မှုအပေါ် ကျယ်ကျယ်ပြန့်ပြန့်သိရှိရန် မကြာသေးမီက ပြုလုပ်ခဲ့သော အရေးယူဆောင်ရွက်မှုများရှိခဲ့သော်လည်း လိမ်လည် လှည့်ဖျားရန် လွယ်ကူမှုနှင့် စာရင်းသွင်းရန် ဖိအားကို အလွယ်တကူလက်ခံနိုင်မှု တို့ကြောင့် ကလေးများကို ပစ်မှတ်ထားမှုများ ဆက်လက်ရှိနေခဲ့သည်။ စီးပွားရေးနှင့် လူမှု ပြဿနာ နောက်ခံ ရှိသော ကလေးများ စာရင်းသွင်းမှုများတွင်လည်း တင်းကြပ်သော ကာကွယ်စောင့်ရှောက်မှုများမရှိခြင်းကြောင်း သူတို့အပေါ် စစ်သား စုဆောင်းမှုများကို ဆက်လက် ချောမွေ့နေစေသည်။

## 2.2 အသက်မပြည့်သူ စစ်သား စုဆောင်းမှု ပုံစံများ

နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့၏ သတင်းအချက်အလက် ကောက်ယူမှုအရ စစ်တပ်အရာရှိများနှင့် တရားမဝင် စစ်သားစုဆောင်းရေး အေးဂျင့်များ (အရပ်သား 'ပွဲစားများ')သည် တမင်တကာ အဓိပ္ပာယ်လွဲမှားဖွင့်ဆိုချက်များ၊ ခြိမ်းခြောက်ခြင်း၊ လှည့်ဖျားခြင်းနှင့် တို့ဖြင့် စစ်သားသစ်များ (အသက် ၁၈ နှစ်အောက်များအပါအဝင်)ကို ရယူကြသည်။ အရပ်သား ပွဲစားများသည် ကားမောင်းသမားကဲ့သို့သော အခြား အလုပ်များဖြင့် မမှန်ကန်သော ဖျားယောင်းကာ ယောကျာ်းလေး ငယ်များကို မကြာခဏ စုဆောင်းလေ့ ရှိကြောင်း သိရသည်။ မကြာသေးမီက ရရှိသော သတင်းအချက်အလက်များအရ *တပ်မတော်-ကြည်း*၏ အသက်မပြည့်သော စစ်သားစုဆောင်းသည့် ပုံစံသည် ယခင်ဆယ်စုနှစ်များအတွင်း ကုလသမဂ္ဂနှင့် NGO များ အစီရင်ခံခဲ့သည့်အတိုင်း မပြောင်းလဲပဲ ဆက်လက်ရှိနေပုံ ရသည်။[52] *တပ်မတော်-ကြည်း*၏ အသက်မပြည့်သေးသော ကလေးများ စုဆောင်းမှုသည်- ကုလသမဂ္ဂ CTFMR တွင် စီစစ် ဖော်ပြထားသည့်အတိုင်း[53] မြန်မာနိုင်ငံ အနှံ့တွင် ကလေးများအား စစ်သား စုဆောင်းနေပြီး လူဦးရေ ထူထပ်မှု၊ လူမှု စီးပွားရေး အခြေအနေများ၊ နှင့် သက်ဆိုင်ရာ ဒေသများတွင် ပဋိပက္ခများ ရှိမရှိ စသော အဓိက ကျသော အကြောင်းအရာ များအပေါ်မူတည်၍ တနေရာနှင့် တနေရာ

[52]နမူနာများကို ကြည့်ပါ။ ရေချယ် ဘရက် (Rachel Brett) နှင့် မာဂရက် မက်ကောလင်း (Margaret McCallin)။ ကလေးများ။ *မမြင်ရသော စစ်သားများ။* ရာဒ်ဒါ ဘန်နန်(Rädda Barnen)၊ ကလေးကယ်ဆယ်ရေး အဖွဲ့ (Save the Children Sweden)၊ စတော့ဟုမ်း၊ ၁၉၉၈၊ ယူနီဆက်ဖ်။ *လူကြီးစစ်ပွဲ၊ ကလေးစစ်သားများ။ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ- လက်နက်ကိုင် ပဋိပက္ခအတွင်းက ကလေးများ အသံ။* ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ။ လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့။ *"ကျွန်တော့်သေနတ်က ကျွန်တော့်အရပ်လောက်ရှိတယ်။" မြန်မာနိုင်ငံမှာ ကလေးစစ်သားများ။* ၂၀၀၂ ခုနှစ်။ လူ့အခွင့်အရေး ပညာပေးဌာန- မြန်မာနိုင်ငံ(HREIB)။ ၂၀၀၂ *ခုနှစ်။ ကတိကဝတ်များ ရှိသော်လည်း မြန်မာလက်နက်ကိုင်တပ်ဖွဲ့များရှိ ကလေးစစ်သားများ။ ၂၀၀၆ ခုနှစ်။ လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့။ စစ်သားအဖြစ် ရောင်းစားခြင်း၊* ၂၀၀၇ ခုနှစ်။ HREIB။ *မေ့လျော့ခံ အနာဂတ်- မြန်မာနိုင်ငံ လက်နက်ကိုင် ပဋိပက္ခအတွင်းမှ ကလေးများ။ ၂၀၀၈ ခုနှစ်။*

[53]ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ (UNSC) ဆုံးဖြတ်ချက် ၁၆၁၂ က လက်နက်ကိုင် တပ်ဖွဲ့များ နှင့်/သို့ လက်နက်ကိုင် အဖွဲ့များက ပဋိပက္ခအတွင်းပါဝင်သော အဖွဲ့အစည်း များက ကျူးလွန်နေသည့် ကလေးများအပေါ် ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်မှု အထောက်အထားများရှိနေသည့် နိုင်ငံများတွင် ကုလသမဂ္ဂဦးဆောင်သော CTFMR များ တည်ထောင်ရန် အခွင့်အာဏာ ပေးထားသည်။ CTFMR သည် ကလေးများအပေါ် ကျယ်ပြန့်သော ကျူးလွန်မှုများကို မှတ်တမ်းတင်ခြင်း၊ စီစစ်ခြင်းနှင့် ကုလသမဂ္ဂသို့ အစီရင်ခံခြင်း ရည်ရွယ်ချက်များရှိသည့် စောင့်ကြည့်လေ့လာ ခြင်းနှင့် အစီရင်ခံခြင်း ယန္တယားများတည်ဆောက်ရန် တာဝန်ရှိသည်။ CTFMR ကို မြန်မာနိုင်ငံတွင် ၂၀၀၇ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ရန်ကုန်ရှိ ကုလသမဂ္ဂ ဌာနနေကိုယ်စားလျှယ်နှင့် ယူနီဆက်ဖ်ကိုယ်စားလှယ်တို့က ပူးတွဲ ဦးဆောင်သည်။ မြန်မာနိုင်ငံရှိ CTFMR တွင် သက်ဆိုင်ရာ ကုလသမဂ္ဂ အေဂျင်စီများ (အိုင်အယ်အို၊ ယူအန်ဒီပီ၊ ကုလသမဂ္ဂ လူဦးရေ ရံပုံငွေအဖွဲ့ (UNFPA)၊ ယူအန်အိတ်ချ်စီအာရ်၊ ယူနီဆက်ဖ်၊ လူသားချင်းဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်ရေး ကုလသမဂ္ဂရုံး (UNOCHA)၊ ကုလသမဂ္ဂ ဌာနေ ကိုယ်စားလှယ်ရုံး (RCO)၊ ကုလသမဂ္ဂ ကမ္ဘာ့ စားနပ်ရိက္ခာ အစီအစဉ် (WFP)၊ ကလေးကယ်ဆယ်ရေး အဖွဲ့ (Save the Children) နှင့် ဝေါလ်ဗီးရှင်း အဖွဲ့ (World Vision) တို့ပါဝင်သည်။

စစ်သားစုဆောင်းပုံမှာ ကွဲပြားမှုများ ရှိသည်။ ၂၀၁၄ ခုနှစ်အတွင်းတွင် အသက်မပြည့်သော စစ်သားစုဆောင်းမှုများကို ရန်ကုန်၊ မန္တလေးနှင့် ဧရာဝတီ တိုင်းဒေသကြီးများတွင် ရှိခဲ့ကြောင်း ကုလသမဂ္ဂက အစီရင်ခံသည်။[54]

*တပ်မတော်-ကြည်း*ရှိ ကလေးစစ်သား အရေအတွက် လက်ခံနိုင်လောက်သည့် စုစုပေါင်း ကိန်းကဏန်းကို ပေးရန် လက်တွေ့တွင် မဖြစ်နိုင်ပေ။ ၂၀၁၃ ခုနှစ်မှ စ၍ ကုလသမဂ္ဂ CTFMR သို့ အသက်မပြည့်သေးသော ကလေးစုဆောင်း မှု စုစုပေါင်း ၇၂၃မှု တိုင်ကြားခဲ့ပြီး ယင်းတို့အနက် ၄၇၄ သည် ဂျေအေပီကို လက်မှတ်ရေးထိုးချိန်တွင် ကလေးများ သို့မဟုတ် အသက် ၁၈ နှစ်အောက်များ ဖြစ်ကြသည်။ ကုလသမဂ္ဂ CTFMR သို့ အစီရင်ခံသော ကလေး ၄၇၄ အနက် ၁၂၆ ဦးမှာ ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်အတါင်း စစ်သားစုဆောင်းခံရခြင်းဖြစ်ကြောင်း စွပ်စွဲချက်များ ရှိသည်။ ၂၀၀၇ ခုနှစ် အိုင်အယ်အို၏ အတင်းအဓမ္မလုပ်အားစေခိုင်းမှု တိုင်ကြားခြင်း ယန္တယား စတင်ချိန်မှစ၍ အသက်မပြည့်သော ကလေးစစ်သားစုဆောင်းမှု ၁၂၉၃ မှုကို တဦးချင်း တိုင်ကြားမှုများ ရရှိခဲ့သည်။ မြန်မာအစိုးရ ကိုယ်စားလှယ်များက သူတို့အနေဖြင့် ၂၀၀၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း အသက်မပြည့်သော ကလေးများ စစ်သားစုဆောင်မှုမှ ကာကွယ်ရေး ကော်မတီ မှ တဆင့် ကလေး ၅၈၇ ဦးကို တပ်ထွက်ခွင့်ပေးခဲ့ကြောင်း နိုင်ငံတကာ ကလေးစစ်သား များဆိုင်ရာ အဖွဲ့သို့ အသိပေးခဲ့သည်။[55] ကုလသမဂ္ဂ CTFMR သည် ၂၀၁၂ ခုနှစ် ဂျေအေပီကို လက်ခံချိန်မှ စ၍ ၂၀၁၂နှင့် ၂၀၁၃ ခုနှစ်အတွင်း *တပ်မတော်*မှ ကလေး ၁၇၆ ဦး၊ ၂၀၁၄ ခုနှစ် ဇန္နဝါရီတွင် နောက်ထပ် ၉၆ ဦး၊ ၂၀၁၄ ဩဂုတ်လတွင် ၉၁ ဦး၊ ၂၀၁၄ စက်တင်ဘာလတွင် ၁၀၉ ဦးနှင့် ၂၀၁၄ နိုဝင်ဘာလတွင် ၈၀ ဦးကို လွှတ်မြောက်ရန် လုံခြုံမှု ပေးခဲ့သည်။[56] ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်တွင် အိုင်အယ်အိုက ကလေးစစ်သားစုဆောင်းမှု အစီရင်ခံမှု ၄၈၁ ခုကို ရရှိခဲ့ပြီး ယင်းတို့အတွင်းတွင် ဖြစ်ရပ် ၈၁ ခုမှာ ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်အတွင်း စစ်သား စုဆောင်းမှုများ ဖြစ်သည်။[57] သို့ရာတွင် တိုင်ကြားမှုအရေအတွက်နှင့် နောက်ဆက်တွဲ တပ်ထွက်ခွင့်တို့သည် စစ်သားစုဆောင်းခံရသော ကလေးအရေအတွက်ကို တိကျသော ပုံဖော်မှု မပေးနိုင်ပေ။ ပထမဆုံးအနေနှင့် ကလေးစစ်သား စုဆောင်းခံရသည့် အချိန်နှင့် တိုင်ကြားမှု ပြုလုပ်ချိန်အကြား ၆ လခန့် အချိန်ကြာမြင့်ခြင်းကြောင့် တိကျသော ကိန်းဂဏန်း ရရှိရန် အခက်အခဲများ ကျရောက်စေသည်။ ဒုတိယ အနေဖြင့် *တပ်မတော်*သည် ကလေးများ ဖော်ထုတ်ခြင်းနှင့် လွှတ်ပေးခြင်း လုပ်ငန်းစဉ်များကို စနစ်တကျ အသုံးချမှု မရှိသေးသဖြင့် စုဆောင်းထားသော ကလေးများအားလုံးအား ဖော်ထုတ်၍ လွှတ်ပေးခြင်း မရှိသေးပေ။

နိုင်ငံတကာ ကလေးစစ်သားများဆိုင်ရာ အဖွဲ့၏ စုဆောင်းရရှိသော အချက်အလက်များသည် လတ်တလော အသက်မပြည့်သူ ကလေးစစ်သား စုဆောင်းမှုတွင် လှည့်ဖျားခြင်း၊ ကလေးများအား ကတိကဝတ် အတုများဖြင့် လိမ်လည်ခြင်း သို့မဟုတ် သွေးဆောင် ဖျားယောင်းခြင်းများ ရှိကြောင်း ပြသနေသည်။ အမျိုးသား

---

[54] ကုလသမဂ္ဂ အထွေထွေညီလာခံ၊ ကလေးများနှင့် လက်နက်ကိုင် ပဋိပက္ခအပေါ် အထွေထွေ အတွင်းရေးမှူး၏ အစီရင်ခံစာ၊ ကုလ စာတမ်း။ A/66/782-S/2012/261၊ ၂၀၁၂ ခုနှစ် ဧပြီ ၂၆ ရက်။ စာပိုဒ် ၆၇။

[55] နိုင်ငံတကာကလေးစစ်သားများဆိုင်ရာအဖွဲ့နှင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၀ရက် နေပြည်တော်တွင် လက်ထောက် တပ်ရေးချုပ် ဗိုလ်ချုပ် သန်းစိုးဦးဆောင်သည့် မြန်မာအစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် အစည်းအဝေး။

[56] ကြည့်ရန်- ယူနီဆက်ဖ်၊ *မြန်မာလက်နက်ကိုင် တပ်ဖွဲ့များက ကလေးများအား အစုအပြုံလိုက် လွှတ်ပေးခြင်း၊ မြန်မာနိုင်ငံသစ်အတွက် အရေးကြီးသော ခြေလှမ်း။* ၂၀၁၄ ခုနှစ် ဇန္နဝါရီ ၁၈ ရက်။ http://www.unicef.org/eapro/media_22067.html; UN News Centre, Myanmar: *ကလေးစစ်သားများ လွှတ်ပေးမှုကို ကုလ ကြိုဆို၊ ပညာသင်ကြားနိုင်ရေး ကတိကဝတ် ပြု။* ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁ ရက်။http://www.un.org/apps/news/story.asp?NewsID=48394#.VDu-dBbX71U; ယူနီဆက်ဖ်၊ *မြန်မာစစ်တပ်က လက်နက်ကိုင် တပ်ဖွဲ့များရှိ ကလေး ၁၀၀ ကျော်အား လွှတ်ပေးခြင်း၊* ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၅ ရက်။ http://www.unicef.org/media/media _76028.html; မြန်မာလက်နက်ကိုင် တပ်ဖွဲ့များက နောက်ထပ် ကလေး ၈၀ လွှတ်ပေး၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်။ http://unicefmyanmar.blogspot.co.uk/2014/11/myanmar-armed-forces-release-further-80.html.

[57] နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့၏ အိုင်အယ်အို အရာရှိနှင့် တွေ့ဆုံမေးမြန်းချက်။ ရန်ကုန်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်။

မှတ်ပုံတင်ကဒ်ပြားများ (NRC)- ယခုအခါ နိုင်ငံသား စီစစ်ရေး ကဒ်ပြားများ (CSC)[58] ဟု ပြောင်းလဲ ခေါ်ဝေါ်သည်- နှင့် အိမ်ထောင်စု စာရင်း၊တို့ အပါအဝင် အသက်အရွယ် အထောက်အထားစာရွက်စာတမ်းများ အတုအပ ပြုလုပ်ခြင်း၊ စစ်ဆေး မှု မပြုခြင်းနှင့် ယင်းအလေ့အထအပေါ် တာဝန်ခံမှုကို တည်ဆောက်မှု မရှိခြင်းများ ရှိသည်။

မြန်မာနိုင်ငံ ကျေးလက်ဒေသများတွင် ကလေးများသည် ကျောင်းသို့ သွားရာလမ်း သို့မဟုတ် အိမ်မှ ထွက်ပြီး အလုပ်ရှာဖွေရာတွင် စစ်သား စုဆောင်းခံရလေ့ရှိသည်။ မြို့ပြဒေသများတွင်မူ ဘူတာရုံများ၊ ဘတ်စ်ကားဂိတ်များ၊ ဈေးများ၊ နှင့် ဘုန်းကြီးကျောင်း အပြင်ဖက်များတွင် အဖော်မပါသော ကလေးများကို စစ်သားစုဆောင်းကြောင်း အစီရင်ခံချက်များ ရှိသည်။[59] အသက်မပြည့်သေးသော စစ်သားစုဆောင်းမှုကို အရပ်သား ပွဲစားများ၊ ရိုးရိုး အဆင့် စစ်သားများ၊ နှင့် ရဲအရာရှိငယ်များက ပြုလုပ်သည်။

စစ်သားစုဆောင်းမှုသည် အများအားဖြင့် ဆင်းရဲပြီး ပညာမတတ်သော ကလေးငယ် များအပေါ် သက်ရောက်သည်။[60] တိုးမြင့် အသုံးပြုလာသော နည်းလမ်းတခုမှာ ကလေးအား လစာကောင်းသည့် အလုပ်ကောင်းကောင်း တခု (ဥပမာ- ကားဒရိုင်ဘာ) ကို ကမ်းလှမ်းပြီး သူတို့အား အနီးဆုံး စစ်သားစုဆောင်းရေး ဌာန သို့မဟုတ် တပ်ရင်းသို့ မြှားခေါ်ခြင်း ဖြစ်သည်။ အခြားသော ဖြစ်ရပ်များတွင် စစ်သားစုဆောင်းသူများသည် ကလေးများ လက်ဝယ် သယ်ဆောင်လာခြင်း မရှိကြောင်း သိရှိလျက် မှတ်ပုံတင် သို့မဟုတ် နိုင်ငံသား စီစစ်ရေး ကဒ်ပြားများ ကြည့်ရှုရန် တောင်းဆိုခြင်းဖြစ်သည်။ ကလေးတွင် ကျောင်းသားကဒ် ရှိပါက ယင်းသည် လက်ခံနိုင်ခြင်းမရှိသော အထောက်အထားဖြစ်ပြီးကြောင်း ပြောပြီး စစ်သားစုဆောင်းသူများက တပ်ထဲဝင်မလား သို့မဟုတ် နိုင်ငံသား စီစစ်ရေး ကဒ်ပြား ကိုင်ဆောင်ထားခြင်း မရှိခြင်းကြောင့် နစ်ရှည်ထောင်ဒဏ် ကျခံမလားဟု မေးမြန်းသည်။[61] စစ်သား စုဆောင်းသူများသည် ကလေးများအား ခြိမ်းခြောက်ခြင်း နှင့် အင်အားအသုံး ပြုခြင်းများ ရှိကြောင်းလည်း သိရသည်။ နိုင်ငံတကာ ကလေးစစ်သားများဆိုင်ရာ အဖွဲ့က သိရှိထားသော အချို့ ဖြစ်ရပ်များတွင် ယောကျ်ားလေးငယ်များကို တရားဝင် စစ်သား စုဆောင်းခြင်း မပြုမီတွင် တပ်ရင်းဘားတိုက်များတွင် ခေတ္တထိန်းသိမ်းထားပြီး အထောက်အထားများကို အတု ပြုလုပ်ခြင်း သို့မဟုတ် အသက်မှန်ကို လွဲမှားစေရန် နည်းလမ်းများ အသုံးပြုခြင်းတို့ကို ပြုလုပ်သည်။[62] နိုင်ငံတကာ ကလေးစစ်သားများဆိုင်ရာ အဖွဲ့၏ ၂၀၁၁ ခုနစ်က ကလေးစစ်သား ဟောင်းများနှင့် တွေ့ဆုံမေးမြန်းချက်များအရ စစ်သား စုဆောင်းပြီး ယင်းတို့ကို အစဉ်းထားရှိသော ဌာနများနှင့် သင်တန်းကျောင်းများ ၏ အခြေအနေသည် အလွန်အမင်း ချို့တဲ့သည်။ ဘားတိုက်များမှာ လူဦးရေ များပြားလွန်းခြင်း၊ အစားအစာ အရည်အသွေး ညံ့ဖျင်းခြင်း၊ အဟာရ မပြည့်ဝခြင်း၊ နှင့် ကလေးစစ်သားများအား စစ်သားကြီးများက မကြာခဏ ရိုက်နှက်ခြင်းများ ရှိသည်။

---

[58] အမျိုးသား မှတ်ပုံတင်ကဒ်ပြားနှင့် နိုင်ငံသား စီစစ်ရေး ကဒ်ပြားကို အပြန်အလှန် လဲလှယ် အသုံးပြုနိုင်ပြီး အရပ်သား စာရွက်စာတမ်းအဖြစ် နှစ်ခုလုံး တရားဝင်သော်လည်း နိုင်ငံတကာ ကလေးစစ်သားများဆိုင်ရာ အဖွဲ့သို့ လျို့ဝှက် သတင်းရင်းမြစ်များ၏ အသိပေးချက်အရ နိုင်ငံသား စီစစ်ရေး ကဒ်ပြားသည် ပိုမို အရေးကြီးပြီး သုံးခေါက်ချိုး အမျိုးသား မှတ်ပုံတင် ကဒ်ပြားသည် စီစစ်မှုနောက်ပိုင်းတွင် နိုင်ငံသား စီစစ်ရေး ကဒ်ပြားနှင့် လဲလှယ်ရသည်။ အမျိုးသား မှတ်ပုံတင် ကဒ်ပြားသည် နေထိုင်မှု အထောက်အထားဖြစ်ပြီး စာရွက်စာ တမ်း အနည်းငယ်မျှဖြင့် ရရှိနိုင်သော်လည်း နိုင်ငံသား စီစစ်ရေး ကဒ်ပြားသည် နိုင်ငံသား ဖြစ်ကြောင်း သတ်မှတ်ချက်ဖြစ်ပြီး အထောက်အထား စာရွက်စာတမ်းများ ပိုမို လိုအပ်ကာ
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ဌာန (INRD) မှ ထုတ်ပေးသည်။ ဥပဒေတွင် စစ်တပ်တွင်း ဝင်ရောက်ရန် နိုင်ငံသား ဖြစ်မှု အထောက်အထား (ဆိုလိုသည်မှာ နိုင်ငံသား စီစစ်ရေး ကဒ်ပြား) လိုအပ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။

[59] နိုင်ငံတကာ ကလေးစစ်သားများဆိုင်ရာ အဖွဲ့၊ လျို့ဝှက် မေးမြန်းချက်များ၊ လန်ဒန်၊ ၂၀၁၄ ခုနှစ် မေလ ၂၆ ရက်။

[60] ရိုက်တာ၊ *မြန်မာစစ်တပ်က ကလေးစစ်သား ၁၀၀ ကျော် လွှတ်ပေး။* ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၅ ရက်။ http://www.reuters.com/article/2014/09/25/us-myanmar-childsoldiers-idUSKCN0HK0NP20140925

[61] နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့၊ လျို့ဝှက် မေးမြန်းချက်။ ရန်ကုန်၊ ၂၀၁၂ ခုနှစ် ဧပြီ ၂၄-၂၈ ရက်။

[62] နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့၊ လျို့ဝှက် အင်တာဗျူး၊ လန်ဒန်၊ ၂၀၁၄ ဧပြီနှင့် ဒီဇင်ဘာ။

အစဦး စစ်သားစုဆောင်းရေး လုပ်ငန်းစဉ်တွင် လေးများ၏ အသက်အရွယ်ကို စနစ်တကျ အတုပြုလုပ်ထားခြင်း သို့မဟုတ် မှားယွင်းစွာ မှတ်တမ်းတင်ခြင်း (အခန်း ၃-၃-၄တွင်ကြည့်ပါ။) များလုပ်ခြင်းဖြင့် ယင်းကလေးများအား လူကြီး တပ်သားသစ် များအဖြစ် ဆက်ဆံမှုနှင့် တာဝန်ချထားမှု (တပ်သားသစ်များသည် တာဝန်ကျရာသို့ မစေလွှတ်မီ ခန့်မှန်းခြေအားဖြင့် လေးလခွဲ ကြာမြင့်သော သင်တန်းများ တက်ရောက် ရန် လိုအပ်သည်)များ ပြုလုပ်သည်။ အချို့ အခြေအနေများတွင် ဒေသခံ အရပ်သား အာဏာပိုင်များသည် ကလေးများ ပျောက်ဆုံးကြောင်း တိုင်ကြားသည့်အခါတွင် အသက် အထောက်အထားနှင့် စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာများပေးရန် အချိန်ဆွဲခြင်း သို့မဟုတ် ပျက်ကွက် ခြင်းတို့ဖြင့် စုဆောင်းခံရသော ကလေး၏ နေရာကို သိရှိရန် ကြိုးပမ်းမှုများကို နှောင့်နှေးရန် ကြိုးပမ်းမှုများ ရှိသည်။[63]

ကလေးစစ်သားများကို အန္တရာယ်ပြွန်းသော နေရာများတွင် တာဝန်ချထားနိုင်ပြီး သူတို့အနေဖြင့် သေဆုံးဒဏ်ရာ ရခြင်းများတွေ့ကြုံနိုင်ပြီး အတွေ့အကြုံနည်းပါးခြင်းနှင့် နှိုင်းယှဉ်ချက်အရ ရင့်ကျက်မှုနည်းပါးခြင်းတို့ကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ကြုံတွေ့ရန် အလားအလာပိုမိုများပြားသည်။ ရှေ့တန်းတွင် တာဝန်ကျသော ကလေးများသည် လက်နက်ကြီးများ သယ်ယူခြင်း၊ မြေမြှုပ်မိုင်းများ ထောင်ခြင်းနှင့် ပစ္စည်းများနှင့် ရိက္ခာများ သယ်ယူသည့် ပေါ်တာများ အဖြစ် လုပ်ကိုင်ကြရသည်။ ယင်းအခြေအနေများတါင် သူတို့အနေဖြင့် တိုက်ခိုက်ရေးတွင် ပါဝင်ရပြီး တိုက်ပွဲများ သို့မဟုတ် မြေမြှုပ်မိုင်းများ၏ တိုက်ရိုက် ရလာဒ်များအဖြစ် တခါတရံ ပြင်းထန်သော သို့မဟုတ် သေလောက်သော ဒဏ်ရာများ ရရှိကြသည်။ နိုင်ငံတကာ ကလေးစစ်သားများဆိုင်ရာ အဖွဲ့၏ ၂၀၁၁ ခုနှစ် မတ်လအတွင်း ပြုလုပ်ခဲ့သည့် ကွင်းဆင်း သုတေသနက *တပ်မတော်-ကြည်း*မှ စုဆောင်းခဲ့သော ကလေးစစ်သားများကို ရှေ့တန်း တပ်ရင်းများတွင် အသုံးပြုကြောင်း ညွှန်ပြနေသည်။ ဤအလေ့အထမှာ ဆက်လက်ရှိနေသည်။ အတိအကျ အရေအတွက်ကို မဆုံးဖြတ် နိုင်သော်လည်း ၂၀၁၄ ခုနှစ်တွင် အတင်းအကြပ် စုဆောင်းခံရသော ကလေးစစ်သားများကို *တပ်မတော်-ကြည်း*က ကချင်ပဋိပက္ခအတွင်း ရှေ့တန်း တွင် တာဝန်ချထားခဲ့သည်။[64]

*တပ်မတော်-ကြည်း*မှ ထွက်ပြေးရန် ကြိုးစားသော ကလေးများသည် ချုပ်နှောင်ခံရပြီး လူကြီးစစ်ပြေးများကဲ့သို့ ဆက်ဆံခံရသည်။ လက်ရှိဥပဒေအရ စစ်တပ်မှ ထွက်ပြေးသော ကလေးစစ်သားအား ပေးသော အပြစ်ဒဏ်သည် ကလေးစစ်သား စုဆောင်းသူတဦးအား ပေးသော အပြစ်ဒဏ်ထက် ပိုမိုမြင့်မားသည်။ (အခန်း ၅ တွင်ကြည့်ပါ။) စစ်တပ်မှ ထွက်ပြေးရန် ကြိုးစားသော ကလေးစစ်သား အများအပြားသည် စစ်ပြေးများ အဖြစ် "တံဆိပ်ကပ်"ခံရပြီး ထောင်ဒဏ်များ ကျခံရသည်။[65] ၂၀၁၄ ခုနှစ်တွင် ကုလသမဂ္ဂ စီတီအက်ဖ်အမ်အာရ်က တပ်ထွက်စေရန် လုပ်ဆောင်ပေးသော ကလေး ၁၇၆ တွင် ၆၅ ဦးသည် ခွင့်မဲ့ပျက်ကွက်ခြင်းအဖြစ် သတ်မှတ်ခံရသည်။ ၂၀၁၃ ခုနှစ် ဇန္နဝါရီမှ ၂၀၁၄ ဇူလိုင်လလယ် အတွင်း *တပ်မတော်-ကြည်း*မှ ထွက်ပြေး သော ကလေးစစ်သားသစ် ၁၄၅ ဦးကို "စစ်ပြေး"များအဖြစ် ကြေညာခံရကြောင်း သတင်းအချက်အလက်များကို အိုင်အယ်အိုက ရရှိသည်။ ယင်းတို့ အပြင် အသက်မပြည့်သေးသည့် စုဆောင်းခံရသော ကလေး ၁၇ ဦးသည် တပ်ပြေးမှုဖြင့် အရေးယူခံရပြီး ထောင်ဒဏ်ကျခံရသည်။ ၂၀၁၄ ခုနှစ် ဖွန်လတွင် *တပ်မတော်-ကြည်း*က အထူး အမိန့်များ ထုတ်ပြန်ခဲ့ပြီး ယင်း အမိန့်အရ ကုလသမဂ္ဂ စီတီအက်ဖ်အမ်အာရ်၏ စီစစ်မှုအရကလေးများအဖြစ် စစ်သားစုဆောင်းခံရသော

[63] အသက် အထောက်အထားနှင့် စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့သည် ဒေသခံ အာဏာပိုင်များအား ကလေးပျောက်ဆုံးကြောင်း တိုင်ကြားရာတွင် လိုအပ်ပြီး ယင်းစာရွက်စာတမ်းများတင်ပြပြီးမှသာ ကလေး "ရှာဖွေခြင်း"ကို တရားဝင် လုပ်ဆောင် နိုင်သည်။

[64]ကုလသမဂ္ဂ အထွေထွေ ညီလာခံ၊ ကလေးများနှင့် လက်နက်ကိုင် ပဋိပက္ခအပေါ် အထွေထွေ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ၊ ကုလစာတမ်း။ S/2014/339၊ ၂၀၁၄ ခုနှစ် မေလ ၁၅ ရက်။ စာပိုဒ် ၁၀၇။

[65] အိုင်အယ်အို အုပ်ချုပ်ရေး အဖွဲ့၊ စက်ရှင် ၃၁၉၊ ဂျနီဗာ၊ GB.319/1NS/1NF/2၊ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၆-၃၁။

လူပုဂ္ဂိုလ်အားလုံး၏ ဖြစ်ရပ်များတွင် သူတို့အား တပ်မှ ထွက်ခွင့်ပေးရမည်ဖြစ်သော်လည်း ဖမ်းဆီးခြင်း သို့မဟုတ် စစ်ပြေးအဖြစ် နှိပ်စက်ညှင်းပမ်းခြင်း မပြုလုပ်ရန် သူတို့၏ တပ်ဖွဲ့ဝင်များအား ညွှန်ကြားခဲ့သည်။

နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့မှ ရရှိသော အချက်အလက်များက "စစ်ပြေး"ကာလတိုတောင်းပါက ယင်းပုဂ္ဂိုလ်ကို ခွင့်မဲ့ပျက်ကွက်သော အချိန်ကာလနှင့် ထပ်တူညီသော အချိန်အတိုင်း ချုပ်နှောင်ထားရှိသည်။ သို့သော်လည်း ပျက်ကွက်မှု ကြာရှည်ပါက သူသည် အရပ်သား အကျဉ်းထောင်သို့ လွှဲပြောင်းခြင်း မပြုမီတွင် အကျဉ်းရုံး စစ်ခုံရုံး၏ စီရင်မှုကို ခံရရန် များသည်။ ချုပ်နှောင်ခံထားရစဉ် ကာလအတွင်း ဥပဒေ အကြံပေးနှင့် တွေ့ဆုံခွင့်မရသော်လည်း ထောင်လမ်းညွှန်အရ မိသားစုဝင်များက ၁၅ ရက်တကြိမ် တွေ့ဆုံနိုင်သည်။

## 3. ကာကွယ်ရေး ကဏ္ဍ အုပ်ချုပ်မှု အသက်မပြည့်သူ စစ်သားစုဆောင်းခြင်းကို ဖြေရှင်းရန်နှင့် ကာကွယ်ရန် ဆောင်ရွက်သည့် ခြေလှမ်းများ

### 3.1 အသက် မပြည့်သူ စစ်သားစုဆောင်းခြင်းနှင့် ပတ်သက်သည့် အမျိုးသား ဥပဒေပြုရေး၊ စစ်တပ်လုပ်ထုံးလုပ်နည်းနှင့် ဖြေရှင်းရန် လမ်းညွှန်ချက်များ။

မြန်မာ့တပ်မတော်သည့် မိမိဆန္ဒသဘောအလျောက် ဝင်ရောက်သော တပ်ဖွဲ့ဝင် ဖြစ်ရန် ရည်ရွယ်သည်။ ၁၉၅၉ ခုနှစ် ပြည်သူ့စစ် ဥပဒေကို အမည်တူ ဆက်ခံသော ၂၀၁၀ ခုနှစ် ဥပဒေက အချို့သော အခြေအနေများတွင် (၁၈ နှစ်အထက်) စစ်မှုမထမ်းမနေရ ပြဌာန်းချက်များ ရှိသော်လည်း စစ်မှုမထမ်းမနေရ ဥပဒေများကို မည်သည့်အခါမျှ ကျင့်သုံးခြင်း မရှိခဲ့ပေ။ အမှန်တကယ်တွင် စစ်တပ်ကို အသက် ၁၈ နှစ်အောက်ကို စုဆောင်းခြင်း မပြုရန်နှင့် ဖြစ်ပွားခဲ့ပါက အရေးယူရန် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ အများအပြား ရှိသည်

အသက် ၁၈ နှစ်အောက် လူပုဂ္ဂိုလ်များကို စစ်သားစုဆောင်ခြင်းမပြုရန် ၁၉၇၄ ခုနှစ် ကာကွယ်ရေး ဝန်ထမ်းအတွက် သက်ဆိုင်သည့် ပုဂ္ဂိုလ်များ အတွက် လုပ်ထုံးလုပ်နည်း ဥပဒေ (စစ်ရုံးကောင်စီ လမ်းညွှန်ချက် ၁၃/၇၄) က တားမြစ်ထားသည်။ ကာကွယ်ရေး ညွှန်ကြားချက် အမိန့် ၁၃/၇၄ (၁၉၇၄) အရ မြန်မာ့တပ်မတော်သား အဖြစ် ဝင်ရောက်မည့် စစ်သားသစ်များသည် အောက်ပါ အချက်များနှင့် ကိုက်ညီရမည်ဟု ဖော်ပြထားသည်။ အသက် ၁၈ နှစ်အထက် မြန်မာနိုင်ငံသား ဖြစ်ရမည်၊ ရာဇဝတ် မှတ်တမ်း ကင်းရှင်းရမည်၊ ခန္ဓာကိုယ် ကျန်းမာသန်စွမ်းပြီး တာဝန်ထမ်းဆောင်နိုင်သည့် အရည်အချင်းရှိရမည်၊ အရေးအကြီးဆုံးမှာ သူတို့သည် သူတို့ ဆန္ဒအလျောက် ဝင်ရောက်သူများ ဖြစ်ရမည်ဖြစ်ပြီး မည်သည့်ပုံစံနှင့်မျှ သိမ်းသွင်းခြင်းမျိုး မဖြစ်စေရ။ ၁၉၆၀ ခုနှစ် ကာကွယ်ရေး ဝန်ထမ်း ဥပဒေနှင့် ကာကွယ်ရေး ဝန်ထမ်း စည်းမျဉ်းများနှင့် သက်ဆိုင်ရာ စစ်ရုံးကောင်စီ လမ်းညွှန်ချက်များက တပ်ဖွဲ့ဝင်များ သူတို့၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခြင်းမရှိပါက အပြစ်ပေးအရေးယူရမည့် လုပ်ငန်းစဉ်များကို ပြဌာန်းထားသည်။ ယင်းတွင် အထက်တွင် ဖော်ပြထားသော ညွှန်ကြားချက်က တောင်းဆိုထားသည့် အငယ်ဆုံး အသက်အရွယ်လိုအပ်ချက်ကို ကိုက်ညီရန် ပျက်ကွက်မှု လည်း ပါဝင်သည်။

မှတ်သားလောက်စွာပင် ၁၉၉၇ ခုနှစ် အောက်တိုဘာ ၂ ရက် စစ်တပ် လမ်းညွှန်ချက် ၁/၁၃၁/ရေး ၁ (ခ) အောက်တွင် အသက် ၁၈ နှစ်အောက် လူပုဂ္ဂိုလ်များအား စစ်သား စုဆောင်းခြင်းသည် အတင်းအဓမ္မ လုပ်အားစေခိုင်းခြင်းဖြစ်ကြောင်း ဖွင့်ဆိုထားသည်။ အမိန့်အမှတ် ၁/၉၉ နှင့် ဖြည့်စွက်အမိန့်အမှတ် ၁/၉၉ အောက်တွင်[66] အဓမ္မ လုပ်အား[67] တရားမဝင်ဖြစ်ပြီး မြန်မာ ရာဇဝတ်ပြစ်မှု ဥပဒေ ပုဒ်မ ၃၇၄[68] အရ ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားပြီး ယင်းရာဇဝတ်မှုအား အရေးယူခွင့်ပေးထားသည်။

ဂျေအေပီကို အကောင်အထည်ဖော်ဆောင်မှု အစိတ်အပိုင်းအဖြစ် ကလေးများအား စစ်သား စုဆောင်းခြင်းမှ ကာကွယ်ရန်နှင့် သူတို့အား တပ်ထွက်ခွင့်နှင့် ပြန်လည် ထူထောင်ရေး အတွက် ၂၀၁၂[69] ခုနှစ် ဇွန်လတွင် ကုလသမဂ္ဂနှင့် လက်မှတ်ရေးထိုးခဲ့ ရာတွင် *တပ်မတော်-ကြည်း*သည် စစ်သား စုဆောင်းရေးအတွက် မူဝါဒများနှင့် အလေ့အထများကို ရှင်းလင်းသော ထပ်ဆင့် ညွှန်ကြားချက်အများအပြားကို ထုတ်ပြန်ခဲ့သည်။ တပ်မတော် အင်အား ဦးစီးဌာနက ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန် ခဲ့သော ညွှန်ကြားချက်တွင် ဂျေအေပီ အကောင်အထည်ဖော်ဆောင်ရေး အတွက် အဓိက ကျသော အရေးယူဆောင်ရွက်မှုများ ပါဝင်သည်။ ယင်းတို့တွင် တပ်သားသစ်များ၏ အသက်ကို ဖော်ထုတ်ခြင်းနှင့် စီစစ်ခြင်း လုပ်ငန်းစဉ် များ။ ယင်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် အချိန်ဇယား၊ နှင့် လမ်းညွှန်ချက် ကို လိုက်နာရန် ပျက်ကွက်ပြီး ကလေးများအား ဆက်လက်ပြီး စစ်သားအဖြစ် စုဆောင်နေသူများအား အရေးယူဆောင်ရွက်ရန် လုပ်ငန်းများကို ချမှတ်ခြင်း တို့ ပါဝင်သည်။ ယင်းတာဝန်ခံမှု အရေးယူ ဆောင်ရွက်မှုများတွင် ရာထူးတာဝန် လျှော့ချခြင်းနှင့် အနာ ဂတ်တွင် ရာထူးတိုးမှုကို တားမြစ်ခြင်းနှင့် ထောင်ချခြင်းတို့ ပါဝင်သည်။ (အပိုင်း ၅ တွင် ကြည့်ပါ)

၂၀၁၂ ခုနှစ် အောက်တိုဘာလ ညွှန်ကြားချက်ကို အသက်မပြည့်သော စစ်သား စုဆောင်းမှုအား အဓမ္မ လုပ်အားခိုင်းစေခြင်းပုံစံတခုအဖြစ် အတည်ပြုပြီး ရာဇဝတ်ပြစ်မှု အဖြစ် အရေးယူရန် ပါဝင်သည့် မကြာသေးမီက လမ်းညွှန်ချက်များက ထပ်မံ အားဖြည့်ထားသည်။

ထပ်ဆောင်း ညွှန်ကြားချက်များ နှင့် လမ်းညွှန်ချက်များနှင့်အတူ အသက် ၁၈နှစ်အောက် ကလေးများအား “ချွင်းချက်” အဖြစ် လက်ခံသည့် ယခင် အသုံးပြုနေသော လမ်းကြောင်း များကိုလည်း ဖယ်ရှားခဲ့သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအထိ (၁၀ တန်း “ချွင်းချက်”) ဖြစ်သည့် အသက် ၁၆ နှစ်ရှိပြီး ၁၀ တန်းအောင်မြင်သော ကလေးများအား တပ်ရေးချုပ်၏ အထူး ခွင့်ပြုချက်ဖြင့် စစ်သားစုဆောင်းခွင့်ပေးထားသည်။ (၂၀၁၂ ခုနှစ်တွင် ယင်း "ချွင်းချက်" ဖြင့်

[66] ပြည်ထဲရေး ဝန်ကြီးဌာန။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၊ အမိန့်အမှတ် ၁/၉၉။ ၁၉၀၇ ခုနှစ် မြို့ပြ ဥပဒေနှင့် ၁၉၀၇ ခုနှစ် ကျေးလက် ဥပဒေ၏ အချို့သော သတ်မှတ်ချက်များ အောက်တွင် အာဏာ မသုံးရန် ညွှန်ကြားချက် အမိန့်၊ ရန်ကုန်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၊ ၁၉၉၉ မေလ ၁၄ ရက်။

[67] အမိန့်အမှတ် ၁/၉၉ နှင့် ဖြည့်စွက် အမိန့်တို့တွင် အဓမ္မ အလုပ်ခိုင်းစေခြင်းကို အဓိပ္ပာယ် မဖွင့်ဆိုထားပဲ အိုင်အယ်အို ကျွမ်းကျင်သူများ ကော်မတီက မြန်မာ ဥပဒေ ပြုရေး အနေဖြင့် ရှင်းရှင်းလင်းလင်း ဖြစ်စေရန် ၂၀၁၂ ခုနှစ်အထိ ဆက်လက် တောင်းဆိုခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ရပ်ကွက်နှင့် ကျေး ရွာ အုပ်စု အုပ်ချုပ်ရေး ဥပဒေ ဖြည့်စွက်ချက်နှင့်အတူ ထွက်ရှိလာသောအခါ အဓမ္မ အလုပ်ခိုင်းစေခြင်းကို ရှင်းလင်းစွာ အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည်။ ယင်းတွင် အသက်မပြည့်သည့် စစ်သား စုဆောင်းမှုကို အဓမ္မ လုပ်အား ခိုင်းစေမှုအဖြစ် လွှမ်းခြုံသည့် အဓိပ္ပာယ် ဖွင့်ဆိုချက်ဖြစ်သည်။

[68] ရာဇဝတ်မှု ဥပဒေ ပုဒ်မ ၃၇၄ ။ "လူတဦးတယောက်၏ ဆန္ဒနှင့် ဆန့်ကျင်ပြီး မည်သည့် လူပုဂ္ဂိုလ် တဦးတယောက်ကို မဆို အလုပ်ခိုင်းစေခြင်းသည် ရာဇဝတ်မှု မြောက်ပြီး ၁၂ လ ထက်မပိုသော ထောင်ဒဏ်၊ သို့မဟုတ် ငွေဒဏ် သို့မဟုတ် နှစ်ခု စလုံး ကျခံစေနိုင်သည်။"

[69] ငါးနှစ်ကြာ ဆွေးနွေးညှိနှိုင်းပြီးနောက် ၂၀၁၂ ဇွန်လ ၂၈ ရက်နေ့တွင် ဂျေအေပီကို မြန်မာအစိုးရနှင့် ကုလသမဂ္ဂတို့အကြား လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်သက်ဝင်သည်။

*တပ်မတော်-ကြည်း*က ကလေး ၁၆၇ ဦးကို စုဆောင်းခဲ့သည်။)[70] သို့သော်လည်း ယင်းအလေ့အထအား ဆက်လက်ကျင့်သုံးခြင်း မပြုတော့ကြောင်း အစီရင်ခံချက်များ ရရှိသည်။

## 3.2 အသက်မပြည့်သော ကလေးများအား စစ်သားစုဆောင်းခြင်းအား တားမြစ်ခြင်းအပေါ် သိနားလည်မှု တိုးမြှင့်ခြင်းနှင့် သင်တန်းများ

၂၀၁၃ ခုနှစ်တွင် ကုသမဂ္ဂအေဂျင်စီများနှင့် အနီးကပ်ပူးပေါင်းလျက် မြန်မာအစိုးရသည် နိုင်ငံတဝှမ်း သိနားလည်မှု မြှင့်တင်ရေး စီမံကိန်းကို အကောင်အထည်ဖော်ခြင်း၊ ဂျေအေပီနှင့် ပတ်သက်သည့် အချက်အလက်များ ဖြန့်ဝေခြင်း၊ အသက်မပြည့်သော ကလေးများအား စစ်သား စုဆောင်းမှုကို တားမြစ်ခြင်းအား အလေးထား လုပ်ဆောင် ခြင်းများ လုပ်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် မြို့ကြီး ၆၆ မြို့တွင် ဆိုင်းပုဒ်ကြီးများ ထောင်ခြင်း အပါအဝင် အထွေထွေ ပြည်သူလူထုအား အသိပေးရန်အတွက် ဆိုင်းပုဒ်များ၊ ပိုစတာများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ တဆင့် အသိပေးခြင်းကို အသုံးပြုခဲ့သည်။

မြန်မာအစိုးရသည် အသက်မပြည့်သော ကလေး စစ်သားစုဆောင်းမှု ကာကွယ်ရေး သတင်းအချက်အလက်များကို သင်တန်းအစီအစဉ်များတွင်လည်း ထည့်သွင်းခဲ့သည်။ နှစ်ပတ်လည် သင်တန်းများတွင် တပ်ကြပ်များနှင့် တပ်ကြပ်ကြီးများအား သင်ကြားပေး သည်။[71] မြန်မာစစ်တပ်အဆိုအရ ဝန်ထမ်း စီမံခန့်ခွဲရေး အတွက် တာဝန်ရှိသော RMC မှ တပ်ရေး အရာရှိများအားလုံးသည် အသက်မပြည့်သော ကလေးများ စုဆောင်းခြင်းနှင့် ပတ်သက်သည့် သင်တန်းများနှင့် ဂျေအေပီအောက်တွင် ပြုလုပ်ထားသော ကတိကဝတ်များအား အသေးစိတ်ဖော်ပြထားသည့် စာအုပ်ငယ်များ ရရှိကြသည်။[72] ထို့အပြင် အသက် ၁၈ နှစ်အောက် ကလေးများအား စစ်သားစုဆောင်းခြင်း မပြုရန် ရှင်းလင်းသော လမ်းညွှန်ချက်များပါသည့် ဂျေအေပီနောက်ကွယ်က အခြေခံ စည်းမျဉ်းစည်းကမ်းများ ချမှတ်ပါရှိသည့် အိတ်ဆောင် ကဒ်ပြားများကို မြန်မာအစိုးရက *တပ်မတော်*၏ တပ်ရင်းအသီးသီးသို့ ဖြန့်ဝေထားသည်။ သို့ရာတွင် နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့က နားလည်ထားသည်မှာ ကုလသမဂ္ဂ စီတီအက်ဖ်အမ်အာရ်သည် နယ်ခြားစောင့်တပ်ဖွဲ့များနှင့် ထိတွေ့ခွင့်ရပြီး သင်တန်းများ ပို့ချခြင်းနှင့် ကဒ်ပြားများ ဖြန့်ဝေခွင့် ရရှိသော်လည်း တိုင်းရင်းသား ဘာသာစကားဖြင့် သတင်းအချက်အလက်များကို ရယူနိုင်ခြင်း မရှိခြင်း အပါအဝင် အကြောင်းရင်း အမျိုးမျိုးကြောင့် နယ်ခြားစောင့်တပ်ဖွဲ့များသည် လိုက်နာရန် အားနည်း နေကြဆဲဖြစ်သည်။

ကုလသမဂ္ဂ စီတီအက်ဖ်အာရ်အမ် CTFMR နှင့် ပူးပေါင်းလုပ်ဆောင်မှု အစိတ်အပိုင်း အနေဖြင့် မြန်မာစစ်တပ်အနေဖြင့် နိုင်ငံ တဝှမ်းရှိ စစ်တပ် ဆုံချက်နေရာ RMC ၁၄ ခုတွင် သင်တန်းများ ပို့ချခဲ့သည်။ ယင်းဆုံချက်နေရာများမှာ စစ်တိုင်းဒေသအမျိုးမျိုးမှ တပ်ရေး ဗိုလ်ကြီးများ သင်တန်း၏ တာဝန်ခံများ ဖြစ်သည်။ ယင်းသို့ သင်တန်းဆရာများအား သင်တန်းပို့ချခြင်း အစီအစဉ်အားဖြင့် ကာကွယ်ရေး ဝန်ကြီးဌာနသည် ဂျေအေပီ သဘောတူညီချက်များကို *တပ်မတော်-ကြည်း*ရှိ အမိန့်ပေး တပ်မှူးများအားလုံး အပြည့်အဝ နားလည်စေရန် ကြိုးစားဆောင်ရွက်နေကြောင်း ပြောသည်။[73]

---

[70] ကုလသမဂ္ဂ အထွေထွေ ညီလာခံ၊ အထွေထွေအတွင်းရေးမှူး၏ မြန်မာနိုင်ငံရှိ ကလေးများနှင့် လက်နက်ကိုင် ပဋိပက္ခအစီရင်ခံစာ၊ ကုလ စာတမ်း။ S/2013/258၊ ၂၀၁၃ ခုနှစ် မေလ ၁ ရက်၊ စာပိုဒ် ၄၅ (ဃ)

[71] နိုင်ငံတကာကလေးစစ်သားများဆိုင်ရာအဖွဲ့နှင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၀ရက် နေပြည်တော်တွင် လက်ထောက် တပ်ရေးချုပ် ဗိုလ်ချုပ် သန်းစိုးဦးဆောင်သည့် မြန်မာအစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် အစည်းအဝေး။

[72] နိုင်ငံတကာကလေးစစ်သားများဆိုင်ရာအဖွဲ့၊ တပ်အင်အား ဦးစီးဌာနညွှန်ကြားရေးမှူး ဗိုလ်ချုပ် ငွေသိမ်းနှင့် မေးမြန်းချက်၊ နေပြည်တော်၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၀ ရက်။

[73] နိုင်ငံတကာကလေးစစ်သားများဆိုင်ရာအဖွဲ့၊ တပ်အင်အား ဦးစီးဌာနညွှန်ကြားရေးမှူး ဗိုလ်ချုပ် ငွေသိမ်းနှင့် မေးမြန်းချက်၊ နေပြည်တော်၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၀ ရက်။

အစိုးရ၏ ဆောင်ရွက်ချက်များကို အခြားသော သက်ဆိုင်သူများ၏ လုပ်ငန်းများနှင့် အားဖြည့်ခြင်းဖြင့် သင်တန်းကျောင်းများနှင့် စစ်သားစုဆောင်းရေး ဌာနများရှိ သင်တန်းများတွင် အသက်မပြည့်သူ စစ်သားစုဆောင်းခြင်း ကိစ္စကို ထည့်သွင်း ဆွေးနွေးသည်။ အသက်မပြည့်သော စစ်သား စုဆောင်းခြင်းဆိုင်ရာ အသိပညာပေးမှုကို ကုလသမဂ္ဂ စီတီအက်ဖ်အမ်အာရ် အဖွဲ့ဝင်များ ဂျေအေပီ အကောင်အထည်ဖော်ဆောင်မှု သုံးသပ်ချက်များပြုလုပ်ရန်အတွက် စောင့်ကြည့်လေ့လာရေး ခရီးစဉ်များတွင်လည်း ထည့်သွင်း ဆွေးနွေးသည်။

သင်တန်းများနှင့် အသိပညာမြှင့်တင်ရေး လုပ်ငန်းများသည် အသက်မပြည့်သော ကလေးငယ်များအား စစ်သားစုဆောင်းခြင်း၏ တရားမဝင်မှုအပေါ် လူထု သိနားလည်မှု အပေါ်တွင်လည်း သက်ရောက်မှုများ စတင်ဖြစ်ပေါ်လျက်ရှိသည်။ ယင်းကို အသက်မပြည့်သော ကလေး စစ်သားစုဆောင်းမှု လူထု အရေးပေါ် တိုင်ကြား မှု ဖုန်းလိုင်း[74]နှင့် အိုင်အယ်အို တိုင်ကြားမှု ယန္တယားတွင် တိုင်ကြားမှု အရေအတွက် တိုးတက်လာခြင်းက သက်သေအထောက်အထားတခု ဖြစ်သည်။[75]

## 3.3 မြန်မာစစ်တပ်နှင့် စစ်သား စုဆောင်းရေး လုပ်ငန်းစဉ်များ

### 3.3.1 စစ်သားစုဆောင်းရေး လုပ်ငန်းစဉ်များ

တပ်အင်အား ဦးစီးဌာနသည် လက်နက်ကိုင် တပ်ဖွဲ့များ၏ စစ်သား စုဆောင်းရေး ယူနစ်များနှင့် စစ်သားစုဆောင်းရေး ဌာနများကဲ့သို့ လက်နက်ကိုင်တပ်ဖွဲ့ စစ်သား စုဆောင်းရေး ဘက်ပေါင်းစုံအနေနှင့် *တပ်မတော်-ကြည်း*၏ တပ်သားသစ် လိုအပ်ချက် နှင့် အနည်းဆုံး တပ်သားသစ်လိုအပ်ချက်ကို ပြည့်မှီစေရန် စစ်တပ် စုဆောင်းရေးကို ကြီးကြပ်သည်။ သို့ဖြစ်ရာ တပ်အင်အား ဦးစီးဌာနသည် တပ်ရေးချုပ် ရုံး[76] နှင့်အတူ အသက် မပြည့်သူ စစ်သားစုဆောင်းမှု တားဆီးကာကွယ်ရေးကို အကောင်အထည်ဖော်ရာတွင် မြန်မာစစ်တပ်၏ ဆုံချက်ဖြစ်သည်။ တပ်အင်အား ဦးစီးဌာနမှ အဆင့်မြင့်အရာရှိများသည် ၂၀၁၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော အသက်မပြည့်သော ကလေး စစ်သားစုဆောင်းမှု ကာကွယ်ရေး ကော်မတီကို ဦးဆောင်သည်။[77]

ယခု လက်ရှိအချိန်အထိ စစ်သားစုဆောင်းခြင်းကို စစ်သားစုဆောင်းရေး ဌာနများသည် လှုပ်ရှား စစ်သားစုဆောင်းရေး ယူနစ်များမှ တဆင့် လမ်းကြောင်းဖြင့် တပ်ရင်းများသို့ ပို့ဆောင်သည်။ စစ်သားစုဆောင်းရေး ယူနစ်များ( တခါတရံ စစ်သားစုဆောင်းရေး လှုပ်ရှားယူနစ်များ ဟုခေါ်သည်) သည် ဗဟိုချုပ်ကိုင်မှု မရှိပဲ ပင်မ စစ်သားစုဆောင်းရေး ဌာန ၄ ခုသို့ တပ်သားသစ်များ ပို့ဆောင်သည်။ ပင်မ စစ်သားစုဆောင်းရေး ဌာနများသည် ဒု-ဗိုလ်မှူးကြီး သို့မဟုတ် ဗိုလ်မှူးကြီး တဦး၏ အမိန့်အောက်တွင် လုပ်ဆောင်သည်။[78] ယင်း စစ်သား စုဆောင်းရေး ဌာနများမှ တဆင့် တပ်သို့ဝင်ရောက်လာသော တပ်သားသစ်များကို သင်တန်းဌာနများသို့ ပို့ဆောင်သည်။ အခြား

---

74 ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် မြန်မာအစိုးရ၏ *တပ်မတော်*မှ ကလေးများအား စုဆောင်းခြင်း အဆုံးသတ်ရေး ကတိကဝတ်ကို လူထု သိရှိနားလည်မှု မြှင့်တင်သည့် နိုင်ငံတဝှမ်း စည်းရုံးလှုံ့ဆော်မှုများကို ယူနီဆက်ဖ်က ပံ့ပိုးခဲ့သည်။ ယင်းစည်းရုံးလှုံ့ဆော်မှု၏ အစိတ်အပိုင်းအဖြစ် ကုလသမဂ္ဂ စီတီအက်ဖ်အမ်အာရ်၊ ယူနီဆက်ဖ်နှင့် ဝေါလ်ဗီးရှင်းအဖွဲ့များက အရေးပေါ် ဖုန်းနံပါတ် ၂ ခု (၀၉ ၄၂၁၁ ၆၆၇၀၁ နှင့် ၀၉ ၄၂၁၁၆၆၇၀၂) တို့ကို *တပ်မတော်*၏ ကလေးစစ်သား စုဆောင်းမှု ဖြစ်ရပ်များကို လူတိုင်းက သတင်းပေးနိုင်ရန် စီမံခန့်ခွဲထားသည်။

75 ကုလသမဂ္ဂ အထွေထွေ ညီလာခံ၊ ကလေးများနှင့် လက်နက်ကိုင် ပဋိပက္ခအပေါ် အထွေထွေ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ၊ ကုလစာတမ်း။ S/2014/339၊ ၂၀၁၄ ခုနှစ် မေလ ၁၅ ရက်၊ စာပိုဒ် ၁၁၅။

76 တပ်ရေးချုပ်သည် စစ်တပ်၏ စီမံခန့်ခွဲရေး အရာရှိချုပ်ဖြစ်ပြီး တရားရှေ့နေချုပ်၊ စစ်တပ် အတွင်းဝန်နှင့် လက်ထောက် တပ်ရေးချုပ်တို့က အစီရင်ခံ သတင်းပို့ရသည်။

77 ၂၀၁၄ ခုနှစ် ဇန္နဝါရီတွင် မြန်မာအစိုးရသည် "အသက်မပြည့်သော ကလေး စစ်သားစုဆောင်းခြင်းအား ကာကွယ်ရန်၊ အသက်မပြည့်သော ကလေးများ၏ အကျိုးစီးပွားကာကွယ်ရန်နှင့် အသက်မပြည့်သေးသော ကလေးသူငယ်များ ကာကွယ်ရေးဆိုင်ရာ အမိန့်နှင့် လမ်းညွှန်ချက်များ သစ္စာရှိစွာ လိုက်နာရန်" အတွက် အသက်မပြည့်သော ကလေး စစ်သားစုဆောင်းခြင်း ကာကွယ်ရေး ကော်မတီကို တည်ထောင်ခဲ့သည်။

78 မြန်မာစစ်တပ်အတွက် အဓိက စစ်သား စုဆောင်းရေး ဌာနများသည် မကွေး၊ စစ်ကိုင်း၊ ရန်ကုန်နှင့် မန္တလေး တိုင်းဒေသကြီးများတွင် တည်ရှိသည်။

တပ်သားသစ်များအားလုံးကို RMC[79] ၁၄ ခုမှ တခုခုသို့ ပို့ဆောင် စီစစ်ပြီး နောက်တွင် သင်တန်းပေးသည်။ သင်တန်းအတွင်းတွင် တပ်သားသစ်အားလုံးအား စစ်တပ် အသိအမှတ်ပြုနံပါတ်များ (ကိုယ်ပိုင် နံပါတ်များ) ပေးသည်။

အသက်မပြည့်သေးသော စစ်သားသစ်များအား ယခုအချိန်အထိ ဗဟိုချုပ်ကိုင်မှု မရှိသော စစ်သား စုဆောင်းရေး လုပ်ငန်းစဉ်မှ တဆင့် စစ်တပ်တွင်းသို့ အထူးသဖြင့် တပ်ရင်း အဆင့်တွင် ဝင်ရောက်လာကြသည်။[80] ဗိုလ်ကြီး သို့မဟုတ် တခါတရံတွင် ဗိုလ်မှူး အဆင့် ဦးစီးသော စစ်သားနှစ်ဦး ပါဝင်သည့် လှုပ်ရှား စစ်သားစုဆောင်းရေး ယူနစ်များ[81] ကလည်း စစ်သားစုဆောင်း ရေး လုပ်ဆောင်ကြသည်။ လှုပ်ရှားယူနစ်များ၏ အမှန်တကယ် လုပ်ဆောင်မှုများကို မသိရှိရပေ။ သူတို့အနေဖြင့် တပ်သားသစ်များ ရှာဖွေခြင်း၊ စစ်တိုင်းဒေသ စီစစ်ရေး ဘုတ်အဖွဲ့သို့ စာရွက်စာတမ်းများ စုဆောင်းတင်ပြခြင်းနှင့် စစ်သားစုဆောင်းရေး ဌာနများသို့ ခေါ်ဆောင်ခြင်းတို့အတွက် တာဝန်ခံရသည်။ အခြား မြန်မာ့တပ်မတော်ရှိ စစ်သားစုဆောင်းရေး အခြေခံဖွဲ့စည်းပုံများနှင့် မတူပဲ လှုပ်ရှား ယူနစ်များသည် အလွယ်တကူ ဖျက်သိမ်းခြင်း နှင့် ပြင်ဆင်ခြင်းတို့ကို အသက်မပြည့်သူ စစ်သား စုဆောင်းမှုနှင့် ပတ်သက်၍သူတို့၏ လှုပ်ရှားမှုများအပေါ် ထိရောက်သော စောင့်ကြည့်ခြင်းနှင့် တာဝန်ခံခြင်းတို့ကို ရှောင်ရှားနိုင်သည်။

နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့က စစ်ရေး ညွှန်ကြားချက်တခုကို ၂၀၁၄ ခုနှစ် ဖွန်လတွင် ထုတ်ပြန်လိုက်ကြောင်း နားလည်ထားသည်။ ယင်းတွင် တပ်ရင်းအဆင့်မှ စစ်သား စုဆောင်းခြင်း လုပ်ငန်းစဉ်ကို ရပ်ဆိုင်းလိုက်ပြီး လေ့ကျင့် ထားသော စစ်သားစုဆောင်းရေး ယူနစ်များမှတဆင့်သာ စုဆောင်းခွင့်ပြုထားကြောင်း ပါရှိသည်။[82]

အချို့သော စစ်သားစုဆောင်းရေး လုပ်ငန်းစဉ်အဆင့်များကို *တပ်မတော်-ကြည်*အတွင်း အားဖြည့်ဆောင်ရွက်နိုင်ခဲ့သော်လည်း အမျိုးမျိုးသော စစ်သား စုဆောင်းရေး လမ်းကြောင်းများကို ထိရောက်သော စောင့်ကြည့်လေ့လာမှုနှင့် ကြီးကြပ်မှု ပြုလုပ်ရန် အတွက် ထိရောက်သော ယန္တယားများ ယခုတင် တည်ဆောက်နိုင်ခြင်း မရှိသေးပါ။ ၂၀၁၃ ခုနှစ်တွင် *တပ်မတော်-ကြည်*သည် စစ်တိုင်းဒေသကြီး ၁၄ ခုလုံးတွင် လှုပ်ရှား စစ်သား စုဆောင်းရေး ယူနစ်များနှင့် တပ်ရင်းများမှ စစ်တပ်သို့ဝင်လာသော တပ်သားသစ်များ၏ ဖိုင်တွဲများကို သုံးသပ်နိုင်သည့် စီစစ်ရေး ဘုတ်အဖွဲ့များ ဖွဲ့စည်းနိုင်ခဲ့သည်။ ဆေးဖက်ဆိုင်ရာ အရာရှိတဦး အပါအဝင် အဆင့်မြင့်အရာရှိ ၄ ဦးပါဝင်သည့် စီစစ်ရေး ဘုတ်အဖွဲ့၏ ရည်ရွယ်ချက်မှာ အသက်မပြည့်သေးသော ဝင်ရောက်လာသူများ ဖော်ထုတ်ရေး အပါအဝင် စစ်သားသစ်များ၏ ဖိုင်များကို ဖတ်ရှုပြီး စစ်တပ်အတွင်း သင့်တော်ရာ နေရာများအတွက် စစ်ဆေးပေးရခြင်း ဖြစ်သည်။ သို့ရာတွင် စီစစ်ရေး ဘုတ်အဖွဲ့သည် အသက်အရွယ်ပေါ် အခြေခံပြီး တပ်သားသစ် များအား ငြင်းပယ်ခဲ့ကြောင်း အများသိ သတင်းအချက်အလက်များ ရရှိခြင်း မရှိသေးပါ။ လုပ်ငန်း လွတ်လပ်ခွင့် အားနည်းခြင်းကြောင့် စီစစ်ရေး ဘုတ်အဖွဲ့သည် စစ်သား စုဆောင်းရေး လုပ်ငန်းစဉ်အပေါ် အမှန်တကယ် ထိန်းချုပ်မှုကို အသုံးမပြုနိုင်သေးပါ။ ကုလသမဂ္ဂ စီတီအက်ဖ်အမ်အာရ် ၏ နောက်ပိုင်းတွင် အသက်မပြည့်သည်ကို တွေ့ရှိခဲ့ရသည့် ဖြစ်နိုင်ချေရှိသော အသက်မပြည့်သူများစာရင်းတွင် ပါဝင်သူများသည် စီစစ်ရေးအဖွဲ့က လေ့လာသုံးသပ်ပြီးသူများ ဖြစ်ကြသည်။ ယင်းက သူတို့တွင် အသက် ၁၈ နှစ်အောက် တပ်သားသစ်များကို တားဆီးရန်

[79] လှုပ်ရှား စစ်သားစုဆောင်းရေး ယူနစ်များကို တပ်မတော်က ဖွဲ့စည်းထားပြီး စစ်တပ် အတွက်လိုအပ်သော စစ်သားသစ်များ ပုံမှန်ရရှိစေရန် အာမခံရသည်။ ယုံကြည်ရလောက်သော အရင်းအမြစ်များ၏ အဆိုအရ ရန်ကုန်မြို့ တခုတည်းတွင် လှုပ်ရှား စစ်သားစုဆောင်းရေး ယူနစ် ခန့်မှန်းခြေအားဖြင့် ၁၅ ခုခန့်ရှိသည်။

[80] နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့၊ လျှို့ဝှက် မေးမြန်းချက်၊ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၃ ရက်။

[81] လှုပ်ရှား စစ်သားစုဆောင်းရေး ယူနစ်များကို *တပ်မတော်က* ဖွဲ့စည်းထားပြီး စစ်တပ် အတွက်လိုအပ်သော စစ်သားသစ်များ ပုံမှန်ရရှိစေရန် အာမခံရသည်။ ယုံကြည်ရလောက်သော အရင်းအမြစ်များ၏ အဆိုအရ ရန်ကုန်မြို့ တခုတည်းတွင် လှုပ်ရှား စစ်သားစုဆောင်းရေး ယူနစ် ခန့်မှန်းခြေအားဖြင့် ၁၅ ခုခန့်ရှိသည်။

[82] ၂၀၁၄ ဖွန်လ စစ်တပ်ညွှန်ကြားချက်မှာ နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့တွင် ဖိုင်တွဲထားနိုင်ခြင်း မရှိပါ။

(မည်သူမည်ဝါ ဖော်ပြသော စာရွက်စာတမ်းများကို) စစ်ဆေးရန် လိုအပ်သော နည်းပညာဆိုင်ရာ အရည်အသွေး သို့မဟုတ် ဆန္ဒ မရှိကြောင်း ပြသနေသည်။

### 3.3.2 စစ်သား စုဆောင်းရေးအတွက် လိုအပ်ချက်များ

ဝင်ရောက်လာသော စစ်သားသစ်များသည် သူတို့၏ အထောက်အထား စာရွက် စာတမ်းများကို စစ်သားစုဆောင်းရေး အရာရှိများအား ပြသရသည်။ အနိမ့်ဆုံး အနေဖြင့် သူတို့သည် အမျိုးသားမှတ်ပုံတင် ကဒ်ပြား သို့မဟုတ် နိုင်ငံသား စီစစ်ရေး ကဒ်ပြားကို ပြသရသည်။ ယေဘူယျအားဖြင့် အခြားအထောက်အထားများကိုလည်း မည်သူမည်ဝါ ဖြစ်သည်ဆိုသည်နှင့် အသက် ဖော်ပြရန်အတွက် အသုံးပြုနိုင်သည်။ ယင်းတို့တွင် အိမ်ထောင်စုစာရင်း၊ ကျောင်းဝင် စာရင်းသွင်း စာရွက်စာတမ်းများ၊ မြို့နယ် အာဏာပိုင်များ၏ စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ နှင့် ရဲစခန်းမှ ရာဇဝတ်မှုမှတ်တမ်း ကင်းရှင်းကြောင်း ထောက်ခံချက်တို့ ပါဝင်သည်။ မြန်မာစစ်တပ်ကို ဝင်ရောက်နိုင်ရန် သတ်မှတ်ထားသော အနိမ့်ဆုံး ပညာအရည် အချင်းမှာ လေးတန်းအောင် ဖြစ်သည်။ သို့ရာတွင် နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့က ရရှိထားသော အချက် အလက်များက ယင်းကို တခါတရံတွင် လျစ်လျူရှုထားပြီး အမှန်တကယ်တွင် ပညာအရည်အချင်းဆိုင်ရာ သတ်မှတ်ချက်ကို စစ်သား စုဆောင်းရေး လုပ်ငန်းစဉ်တွင် ထည့်သွင်းစဉ်းစားခြင်းမရှိသည်ကို တွေ့ရသည်။[83]

လိုအပ်သော စာရွက်စာတမ်းများအပြင် စစ်တပ် လုပ်ထုံးလုပ်နည်းများအရ တပ်သား သစ်များသည် ဆေးစစ်မှုကို ခံယူရသည်။ ယင်းတို့တွင် ခန္ဓာကိုယ်[84] အမြင်စစ်ဆေးချက် ၁၃ ချက်နှင့် လက်ကောက်ဝတ် ခါတ်မှန်၊ ခြေထောက်များနှင့် လက်ချောင်းများအား ဆေးဖက်ဆိုင်ရာ စမ်းသပ်စစ်ဆေးခြင်း၊ မျက်စိစမ်းသပ်ခြင်းနှင့် မျိုးပွားအင်္ဂါများ စစ်ဆေးခြင်း အပါအဝင် ခန္ဓာကိုယ် အစိတ်အပိုင်း အမျိုးမျိုးအား စမ်းသပ်စစ်ဆေးခြင်းတို့ ပါဝင်သည်။ ယင်းစစ်ဆေးမှုများသည် လူပုဂ္ဂိုလ်တဦးသည် စစ်တပ်အတွက် ခန္ဓာကိုယ် သန်စွမ်းမှု ရှိမရှိ ရည်ရွယ်ချက်ကို ဖြည့်စည်းပေးသော်လည်း ဆေးဖက်ဆိုင်ရာ စမ်းသပ်ချက်များ သည် မှန်ကုန်သော အသက် ဆုံးဖြတ်မှုအတွက် မှီခိုနိုင်ခြင်းမရှိပေ။[85]

တပ်သားသစ် တဦးချင်းအတွက် ပုဂ္ဂိုလ်ရေး ဖိုင်တွဲများကို စစ်တပ်က ဖွင့်ပေးသည်။ စည်းမျဉ်းစည်းကမ်းများအရ ယင်းတွင် အမျိုးသား မှတ်ပုံတင်၊ အိမ်ထောင်စု စာရင်း၊ ကျောင်းထွက်လက်မှတ်နှင့် ဆေးဖက်ဆိုင်ရာ အချက်အလက် မိတ္တူများ ပါဝင်ရမည်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတကာ ကလေးစစ်သားများဆိုင်ရာ အဖွဲ့က နားလည်ထားသည်မှာ တပ်သားသစ်၏ အသက်ကို ဖော်ပြသော အထောက်အထားများမှာ ဖိုင်တွဲများတွင် မကြာခဏ မပါရှိကြောင်း နားလည်ထားသည်။[86] တပ်သားသစ်၏ ပုဂ္ဂိုလ်ရေးဖိုင်၏ စာရွက်စာတမ်း မိတ္တူများကို စစ်သားစုဆောင်းရေး ဌာန၊ တာဝန်ကျ တပ်ရင်းနှင့် နေပြည်တော်ရှိ စစ်ရုံးချုပ်တွင် ထိန်းသိမ်းထားသည်။ သို့သော်လည်း နိုင်ငံတကာ ကလေးစစ်သားများဆိုင်ရာ အဖွဲ့က သိရှိရသလောက်တွင် ဗဟိုက ထိန်းသိမ်းထားသော စစ်သားသစ်များ၏ အချက်အလက်များ မရှိပေ။

---

[83] နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့၊ လျို့ဝှက် အင်တာဗျူး၊ လန်ဒန်၊ ၂၀၁၄ ခုနှစ် မေလ ၂ ရက်။

[84] ၁၃ မှတ် စီစစ်မှု စာရင်းတွင် အောက်ပါ ခန္ဓာကိုယ် မသန်စွမ်းမှု အချက်အလက် စီစစ်ခြင်းများ ပါဝင်သည်။ စကားပြော နိုင်စွမ်းချို့ယွင်းမှု၊ နားကြားနိုင်စွမ်းချို့ယွင်းမှု၊ အမြင်အာရုံ ချို့ယွင်းမှု၊ ကိုယ်ခန္ဓာ ဖွံ့စည်းမှု လွဲမှားခြင်း၊ ခြေဖျားများ ပြားနေခြင်း၊ ကိုယ်အနေအထား မကောင်းခြင်း၊ ပြန်ရည် ဂလင်းများ လွဲမှားခြင်း၊ သွားချို့တဲ့ခြင်း၊ နာဗ်ကြောစနစ် မကောင်းခြင်း၊ အူကျခြင်း ခြေထောက် သွေးပြန်ကြော မကောင်းခြင်း၊ ပေါ်လီဒက်တိုင်းလ်နှင့် အော်လီဂို ဒက် တိုင်းလ်။

[85] တယ်ရီ စမစ် (Terry Smith)နှင့် လော်ရာ ဘရောင်းလီးစ်၊ *အသက် စမ်းစစ်မှု အလေ့အထများ၊ ဘာသာစကား သုံးသပ်ချက်နှင့် ကိုယ်ရေးရာဇဝင် သတ်မှတ်ချက်*။ ယူနီဆက်ဖ်၊ ၂၀၁၁ ခုနှစ်၊ စာမျက်နှာ ၂၀။ http://www.unicef.org/protecti on/Age_Assessment_Practices_2010.pdf

[86] နိုင်ငံတကာကလေးစစ်သားများဆိုင်ရာအဖွဲ့၊ လျို့ဝှက် တွေ့ဆုံ မေးမြန်းချက်၊ လန်ဒန်၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ။

| **တပ်သားသစ်ဖိုင်များတွင် ပုံမှန် လိုအပ်သော အချက်အလက်များ**[87] | |
|---|---|
| **စစ်သားစုဆောင်းခံရသူများ က ထုတ်ပေးရသည်များ** | **စစ်သားစုဆောင်းသူများ က ထုတ်ပေးရသည်များ** |
| မွေး စာရင်း | အပြည့်အဝ ကိုက်ညီသော လျှောက်လွှာပုံစံ |
| အမျိုးသား မှတ်ပုံတင် ကဒ်ပြား (NRC) သို့ | ခန္ဓာကိုယ် အမြင် စစ်ဆေးမှု ၁၃ ချက် |
| နိုင်ငံသား စီစစ်ရေး ကဒ်ပြား (CSC) | ခန္ဓာကိုယ် စစ်ဆေးမှု ၁၆ ချက် |
| အိမ်ထောင်စု မှတ်ပုံတင် ဇယား | |
| ရပ်ကွက် အုပ်ချုပ်ရေးမှူး ထောက်ခံစာ | |
| ကျောင်း စာရင်းသွင်း စာရွက်စာတမ်းများ | |
| ရဲမှတ်တမ်း | |
| မိဘ(များ) သို့မဟုတ် ဇနီး၏ သဘောတူညီချက် | |
| တပ်သားသစ်၏ သဘောတူညီချက် | |

### 3.3.3 မွေးစာရင်းနှင့် အသက်မပြည့်သော စစ်သား စုဆောင်းခြင်း

မြန်မာနိုင်ငံ ၁၉၉၃ ခုနှစ် ကလေးဥပဒေ အခန်း ၂၄ လုပ်ထုံးလုပ်နည်း အရ မိဘများ သို့မဟုတ် အုပ်ထိန်းသူများသည် ကလေးမွေးဖွားသည့် အချိန်တွင် စာရင်းသွင်းရန် လိုအပ်ပြီး ထို့နောက်တွင် ကလေး အသက် ၁၀ နှစ် ပြည့်နှင့် နောက်ဆုံးတွင် အသက် ၁၈ နှစ်ပြည့်သည့်အချိန်တွင် ထပ်မံ စာရင်းသွင်းရန် လိုအပ်သည်။

နိုင်ငံအတွင်း မွေးစာရင်းသွင်းမှုနှုန်းမှာ မကြာသေးခင်နှစ်များက ၇၂ ရာနှုန်းအထိ မြင့်တက်လာသော်လည်း အားလုံး တပြေးညီမဖြစ်ပဲ ကျေးလက်ဒေသနှင့် ပိုမိုဆင်းရဲသော နေရာများသည် နောက်ကျန်နေရစ်သည်။[88] အဆင်းရဲဆုံး မိသားစုများတွင် သက်ရှိထင်ရှားသော ၅ နှစ်အောက် ကလေးငယ် များတွင် တဝက်သာလျှင် မွေးစာရင်းရှိကြသည်။ ကျေးလက်ဒေသများတွင် ၅ နှစ်အောက် ကလေး ၆၄ ရာနှုန်းသာ မွေးစာရင်းရှိပြီး မြန်မာနိုင်ငံ၏ အဆင်းရဲဆုံး ပြည်နယ်ဖြစ်သော ချင်းပြည်နယ်တွင် ယင်းကိန်းဂဏန်း များမှာ နိမ့်ပါးပြီး ကလေး လေးပုံတပုံ အောက်သာ မွေးစာရင်းရှိသည်။[89]

မြန်မာနိုင်ငံတွင် လက်ရှိအနေအထားတွင် ကလေးများ မွေးစားရင်းသွင်းခြင်းအတွက် မျဉ်းပြိုင် အစီအစဉ်ရှိသည်။ ကျန်းမာရေး ဌာနက ဗဟို စာရင်းအင်း အဖွဲ့နှင့် ပူးတွဲ စီစဉ်သည့် အဆင့်မြင့် မဖြစ်မနေ စာရင်းသွင်း စံနစ်အရ ဒေသခံ ဝမ်းဆွဲဆရာမသည် ကလေးမွေးဖွားပါက မွေးစာရင်း အတွက် အစပျိုးလုပ်ဆောင်ရန် တာဝန်ရှိသည်။ မွေးစာရင်းလက်မှတ်ကို မြို့နယ် ကျန်းမာရေး အရာရှိက ထုတ်ပေးသည်။ ဗဟိုစာရင်းအင်းအဖွဲ့က ဗဟိုအဆင့်တွင် စာရင်းအင်းဆိုင်ရာ အစီရင်ခံစာများ ထုတ်လုပ်ရန်အတွက် ပုံစံများကို စီမံခန့်ခွဲသော်လည်း စာရင်းသွင်းထားသည့်

---

[87] ဤအချက်အလက်သည် စီမံခန့်ခွဲရေး ဆိုင်ရာ ပုံစံ အများအပြားကို ဖိုင်အတွင်း ထည့်သွင်းထားသည်။ ယင်းတို့တွင် လက်ဗွေနှင့် ဆေးဖက်ဆိုင်ရာ မှတ်တမ်း၊ တပ်သား သစ်၏ ဆန္ဒပြု လက်မှတ်ရေးထိုးမှုနှင့် ရာဇဝတ်မှတ်တမ်းမရှိကြောင်း အတည်ပြု ပုံစံ၊ တို့ပါဝင်ပြီး တပ်မတော် မှတ်တမ်းဌာနတွင် သိမ်းဆည်းထားသည်။

[88] ယူနီဆက်ဖ်အဆိုအရ မြို့ပြဒေသများရှိ မွေးစာရင်း သွင်းနှုန်းမှာ ၉၄ ရာနှုန်း ရှိပြီး ကျေးလက်ဒေသများတွင်မူ ၆၄ ရာနှုန်းထက်မပိုပေ။ ကြည့်ရန် http://www.childinfo.org/birth registration tables.php.

[89] အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးမှု ဝန်ကြီးဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ၊ ၂၀၁၁ ခုနှစ်၊ မြန်မာ ဘက်စုံ အညွှန်းအစုအဖွဲ့ စစ်တမ်း၊ ၂၀၀၉-၂၀၁၀။ အပြီးသတ် အစီရင်ခံစာ၊ နေပြည်တော်၊ မြန်မာနိုင်ငံ။

ကလေးများ၏ မှတ်တမ်းများကို ထိန်းသိမ်းထားခြင်း မရှိပေ။ ယင်းစံနစ်အောက်တွင် ကလေးများသည် သူတို့မွေးဖွားရာ နေရာတွင်သာ စာရင်း သွင်းနိုင်သည်။ ကျေးလက်ဒေသရှိ ဆင်းရဲသော မိသားစုများသည် သူတို့၏ ကလေးမွေးဖွားသည့်အခါ ဝမ်းဆွဲဆရာမများနှင့် အဆက်အသွယ်မရှိသဖြင့် အခွင့်အရေး မရဆုံးဖြစ်သည်။[90]

မွေးစာရင်း သွင်းရန် ဒုတိယနည်းလမ်းမှာ မိသားစု မှတ်ပုံတင် စနစ် သို့မဟုတ် "အိမ်ထောင်စု ဇယား" ဖြစ်ပြီး ယင်းကို လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင် ဌာန (INRD) က အထွေထွေ အုပ်ချုပ်ရေး ဌာန (GAD) ၏ ပံ့ပိုးမှုဖြင့် လုပ်ဆောင်သည်။ ဤစနစ်သည် ကလေးများကို မိသားစု၏ အစိတ်အပိုင်းအဖြစ် စာရင်းသွင်းသည်။ သို့သော် အိမ်ထောင်စု စာရင်းသည် အမြဲတမ်း သို့မဟုတ် လူတဦးချင်းအတွက် စာရွက်စာတမ်းမဟုတ်ပဲ ရွှေ့ပြောင်းနေထိုင်သူများအတွက် အိမ်ထောင်စု စာရင်းအသစ် လိုအပ်သည်။

ကလေးအခွင့်အရေး ကာကွယ်ရန်အတွက် မွေးစာရင်းသွင်းခြင်း၏ အရေးကြီးမှုကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားသော်လည်း[91] ကလေးများအား တရားမဝင် စစ်သား စုဆောင်းခြင်း ကာကွယ်ရေး အပါအဝင် မြန်မာနိုင်ငံအတွင်း အကာအကွယ် ပေးရေး အရေးယူဆောင်ရွက်မှုများမှာ နှေးကွေးလျက်ရှိသည်။ အမှန်တကယ်တွင် မြန်မာနိုင်ငံတွင် မွေးစာရင်းသွင်းထားသော ကလေးများ၏ မှတ်တမ်းများကို အီလက်ထရောနစ်နည်းပညာ မှတ်တမ်းများမရှိပေ သို့မဟုတ် နောက်ဆက်တွဲ လုပ်ငန်းစဉ်များမှ တဆင့် စာရင်းသွင်းကြသည်။ မှတ်တမ်းများသည် မြို့နယ်ကျန်းမာရေး ဌာနတွင်သာ စက္ကူ မိတ္တူများအဖြစ် ရှိကြသည်။ အမျိုးသား အဆင့်တွင်မူ စာရင်းသွင်း ပုံစံများကို နှစ်နှစ်ပြည့်ပြီးသည့်အခါတွင် ဖျက်ဆီးလိုက်ကြသည်။[92] မွေးဖွားမှု မှတ်တမ်းထိန်းသိမ်းမှု ညံ့ဖျင်းခြင်းနှင့် စီမံခန့်ခွဲမှု ပုံမှန် မရှိခြင်းတို့ကြောင့် ယင်းကဲ့သို့ မှတ်တမ်းများကို မည်သူမည်ဝါဖြစ်ကြောင်း စာရွက်စာတမ်းများအဖြစ် အသုံးပြုရန် ခက်ခဲပြီး ထိရောက်သော အသက်စစ်ဆေးမှုကို အတားအဆီးဖြစ်စေသည်။ မြန်မာအစိုးရက ထိရောက်သော အသက်စီစစ်မှု ယန္တယားများ မရှိခြင်းကြောင့် ကလေးများကို မှားယွင်းစွာ စစ်သားစုဆောင်းခဲ့ကြောင်း ဝန်ခံသည်။[93]

ကျေးလက်ဒေသများတွင် မွေးစာရင်းမရှိခြင်းကို တစိတ်တပိုင်းဖြေရှင်းရန်၊ နော်ဝေး ဒက္ခသည် ကောင်စီနှင့် မြန်မာအစိုးရ၏ လူဝင်မှုကြီးကြပ်ရေးနှင့် လူဦးရေ ဝန်ကြီးဌာန တို့သည် ပူးတွဲပြီး အထူးသဖြင့် နယ်စပ်ဒေသများရှိ အောက်ခြေအဆင့်တွင် မှတ်ပုံတင်/နိုင်ငံသား စီစစ်ရေး ကဒ်ပြားများ ရရှိစေရန် ရွှေ့လျား ရုံးခန်းများကို တည်ထောင်ခဲ့သည်။ ဤစီမံကိန်းမှ တဆင့်၊ အမျိုးသားမှတ်ပုံတင်/နိုင်ငံသား စီစစ်ရေး ကဒ်ပြားများကို အခမဲ့ နေ့ချင်းပြီး ရရှိစေသည်။ သို့ရာတွင် အမျိုးသားမှတ်ပုံတင်/နိုင်ငံရေး စီစစ်ရေး ကဒ်ပြားများအား အားလုံးနှင့် သက်ဆိုင်သော အခမဲ့ မွေးစာရင်းစံနစ်ကို အစားထိုးရန် ထည့်သွင်းစဉ်းစား၍ မရပါ။ မွေးစာရင်းစံနစ်သည်သာ ဦးစားပေးအဖြစ် ကျန်ရှိနေမည်။

အသက်စီစစ်သော အထောက်အထားများသည် *တပ်မတော်မှ* ကလေးစစ်သား များအား ပြန်လည်လွှတ်ပေးသည့်အချိန်တွင် သူတို့အား သင့်လျော်သည့် ပြန်လည် ထူထောင်ရေး ဝန်ဆောင်မှုများ ရရှိစေရန် အာမခံချက်ရရန်အတွက် တန်းတူ အရေးပါသည်။ နိုင်ငံတကာ ကလေးစစ်သားများဆိုင်ရာ အဖွဲ့သည် ကုလသမဂ္ဂ စီတီအက်ဖ်အမ်အာရ် အစီအစဉ်များမှတဆင့် လွှတ်မြောက်သော ကလေးများသည် ဆေးဖက်ဆိုင်ရာ စစ်ဆေးမှု အပြီးတွင် သူတို့၏ အသက်များကို မှတ်တမ်းတင်ပြီးနောက် နိုင်ငံသား စီစစ်ရေး ကဒ်ပြားများကို လူဝင်မှုကြီးကြပ်ရေး

[90] အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးမှု ဝန်ကြီးဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာန။ မြန်မာ ဘက်စုံ အညွှန်း အစုအဖွဲ့များ စစ်တမ်း။ ၂၀၀၉-၂၀၁၀၊ အပြီးသတ် အစီရင်ခံစာ Op.cit.

[91] မွေးစာရင်းသွင်းခြင်းသည် အထွေထွေညီလာခံ၏ အများအပြားသော အကြောင်း အရာခေါင်းစဉ်များ၊ စီအာရ်စီ၏ အထွေထွေ သဘောထား ၇ ချက်၊ နှင့် ၂၀၁၂ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် HRC ၏ ပဋိညာဉ်ပြု ဆုံးဖြတ်ချက် ဖြစ်နေခဲ့သည်။

[92] ယူနီဆက်ဖ်။ *ကလေးတိုင်း၏ မွေးရာပါ အခွင့်အရေး၊ မွေးစာရင်းသွင်းခြင်းတွင် တရားမျှတမှု မရှိခြင်းနှင့် လမ်းကြောင်းများ၊ နယူးယောက်၊* ၂၀၁၃ ခုနှစ်။

[93] နိုင်ငံတကာကလေးစစ်သားများဆိုင်ရာအဖွဲ့နှင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၀ရက် နေပြည်တော်တွင် လက်ထောက် တပ်ရေးချုပ် ဗိုလ်ချုပ် သန်းစိုးဦးဆောင်သည့် မြန်မာအစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် အစည်းအဝေး။

အာဏာပိုင်များက ထုတ်ပေးကြောင်း နားလည်သည်။ သို့ရာတွင် အစိုးရမှ တိုက်ရိုက်ပြန်လွှတ်သော ကလေးများသည် ယင်းသို့သော အထောက်အထား စာရွက်စာတမ်းများရရှိခြင်းမရှိသဖြင့် ပြန်လည်ထူထောင်ရေး အထောက်အကူများကို ရရှိရန် အတားအဆီး ဖြစ်စေသည့်အပြင် အနာဂတ်တွင် စစ်သားစုဆောင်းမှု အန္တရာယ်ကိုလည်း တွေ့ကြုံရနိုင်သည်။[94]

### 3.3.4 အထောက်အထား စာရွက်စာတမ်းများအား အတုအပပြုလုပ်ခြင်း

အထက်တွင် ဖော်ပြသည့်အတိုင်း (အခန်း ၃-၃-၂)၊ အသက် အထောက်အထား စာရွက်စာတမ်းသည် *တပ်မတော်-ကြည်း* စစ်သားစုဆောင်းရေး ဌာနများအားလုံးတွင် လိုအပ်သည်။ သို့ရာတွင် နိုင်ငံတကာ ကလေးစစ်သားများဆိုင်ရာ အဖွဲ့နှင့် အခြား သုတေသနများအရ နှစ်အတော်ကြာကြာပင် အချက်အလက်များအတိုင်းပြောရလျှင် စစ်သားစုဆောင်းရေး များသည် မကြာမကြာပင် တရားဝင် အထောက်အထား စာရွက်စာတမ်းများ မပါပဲ ဖြစ်ပွားလျက်ရှိသည်။ အချို့ ဖြစ်ရပ်များတွင် အထောက်အထား သက်သေမပြသနိုင်သော တပ်သားသစ်များ အတွက် အတုအပ စာရွက်စာတမ်းများအား ပံ့ပိုးပေးသည်။ အခြားဖြစ်ရပ်များတွင် အလားအလာရှိသော တပ်သားသစ်များကို စစ်သားစုဆောင်း သည့်အချိန်တွင် အသက် ၁၈ နှစ်ပြည့်ကြောင်း စာရွက်စာတမ်းတွင် လက်မှတ်ရေးထိုး စေသည်။

အထောက်အထား စာရွက်စာတမ်းများ အတုအပ ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပုံမှန် အစီရင်ခံချက်များ ရရှိနေခဲ့သည်။ အချို့သော စစ်သားများနှင့် အရပ်သား စစ်သားစုဆောင်းရေး ပွဲစားများသည် ကလေးကို စစ်သားစုဆောင်းရေး ဌာနသို့ ခေါ်ဆောင်မလာမီတွင် စာရွက်စာတမ်းအတုများ ပြုလုပ် ကြောင်း အစီရင်ခံမှုများ ရှိသည်။ အခြားသော ဖြစ်ရပ်များတွင် စစ်သားစုဆောင်းသူများသည် ကလေးများကို သူတို့ စာရင်းသွင်းထားသော နေရာများမှ အခြားသော ပြည်နယ်များသို့ ခေါ်ဆောင်သွားပြီး တပ်သားသစ်သည် အသက် ၁၈နှစ် စာရင်းသွင်းပြီးကြောင်း ဒုတိယ အမျိုးသား မှတ်ပုံတင်ကဒ်ပြားများ ထုတ်ပေးသည်။ အသက် စီစစ်ခြင်း စာရွက်စာတမ်းများကို မွေးစာရင်း ပုံစံများ၊ အိမ်ထောင်စု စာရင်းပုံစံများ နှင့် ကျောင်းဝင် စာရင်းပုံစံများ အလွယ်တကူ အဆင်သင့်ရှိနေသော ဒေသတွင်းရှိ မိတ္တူကူးစက်များတွင် အလွယ်တကူ ပြုလုပ်နိုင်သည်။[95] အကယ်၍ ကလေးသည် ဆေးဖက်ဆိုင်ရာ စမ်းသပ်စစ်ဆေးမှုကို ပုံမှန်ပြုလုပ်ပြီး ပိုမိုတင်းကြပ်သော စီစစ်မှုများရှိသည့် မြန်မာနိုင်ငံ၏ စစ်သားစုဆောင်းရေး ဌာန ၄ ခုသို့ ခေါ်ဆောင်သွားခဲ့ပါက အထောက်အထား အတုအပများသည် အများဆုံးအသုံးပြုသော နည်းလမ်းများ ဖြစ်ကြောင်း တွေ့ရသည်။[96] နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့သည် အသက်အထောက်အထား အပြင် စစ်သားစုဆောင်းသူများက အခြားသော အချက်အလက်များကိုလည်း လွဲမှား စွာထည့်သွင်းလေ့ရှိကြောင်း ဥပမာ- ကလေး၏ ကိုယ်ရေးရာဇဝင် အချက်အလက်များ (ဥပမာ- ဖခင်အမည်)ကို လွဲမှားစွာ ထည့်သွင်းခြင်းဖြင့် မိဘများ သို့မဟုတ် အာဏာပိုင် များအနေဖြင့် ကလေးမည်သည့်နေရာတွင် ရှိသည်ကို နောက်ပိုင်းတွင် ရှာဖွေရန် ပိုမိုခက်ခဲသွားစေတတ်ကြောင်း နားလည်သည်။[97] စစ်သား စုဆောင်းပြီးနောက်တွင် ကလေးများအား မှားယွင်းသော အချက်အလက် များပါသည့် အမျိုးသားမှတ်ပုံတင်ကဒ်ပြားများကို ထုတ်ပေးလေ့ရှိသည်။ စာရွက်စာတမ်းအတုအပ ပြုလုပ်ခြင်းသည် ဆက်လက်ရှိနေဆဲ ပြဿနာဖြစ်ကြောင်း မြန်မာအစိုးရက ဝန်ခံခဲ့သော်လည်း "လူဝင်မှုကြီးကြပ်ရေးက အရာရှိများက

[94] နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့၊ လူမှု ဖူလုံရေး ဌာနမှ အရာရှိနှင့် လျှို့ဝှက် မေးမြန်းချက်၊ နေပြည်တော်၊ ၂၀၁၄ ခုနှစ် ဇူလိုင် ၉ ရက်။

[95] အိုင်အယ်အိုသည် စစ်သားစုဆောင်းရေး အရာရှိတဦးက မန္တလေးရထားဘူတာ အနီးရှိ မိတ္တူကူးဆိုင်သို့ ခေါ်သွားပြီး သူ၏အသက် ၁၈ နှစ်ကျော်ဖြစ်ကြောင်း အထောက်အထားများ အတုအပပြုလုပ်နေသည်ကို စောင့်ကြည့်ခွင့်ရသော ကလေးတဦးထံမှ ဖွင့်ဟဝန်ခံချက်ကို ရရှိခဲ့သည်။

[96] မြန်မာနိုင်ငံရှိ ယူနီဆက်ဖ် ကိုယ်စားလှယ်က အချို့သော စစ်သားစုဆောင်းရေး ဌာန အရာရှိများသည် တပ်သားသစ် အသက်ကို စီစစ်ရာတွင် ကြမ်းတမ်းသော နည်းလမ်းများအသုံးပြုလေ့ရှိကြောင်း သိရှိထားသည်။ မန္တလေးမှ အရာရှိတဦးသည် ကျေးရွာ/ရပ်ကွက် အရာရှိများ၏ လက်မှတ်များကို ဖိုင်တွဲတွင် သိမ်းထားသော မိတ္တူများနှင့် တိုက်ကြည့်လေ့ရှိသည်။ သို့ရာတွင် ဤစနစ်သည် စစ်သားစုဆောင်းရေး ဌာနနှင့် ဝေးကွာသော နေရာမှ ခေါ်ဆောင်လာသော ကလေးများအတွက် ထိရောက်မှု မရှိပေ။

[97] လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့၊ *စစ်သားအဖြစ် ရောင်းစားခံရခြင်း၊* ၂၀၀၇ ခုနှစ် အောက်တိုဘာ။ http://www.hrw.org/reports/2007/burma1007/burma1007webwcover.pdf.

စာရွက် စာတမ်းများကို စစ်ဆေး အတည်ပြုပြီးမှသာ" စစ်သားစုဆောင်းမှုကို လုပ်သဖြင့် ကလေးစစ်သား စုဆောင်းမှုကို အတုအပ စာရွက်စာတမ်းများဖြင့် ပြုလုပ်ခြင်းကို ငြင်းဆိုသည်။[98]

နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့သည် ရာထူးငယ်သော အကြပ်တပ်သား များအနေဖြင့် အချို့သော ဖြစ်ရပ်များတွင် စစ်သား စုဆောင်းခံရသော ကလေး၏ မိဘများအား ပုံစံ အလွတ်ပေါ်တွင် လက်မှတ်ရေးထိုးခိုင်းပြီး နောက်ပိုင်းတွင် စစ်တပ် အရာရှိများက စစ်သားစုဆောင်းသည့်အချိန်တွင် ကလေးသည် အသက်၁၈ နှစ် ပြည့်ကြောင်း နှင့်/သို့မဟုတ် တပ်မတော်သို့ မိမိသဘောအလျောက် ဝင်ရောက်ကြောင်း ဖြည့်စွက်သည်။[99] အသက်မပြည့်သေးသော တပ်သားသစ်များကို မိဘများနှင့် စစ်သားစုဆောင်းရေး စခန်းများတွင် ရိုက်ယူထားသော ဓါတ်ပုံများကိုလည်း မိဘ ခွင့်ပြုချက်နှင့် တပ်သားသစ် သည် အသက်၁၈နှစ်ပြည့်ပြီးကြောင်း အတည်ပြုချက်ကို လက်ခံနိုင်စေရန် အသုံးပြု ကြောင်း အစီရင်ခံမှုများလည်း ရှိသည်။

ယင်းကဲ့သို့ ဥပဒေနှင့် မညီညွတ်သော စစ်သားစုဆောင်းရေး အလေ့အထများ အပေါ် စိုးရိမ်မှုများသည် မြန်မာနိုင်ငံတွင် သက်သေခံ အထောက်အထားနှင့် အခြား တရားဝင် စာရွက်စာတမ်းများအပေါ် အတုအပပြုလုပ်ခြင်းအပေါ် ကျယ်ကျယ် ပြန့်ပြန့် စိုးရိမ်မှုကို ထင်ဟပ်စေသည်။ ဥပမာ၊ မြန်မာနိုင်ငံ၏ ၂၀၁၀ အထွေထွေ ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်အောက် များကို မဲပေးနိုင်သော လူဦးရေအဖြစ် မဲပေးခွင့်ရှိသူ စာရင်းများ ပြုစုရာတွင် ထည့်သွင်း ခဲ့ရာတွင် အသက်များကို မမှန်မကန် မှတ်တမ်းတင်ခဲ့ကြောင်း အစီရင်ခံမှုများရှိသည်။[100] လူဝင်မှု ကြီးကြပ်ရေး ဝန်ကြီးဌာနက ထုတ်ပေးသော မိသားစု စီစစ်ရေး စာရင်းများ သည် မကြာခဏပင် ခြစားမှု ရည်ရွယ်ချက်များဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ကြောင်း အစီရင်ခံမှုများလည်း ရှိသည်။[101]

နိုင်ငံသားဖြစ်မှု စာရွက်စာတမ်းများ (ဥပမာ အမျိုးသား မှတ်ပုံတင်ကဒ်ပြား) သည် နိုင်ငံသား ဖြစ်မှု ဥပဒေ ပုဒ်မ ၂၁ အောက်တွင် ရာဇဝတ်မှုမြောက်ပြီး ထောင်ဒဏ် ၁၅ နှစ်အထိ အပြစ်ပေးနိုင်ပြီး ကျပ်ငွေ ၅၀ ၀၀၀ အထိ (အမေရိကန်ဒေါ်လာ ၅၂ ခန့်) ဒဏ်ငွေ ကျခံ ရနိုင်သော်လည်း နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့အနေဖြင့် အသက်မပြည့်သ ကလေးစစ်သား စုဆောင်းမှုနှင့် ပါတ်သက်၍ အထောက်အထားများ အတုအပပြုလုပ် ခြင်းအပေါ် စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် အရေးယူခြင်းများ လုပ်ဆောင်သည်ကို သတိမပြုမိပါ။

## 4. ကြီးကြပ်ခြင်း၊ တိုင်ကြားခြင်းနှင့် အသက်မပြည့်သော စုဆောင်းခံရသူများအား လွှတ်ပေးခြင်း

တိုးမြင့်လာသော နိုင်ငံတကာ ဖိအားများကို တုန့်ပြန်မှုအဖြစ် ၂၀၀၄ ခုနှစ်တွင် ထိုအချိန်က မြန်မာစစ်အစိုးရသည် အသက်မပြည့်သော ကလေးငယ်များ စစ်တပ်မှ စစ်သားစုဆောင်းခြင်း ကာကွယ်ရေး ကော်မတီ (ကော်မတီ)ကို အသက်မပြည့်သော ကလေးများ လက်နက် ကိုင်တပ်ဖွဲ့များမှ စုဆောင်းနေသည့် ကိစ္စကို ကိုင်တွယ်ရန် ဖွဲ့စည်းခဲ့သည်။

ကော်မတီ၏ အတွင်းရေးမှူးသည် *တပ်မတော်-ကြည်းမှ* ဗိုလ်ချုပ် တဦးဖြစ်ပြီး အခြား အဖွဲ့ဝင်များသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများဖြစ်သော နိုင်ငံခြားရေး၊ ပြည်ထဲရေး၊ အလုပ်သမား၊ လူမှု ဖူလုံရေး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးတို့မှ ဖြစ်သည်။ ကော်မတီသည် ကလေးများကို စစ်သားများအဖြစ် အတင်းအဓမ္မ စုဆောင်းခြင်းမှ

[98] နိုင်ငံတကာကလေးစစ်သားများဆိုင်ရာအဖွဲ့နှင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၀ရက် နေပြည်တော်တွင် လက်ထောက် တပ်ရေးချုပ် ဗိုလ်ချုပ် သန်းစိုးဦးဆောင်သည့် မြန်မာအစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် အစည်းအဝေး။

[99] နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့၊ ကလေးကာကွယ်စောင့်ရှောက်ရေး အဖွဲ့ အဖွဲ့ဝင်များနှင့် လျှို့ဝှက် မေးမြန်းချက်။ ရန်ကုန်၊ ၂၀၁၂ ခုနှစ် မေ ၂၇ ရက်။

[100] နိုင်ငံတကာ ကလေးစစ်သားများဆိုင်ရာ အဖွဲ့၊ နိုင်ငံတကာ အဖွဲ့အစည်းမှ ကိုယ်စားလှယ်တဦးနှင့် လျှို့ဝှက် မေးမြန်းချက်။ ရန်ကုန်မြို့၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၆ ရက်။

[101] နိုင်ငံတကာ ကလေးစစ်သားများဆိုင်ရာ အဖွဲ့၊ လျှို့ဝှက် မေးမြန်းချက်။ ရန်ကုန်မြို့၊ ၂၀၁၃ ခုနှစ် စက်တင်ဘာ။

ကာကွယ်ရန်၊ ကလေးများ၏ အကျိုးစီးပွားကို ကာကွယ်ရန်၊ နှင့် ကလေးများ ကာကွယ်ရေးအတွက် ထုတ်ပြန်သော အမိန့်များနှင့် ညွှန်ကြားချက်များကို သစ္စာရှိစွာ လိုက်နာရန်အတွက် အခွင့်အာဏာပေးထားသည်။

ကော်မတီ အတွင်းရေးမှူး အဆိုအရ ၂၀၀၄ ခုနှစ် စတင်ဖွဲ့စည်းချိန်မှ စတင်ပြီး ကော်မတီ၏ လုပ်ငန်းများသည် အသက်မပြည့်သော တပ်သားသစ် ၅၄၆ ဦးကို စီစစ်ရန် ဖြစ်သည်။ ကော်မတီက ကိုင်တွယ်ဖြေရှင်းသော ဖြစ်ရပ် အများစုမှာ အိုင်အယ်အို၊ ယူနီဆက်ဖ်၊ နှင့် ဒေသခံ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှတဆင့် ကလေးများ၏ မိသားစုဝင်များ၏ တိုင်ကြားမှုများကို ကိုင်တွယ်ခြင်းဖြစ်သည်။ (ဖြစ်ရပ်တခုတွင်သာ မိသားစု၏ တိုက်ရိုက်တိုင်ကြားမှုကို ကော်မတီက ကိုင်တွယ်ခဲ့သည်။)

အသက်မပြည့်သော ကလေးစုဆောင်းမှု တိုင်ကြားချက်များအပေါ် ကော်မတီ၏ တုန့်ပြန်မှုများသည် နှေးကွေးပြီး အကာအကွယ်များ ရှိခဲ့ပြီး အာဏာပိုင်များ၏ ကတိ ကဝတ်ဖြစ်သော အသက်မပြည့်သည့် စစ်သားစုဆောင်းမှုများကို ချက်ချင်း ဖော်ထုတ်ပြီး ပြန်လွှတ်ပေးမည်ဆိုခြင်းနှင့် အတော်ပင်ကွာခြားသည်။ တရားဝင်လုပ်ငန်းစဉ်များအရ တိုင်ကြားမှုများကို တပ်ရင်းအဆင့်တွင် လုပ်ဆောင်ရန် တည်ဆောက်ထားခဲ့သည်။ အကယ်၍ အသက်မပြည့်သော တပ်သားသစ်သည် ကိုယ်ပိုင်နံပါတ် ချမှတ်ထားခြင်း မရှိသေးပါက (အစပျိုးလုပ်ငန်းစဉ် အပြီးတွင် တပ်သားသစ်များအား ပေးအပ်သည်) လွှတ်ပေးမှုမှာ ပိုမိုမြန်ဆန်မည်ဟု မျှော်လင့်ရသည်။ အကယ်၍ အသက်မပြည့်သေးသူ တပ်သားသစ်သည် ကိုယ်ပိုင်နံပတ် ကျပြီးပါက (စစ်တိုင်းဒေသများတွင် သူတို့၏ ဖိုင်များကို စီစစ်ပြီးနောက် သင်တန်းသို့ ရောက်ရှိ သွားပါက) ဒေသခံ အရာရှိသည် တိုင်ကြားချက်ကို စစ်တိုင်းဒေသကြီး၏ အတည်ပြုချက် ရယူရန် လိုအပ်ပြီးတို့နောက်တွင် တပ်ရေးချုပ်ထံ လွှဲပြောင်းရသဖြင့် လုပ်ငန်းစဉ်မှာ အချိန်ပိုမိုကြာမြင့်သည်။ တပ်ရေးချုပ်သည် တိုင်ကြားချက်ကို ရရှိပြီး ယင်း၏ စစ်မှန်မှုအပေါ် ကျေနပ်မှု ရှိမှသာလျှင် တပ်သားသစ်အား တပ်ထွက်ခွင့် ပေးခွင့်ရှိသော ဦးစီးချုပ်ထံ အသက်မပြည့်သေးသော တပ်သားသစ်၏ အမည်ကို ပေးပို့သည်။

ဂျေအေပီကို လက်ခံခဲ့သည့် ၂၀၁၂ ခုနှစ်မှ စတင်၍ ကလေး ၅၅၃ ဦးသည် တပ်ထွက် ခွင့်ရရှိပြီး မိသားစုများနှင့် ပြန်လည် ပေါင်းစည်းနိုင်ခဲ့သည်။[102] ဂျေအေပီအောက်တွင် မြန်မာစစ်တပ်အရာရှိများသည် တပ်ရင်း သို့မဟုတ် စုဆောင်း ရေးဌာနရှိ အသက်မပြည့်သော တပ်သားသစ်များကို ဖော်ထုတ်ရန် လမ်းကြောင်း သုံးခု ရှိသည်။ ယင်းတို့မှာ ၁။) လူအုပ်စု ခွဲခြားဖော်ထုတ်သည့် လုပ်ငန်းစဉ်အတွင် အရာရှိများသည် သိသိသာသာ အသက်ငယ်ရွယ်သော သူများအား ရွေးထုတ်၍ မေးမြန်းခြင်း၊ ၂) အရာရှိများက ကြေညာချက် လုပ်သည့်အခါတွင် တုန့်ပြန်ပြီး အသက်မပြည့်သော တပ်သားသစ်သည် ရှေ့သို့ထွက်လာပြီး မိမိတို့အသက်ကို ကြေညာခြင်းဖြင့် မိမိကိုယ်ကို ဖော်ထုတ်သည့် စံနစ်နှင့် ၃) တပ်ရင်း သို့မဟုတ် စစ်သား စုဆောင်းရေး ဌာနရှိ အသက်မပြည့်သော တပ်သားသစ်၏ သဘောတူထားသော လုပ်ငန်းစဉ်များအတိုင်း ရှေ့တွင် စစ်သား စုဆောင်းသော စာရွက်စာတမ်းများကို လေ့လာသုံးသပ်မှု ပြုလုပ်ခြင်း။

လက်တွေ့တွင် တပ်သားသစ်ကို စီစစ်သည့် သဘောတူညီထားသော လုပ်ငန်းစဉ်များနှင့် နည်းလမ်းများကို သင်တန်းများပေးထားသော်လည်း၊ အရာရှိများသည် အသက်ငယ်ရွယ်သော တပ်သားသစ်များ ရှိကြောင်း ထုတ်ဖော်ပြောဆိုရင် မလိုလား ကြပဲ ကလေးများသည်လည်း အသက်မပြည့်သေးကြောင်း ရှေ့ထွက်ပြီး ကြေညာရန် အလွန်အမင်း စိုးရိမ်ကြောက်ရွံ့နေကြသည်။ ရှေ့ထွက်လာသော ကလေးအချို့အား အရာရှိများက ခြိမ်းခြောက်သဖြင့် သူတို့၏ ကြေညာမှုကို ပြန်ရုတ်သိမ်းကြောင်း အစီရင်ခံမှုများရှိသည်။ စာရွက်စာတမ်း ပြန်လည် စစ်ဆေးမှုများ ပြုလုပ်သည့် ဖြစ်ရပ်များတွင် တပ်ရင်းရှိ တပ်ကြပ်ကြီးစာရေး သို့မဟုတ် အရာခံဗိုလ်က တပ်သားသစ်၏ အစစ်အမှန်

[102]ယူနီဆက်ဖ်နှင့် မြန်မာစစ်တပ်တို့သည် ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် *လက်နက်ကိုင် တပ်ဖွဲ့များမှ ကလေး ၁၀၀ ကျော်ကို လွှတ်ပေးခဲ့သည်။*

အသက်ကို မြို့နယ်အာဏာပိုင်များ ကလေးမိဘများနှင့် စစ်ဆေးရန် တာဝန်ယူရသည်။ မြို့နယ်အာဏာပိုင်များ၏ ကျယ်ကျယ်ပြန့်ပြန့် ချစားမှုနှင့် စစ်တပ်အရာရှိများ၏ သူတို့အပေါ် သိသာထင်ရှားသော တရားမဝင် ဩဇာလွှမ်းမိုးမှုသည် တခါတရံတွင် စာရွက်စာတမ်းများ အတုအပ ပြုလုပ်သည်ကို အာမခံပေးပြီး အမှန်တကယ် အသက် အစစ်အမှန်ကို တခါတရံမှသာ ရရှိနိုင်သည်။ (အတုအပပြုလုပ်ခြင်း အသေးစိတ်ကို အပိုင်း ၃-၃-၄ တွင်ကြည့်ပါ။) ရလာဒ်အားဖြင့် ကလေးများအား ဖော်ထုတ်သည့် သူတို့၏ အရာရှိ အရာခံများအတွင်း ပြုလုပ်သော *တပ်မတော်* လုပ်ငန်းစဉ်သည် နေးကွေးသည်။ ဂျေအေပီကို အကောင်အထည်ဖော်ရန် စစ်တပ်သည် ကုလသမဂ္ဂ စီတီအက်ဖ်အမ်အာရ် သို့ သံသယ ရှိသော ကလေးစာရင်းအားလုံးကို ပေးပို့ရန် လိုအပ်သည်။ သို့ရာတွင် နိုင်ငံတကာ ကလေးစစ်သားများ အဖွဲ့က ရရှိသော သတင်းအချက်အလက်များသည် ယင်းစာရင်းများသည် မပြည့်မစုံဖြစ်ခြင်း သို့မဟုတ် တပ်ရင်းရှိ သံသယရှိဖွယ် ကလေးများ အားလုံးအား ထည့်သွင်းရန် ပျက်ကွက်ခြင်းများ ရှိနေကြောင်း သိရသည်။[103]

လွှတ်ပေးပြီးနောက်တွင် ကလေးစစ်သားဟောင်းများအတွက် ထောက်ကူပေးသော အစီအစဉ်များမှာ အနည်းငယ်သာ ရှိသည်။ လူမှုဝန်ထမ်း ဝန်ကြီးဌာန အဆိုအရ[104] ယင်းတွင် လွှတ်မြောက်လာသော ကလေး များကို ပညာသင်ကြားခွင့်ရစေရန်နှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အကူပေးရန် ယူနီဆက်ဖ်နှင့် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးထားခြင်း ရှိသည်။[105] ပံ့ပိုးမှုသည် လွှတ်မြောက်လာသော ကလေးများ၏ မိသားစုအထိ သူတို့၏ ဘဝ အခြေအနေတိုးမြင့်လာစေရန်နှင့် လူမှု ပြဿနာများကို ဖြေရှင်းရန်အတွက် တိုးချဲ့ရန် ရှိသည်။

သို့သော်လည်း လူသားအရင်းအမြစ် နှင့် အလုပ်မီမှုနည်းပါးခြင်းတို့ကြောင့် လွှတ် မြောက်လာသော ကလေးများကို လုံလောက်သော အထောက်အပံ့မပေးနိုင်ကြောင်း အထောက်အထားများက ညွှန်းပြနေသလို လူမှု ဖူလုံရေး ဝန်ကြီးဌာနကလည်း ဝန်ခံထားသည်။ ဂျေအေပီ စတင်သက်ဝင်သည့် ၂၀၁၂ ခုနှစ် စက်တင်ဘာမှ စ၍ ကလေး လွှတ်မြောက် ခဲ့သည့် ကလေး ၈၇၉[106] ဦးအနက်မှ ၅၉ ရာနှုန်းသာ လူမှုဖူလုံရေး ဝန်ကြီး ဌာနမှ အထောက်အပံ့များ ရရှိခဲ့သည်။ ကျန်ရှိသော ၄၁ ရာနှုန်း အနက်မှ အချို့သည် ပြန်လည်ဝင်ဆံ့ရေး လက်တွဲဖက်များ၏ လည်ပတ်မှု ရှိသဖြင့် အထောက်အပံ့အနည်းငယ် ရရှိနိုင်သော အဝန်းအဝိုင်းတွင် ရှိနေခဲ့သည်။ သို့ရာတွင် ရာဇဝတ်မှု ကျူးလွန်သည့် စွပ်စွဲချက်များဖြင့် လောလောဆယ် ထောင်ကျ နေသူများကိုမူ ပြန်လည်ဝင်ဆံ့ရေး အစီအစဉ်များက တပ်ထွက်သည့် အချိန်မှစ၍ လက်လှမ်းမမှီပဲ ရှိနေသည်။ ထို့အပြင် အသက် ၁၈ နှစ်ကျော်သွားပြီး ၁၉၉၄ ခုနှစ်နောက်ပိုင်း မွေးဖွားသူများသည် ဂျေအေပီ အောက်တွင် ပြန်လည် ဝင်ဆံ့ရေး အစီအစဉ်များနှင့် အကြုံးမဝင်ပေ။[107]

ထောက်ပံ့ရေး အစီအစဉ်၏ အစိတ်အပိုင်းအဖြစ် လူမှုဖူလုံရေး ဝန်ကြီးဌာနက ကလေးအခွင့်အရေး ကော်မတီများကို အမျိုးသား အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်များ ဖွဲ့စည်းထားသည်။ မြို့နယ်အဆင့် ယင်းကော်မတီများသည် လွှတ်မြောက်လာသော ကလေးများနှင့် သူတို့၏ မိသားစုများအား စိတ်ပိုင်းဆိုင်ရာ

[103] နိုင်ငံတကာကလေးစစ်သားများဆိုင်ရာအဖွဲ့၊ လျှို့ဝှက် တွေ့ဆုံ မေးမြန်းချက်၊ လန်ဒန်၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ။

[104] နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့၊ လူမှု ဖူလုံရေး ဝန်ကြီးဌာန ကိုယ်စားလှယ်နှင့် မေးမြန်းချက်။ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၈ ရက်၊ နေပြည်တော်၊ မြန်မာနိုင်ငံ။ လူမှု ဖူလုံရေး ဝန်ကြီးဌာနသည် ကလေးစစ်သားများဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့ကို ဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဖွဲ့စည်းထားပြီး ယူနီဆက်ဖ်နှင့် ကလေးကယ်ဆယ်ရေး အဖွဲ့ (Save the Children) စသည့် ကလေး ကာကွယ်ရေး အေဂျင်စီများ ပါဝင်သည်။ ကလေးများအနေနှင့် သူတို့၏ မိသားစုများနှင့် အသိုင်းအဝိုင်းကြားတွင် လျင်မြန်စွာ ပြန်လည် ဝင်ရောက်နိုင်စေရန် အာမခံချက်ရစေရန် အထူးလုပ်ငန်းအဖွဲ့ကို ပူးပေါင်း ဆောင်ရွက်ရေး ကော်မတီက ကူညီသည်။

[105] ၂၀၀၉ ခုနှစ်မှ စ၍ ကလေး ၅၄၆ ဦးအား အထောက်အပံ့များ ပေးခဲ့သည်။ ယင်းတို့ တွင် တရားဝင်နှင့် တရားမဝင် ပညာရေး၊အသက်မွေးဝမ်းကျောင်း သင်တန်းနှင့် လူမှု ဝန်ထမ်းများ လစဉ် လည်ပတ်သည့် ပံ့ပိုးမှုများ ပါဝင်သည်။

[106] လူမှု ဖူလုံရေး ဝန်ကြီးဌာနက ပေးသော ယင်းကိန်းဂဏန်းများသည် ဂျေအေပီ အစီအစဉ်အောက်တွင် လွှတ်မြောက်လာသူများအပြင် မြန်မာစစ်တပ်မှ တိုက်ရိုက် လွှတ်ပေးသော ကလေးအရေးအတွက်လည်း ပါဝင်သည်။

[107] နိုင်ငံတကာ ကလေးစစ်သားများဆိုင်ရာ အဖွဲ့၊ လျှို့ဝှက် အင်တာဗျူး။ ရန်ကုန်၊ ၂၀၁၄ ဇူလိုင် ၁၄ ရက်နှင့် လန်ဒန်၊ ၂၀၁၅ ဇန္နဝါရီ ၆ ရက်။

ပံ့ပိုးမှုပေးရန် လုပ်ပိုင်ခွင့်ပေးထားသည်။ သို့ရာတွင် လူမှုဝန်ထမ်း လုပ်သားများမှ လုံလောက်မှုမရှိပေ။ ခရိုင်ခြောက်ခု (နှင့် မြို့နယ် ၂၅ ခုတို့တွင်သာ) စုစုပေါင်း အလုပ်ခန့်ထားသည့် လူမှုဝန်ထမ်းလုပ်သား ၁၀၀ ထဲမှ ရှိနေပြီး စံနစ်သည် စေတနာ့ဝန်ထမ်းများကို ကြီးစွာ မှီခိုနေရသည်။ လူမှု ဝန်ထမ်းဦးစီးဌာနမှ ကိန်းဂဏန်းများ အရ နှစ်စဉ် *တပ်မတော်မှ* ပျမ်းမျှ ကလေး ၅၀-၁၀၀ အတွင်း လွှတ်ပေးနေသော်လည်း သူတို့၏ ထိရောက်သော ပြန်လည် ကောင်းမွန်လာရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ဝင်ဆံ့ရေးတို့အတွက် သတ်မှတ်ထားသော ပံ့ပိုးမှုများအတွက် လူသားနှင့် ဘဏ္ဍာရေး အရင်းအမြစ်များ ချမှတ်ထားခြင်း မရှိပေ။ လက်ရှိ အရင်းအမြစ်များ မလုံလောက်မှုကို အသိအမှတ်ပြုကာ ၂၀၁၃ ခုနှစ်တွင် လူမှု ဖူလုံရေး ဝန်ကြီးဌာနသည် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု အစီအစဉ် တိုးချဲ့ရန် မြန်မာ လွှတ်တော်သို့ အဆိုပြုလွှာ တင်သွင်းခဲ့သည်။ ၂၀၁၃ ခုနှစ်ကုန်တွင် ဝန်ကြီးဌာနများအကြား ပြန်လည်ဝန်ဆံ့ရေး အလုပ်အဖွဲ့ကို လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ဝင်ဆံ့ရေး ဝန်ကြီးဌာနက ဦးဆောင်၍ ဖွဲ့စည်းခဲ့သည်။ ရလာဒ်အားဖြင့် နည်းပညာဆိုင်ရာ ပြန်လည်ဝင်ဆံ့ရေး လမ်းညွှန်ချက်များကို ချမှတ် နိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် လွှတ်တော်က အတည်ပြုခဲ့ပြီး ညွှန်ကြားချက် အများအပြားကို ထုတ်ပြန်ခဲ့သည်။ ယင်းတို့တွင် ပညာရေးဝန်ကြီးဌာနက ကလေး ကျောင်းပြန်နေခြင်းကို စာသင်နှစ်၏ မည်သည့်အချိန်တွင် မဆိုလက်ခံရန်နှင့် ကျောင်း ခေါ်ချိန် ၇၀ ရာနှုန်းအောက် ရှိစေကာမူ စာမေးပွဲ ဖြေဆိုခွင့်ပေးရန်တို့ ပါဝင်သည်။

## 5. တာဝန်ခံမှု၊ စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ချက်များနှင့် အပြစ်ပေး အရေးယူခြင်း။

မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေက လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်[108] ခဲ့သော အစိုးရ အရာရှိများကို အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်ခွင့်ကို ပြဌာန်းပေးထားပြီး ယခင် စစ်အစိုးရအဖွဲ့ဝင်များကို "သက်ဆိုင်ရာ တာဝန်များ ထမ်းဆောင်စဉ် မည်သည့် လုပ်ဆောင်ခဲ့မှု ကိုမဆို"[109] အတွက် လွှမ်းခြုံသော လွတ်ငြိမ်းချမ်းသာခွင့် ပေးထားပြီး အခြေခံ ဥပဒေ ပြင်ဆင်ရေးများတွင် စစ်တပ်အား ထိရောက်သည့် ဗီတိုအာဏာ ပေးထားသည်။[110] ယင်းသည် ကာကွယ်ရေး ဌာနများအား လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်နှင့် လက်နက် ကိုင်တပ်ဖွဲ့များ၏ အရေးအရာများကို လွတ်လပ်စွာ စီရင်ပိုင်ခွင့်[111] ပေးထားပြီး တရားရုံးချုပ်နှင့် အခြား အရပ်သား အဖွဲ့အစည်းများတွင် အယူခံပိုင်ခွင့်မရှိသော စစ်ဦးစီးချုပ်ကိုသာ နောက်ဆုံး ဆုံးဖြတ်ပိုင်ခွင့်ပေးထားသော စစ်ခုံရုံးစနစ်တခု တည် ဖောက်ထားသည်။[112] မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူး ကိုယ်စားလှယ်က ဥပဒေစိုးမိုးရေးရှိသည့်

---

[108] မြန်မာဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၄၄၅ တွင် ပြဌာန်းထားသည်မှာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်းဆောက် ရေး အဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့၏ မူဝါဒ လမ်းညွှန် မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များကို လည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့၏ ဆောင်ရွက်ချက်များ တာဝန်များနှင့် ရပိုင်ခွင့်များကို လည်းကောင်း ဆက်ခံသည်။ ယင်းအဖွဲ့ (သို့မဟုတ်) အစိုးရအဖွဲ့ဝင်တစ်ဦးဦး၏ တာဝန်အရ ဆောင်ရွက်ချက်များ အပေါ် အကြောင်းပြုလျက် ယင်းတို့အားတရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

[109] မြန်မာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ၂၀၀၈၊ ပုဒ်မ ၄၄၅။

[110] မြန်မာဖွဲ့စည်းပုံ အခြေခံ ဥပဒေ၊ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ အရ အောက်လွှတ်တော် နေရာ ၄၄၀ တွင် ၁၁၀၊ နှင့် အထက်လွှတ်တော် နေရာ ၂၂၄ တွင် ၅၆ နေရာတို့ကို ကာကွယ်ရေး ဌာနများမှ တပ်မတော်သားများအား တပ်မတော် စစ်ဦးစီးချုပ်က အမည်စာရင်းတင်သွင်းရန် နေရာ ချန်လှပ်ပေးထားသည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၄၃၆ အရ လက် ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အတည်ပြုချက်ကို ၇၅ သဘောတူရန် လိုအပ်သောကြောင့် တရားဝင် စစ်တပ်ကို ဗီတိုအာဏာ ပေးထားသည်။

[111] မြန်မာနိုင်ငံ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ၂၀၀၈၊ ပုဒ်မ ၂၀ (ခ)တွင် "တပ်မတော်သည် တပ်ပိုင်းဆိုင်ရာ ကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့် ရှိသည်" ဟု ဖော်ပြထားသည်။ ပုဒ်မ ၂၉၃ (ခ)နှင့် ၃၁၉ တို့က အမြဲတမ်း စစ်ဖက်ဆိုင်ရာ တရားရုံးများ ဖွဲ့စည်းခွင့်နှင့် ကာကွယ်ရေး ဦးစီးချုပ်အား အပြီးသတ် အဆုံးဖြတ်ပေးပိုင်ခွင့်ကို ပေးထားသည်။

[112] မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ၂၀၀၈ ခုနှစ်၊ပုဒ်မ ၂၉၃၊ ၃၁၉နှင့် ၃၄၃ (ခ)။ ပုဒ်မ ၃၁၉ တွင် စစ်ခုံရုံးများသည်သာ "တပ်မတော်သားများအတွက် တရားစီရင်ရမည်" ဟု ဖော်ပြထားသည်။ ဤ အကန့်အသတ်မရှိ အခွင့်အာဏာအောက်တွင် စစ်သားများသည် မည်သည့် ရာဇဝတ်မှုကို ကျူးလွန်သည်ဖြစ်စေ အရပ်ဖက် တရားရုံးရှေ့မှောက်သို့ မည်သည့် အခါမျှ ရောက်မလာတော့ပေ။ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၂၉၄ တွင် စစ်ခုံရုံးများသည် တရားလွှတ်တော် ချုပ်၏ တရားစီရင်မှု အပြင်ဖက်တွင် ရှိကြောင်း ကြေညာထားသည် ဖြစ်ရာ "ပြည်ထောင်စု၏ အမြင့်ဆုံး တရားရုံး" သည် စစ်ဖက်ဆိုင်ရာ တရားစီရင်ရေး စံနစ်ပေါ်တွင် အမှန်တကယ်အားဖြင့် အာဏာ မရှိပဲ ဖြစ်ရသည်။

မည်သည့် ဒီမိုကရေစီအတွက်မဆို အခြေခံအဖြစ် စစ်တပ်သည် အရပ်သား ထိန်းချုပ်မှုအောက်တွင် ရှိရန် လိုအပ်ချက်ကို ထပ်ကာတလဲ ထောက်ပြခဲ့ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြဌာန်းချက်များကို ပြင်ဆင်ရန် အကြံပြုခဲ့သည်။[113]

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်ခွင့် ပေးထား သော်လည်း ၁၉၅၉ ခုနှစ် ကာကွယ်ရေး ဌာနများ ဥပဒေ ပုဒ်မ ၆၅ က တပ်မတော် သားတဦးသည် သူ၏ တာဝန်ဝတ္တရားများ ကျေပွန်စွာ ထမ်းဆောင်ခြင်း မရှိပါက အပြစ်ပေးအရေးယူမှုများ ဆောင်ရွက်ရန် ဖော်ပြထားသည်။ ယင်းအပြစ်ပေးအရေးယူမှုများသည် မှားယွင်းလုပ်ဆောင်မှု၏ လေးနက်မှုအပေါ်တွင် မူတည်ပြီး ကွဲပြားခြားနားသည်။ အသက်မပြည့်သူ စစ်သားစုဆောင်းမှုအတွက် တာဝန်ရှိသူများအပေါ် အရေးယူ ဆောင်ရွက်မှု အရေအတွက်သည် လွန်ခဲ့သည့်နှစ်များအတွင်း တဖြေးဖြေး တိုးများ လာခဲ့သည်။[114] ၂၀၀၇ ခုနှစ်မှ စ၍ အရာရှိ ၄၈ ဦးအပါအဝင် အသက်မပြည့်သော စစ်သားစုဆောင်း မှု အတွက် တာဝန်ရှိသော ကျူးလွန်ချိုးဖောက်သူ ၃၁၂ ဦးကို မြန်မာအစိုးရက ဖော်ထုတ်ခဲ့သည်။[115] မြန်မာရာဇဝတ် ဥပဒေအောက်တွင် စုစုပေါင်း ၂၅ ဦး (စစ်ဖက်မှ ၂၃ ဦးနှင့် အရပ်သား ၂ ဦး) တို့ အပြစ်ပေးခံခဲ့ရသည်။ အခြားသူများမှာ ဒဏ်ငွေ၊ လစာလျှော့ခြင်း နှင့် အပို တာဝန်များ ရုတ်သိမ်းခြင်း တို့ခံခဲ့ရသည်။ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းစဉ် အများစုမှာ အိုင်အယ်အိုနှင့် ကုလသမဂ္ဂ စီတီအက်ဖ်အမ်အာရ် အစီရင်ခံစာများ၏ ရလာဒ်အဖြစ် ဖြစ်ရပ်များကို အစပျိုးခဲ့ခြင်း ဖြစ်သည်။[116]

စစ်တပ်၏ အပြစ်ပေးအရေးယူမှု ပုံစံအချို့ကို သတိထားမိခဲ့သော်လည်း အပြစ်ပေး အရေးယူခံရသူ အများအပြားမှာ အောက်ခြေအရာရှိများ (တပ်ကြပ်၊ တပ်ကြပ်ကြီး၊ ဒု-တပ်ကြပ်များ) ဖြစ်ကြသည်။ မြန်မာအစိုးရ၏ အဆိုအရ ယခုအချိန်အထိ အရရှိ ၄၈ ဦးကို အပြစ်ပေးခဲ့ရာတွင် ဗိုလ်မှူးကြီး တဦးနှင့် ဒု-ဗိုလ်မှူးကြီး ၄ ဦးပါဝင်သည်။[117] အပြစ်ဒဏ်များတွင် သတိပေးခြင်း၊ လစာလျှော့ချခြင်း၊ ရာထူးတိုးမှု ငြင်းပယ်ခြင်း၊ နှင့် သုံးလ အထိ ထောင်ဒဏ်များ ပါဝင်သည်။ ကလေးများကို စစ်သားစုဆောင်းရေး သို့ ဖျားယောင်းခေါ်ဆောင်ရာတွင် အမိက နေရာက လုပ်ဆောင်ခဲ့သော ပွဲစားများ အပါအဝင် အရပ်သားများအပေါ်တွင် အပြစ်ပေးအရေးယူမှုမှာမူ လက်တဆုပ်စာသာ ရှိသည်။ မြန်မာအာဏာပိုင်များက အရပ်သား ပွဲစားများ[118] အပေါ် သီးခြားတိုင်ကြားမှုများ မရှိခြင်းကြောင့်ဟု ပြောဆိုသော်လည်း အမိက တာဝန်ရှိသူမှာ တပ်မတော်ဖြစ်ပြီး ဖြစ်ရပ်တခုချင်းစီကို စုံစမ်းစစ်ဆေးပြီး ကျူးလွန်သူများအပေါ် အရေးယူရမည်ဖြစ်သည်။

---

113 တိုးမတ်စ် အိုဂျေ ကွင်တားနား၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူး ကိုယ်စားလှယ်။ လူ့အခွင့်အရေး ကော်မရှင်သို့ အစီရင်ခံစာ၊ ကုလစာတမ်း။ A/HRC/22/58၊ ၂၀၁၃ ခုနှစ်။ စာပိုဒ် ၇၆။

114 မြန်မာနိုင်ငံ တိုင်ကြားမှု ယန္တယား လုပ်ငန်းအပေါ် နောက်ဆုံးဖြည့်စွက်ချက်၊ အစိုးရ အဖွဲ့အစည်း၊ အပိုင်း ၃၁၉၊ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၆-၃၁။ အိုင်အယ်အို စာရွက်စာတမ်း။ GB.319/INS/INF/2.

115 နိုင်ငံတကာကလေးစစ်သားများဆိုင်ရာအဖွဲ့နှင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၀ရက် နေပြည်တော်တွင် လက်ထောက် တပ်ရေးချုပ် ဗိုလ်ချုပ် သန်းစိုးဦးဆောင်သည့် မြန်မာအစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် အစည်းအဝေး။

116 "မြန်မာအစိုးရ၏ နိုင်ငံတကာ အဖွဲ့အစည်း တခုသို့ ပေးပို့သော အတည်မပြု နိုင်သော အစီရင်ခံစာတခုက အစိုးရအနေနှင့် စစ်တပ်အရာရှိ ၃၀ နှင့် အောက်ခြေ အရာရှိ ၁၅၄ ဦးတို့ကို အသက်မပြည့်သော ကလေးများ စုဆောင်းမှုအတွက် အရေးယူခဲ့သည်။ သို့သော်လည်း အများစုမှာ သတိပေးခြင်း ခံခဲ့ရပြီး အရာရှိ ၃ ဦးနှင့် ပြန်တမ်းဝင်မဟုတ်သော စစ်သား ၂ ဦးကို တပ်မှ ထုတ်ပယ်ခဲ့ကာ အရာရှိ ၂ ဦးနှင့် ပြန်တမ်းဝင်မဟုတ်သော အောက်ခြေအရာရှိ ၇ ဦးကို ထောင်ဒဏ်ပေးခဲ့သည်။" အမေရိကန် နိုင်ငံခြားရေး ဌာန၊ လူကုန်ကူးမှု အစီရင်ခံစာ၊ ၂၀၁၃ ခုနှစ်၊ http://www.state.gov/j/tip/rls/tiprpt/countries/2013/215412.htm.

117 နိုင်ငံတကာကလေးစစ်သားများဆိုင်ရာအဖွဲ့နှင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၀ရက် နေပြည်တော်တွင် လက်ထောက် တပ်ရေးချုပ် ဗိုလ်ချုပ် သန်းစိုးဦးဆောင်သည့် မြန်မာအစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် အစည်းအဝေး။

118 "အခုအချိန်အထိ စီတီအက်ဖ်အမ်အာရ်က ဖော်ထုတ်ပေးပို့တဲ့ အရပ်သား ပွဲစား စာရင်း တခုမှ ကျွန်တော်တို့ ရရှိခြင်းမရှိပါဘူး၊ ကျွန်တော်တို့ အဲဒီစာရင်းရခဲ့ရင်တော့ ကျွန်တော်တို့ အရေးယူသွားမှာပါ။" ဟု ၂၀၁၄ ဒီဇင်ဘာ ၁၀ ရက်က နေပြည်တော်တွင် နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့နှင့် အစည်းအဝေးတွင် ဗိုလ်ချုပ် သန်းစိုးက ပြောသည်။

၂၀၁၃ ခုနှစ် ဧပြီလတွင် တပ်မတော် ဦးစီးချုပ်က အဓမ္မလုပ်အားပေးမှု စေခိုင်းသော စစ်တပ် ဝန်ထမ်းများအား ရာဇဝတ်ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၇၄ အရ အရပ်သား တရားရုံးများရှေ့မှောက်တွင် တရားစီရင်ရမည်ဟု ညွှန်ကြားချက် ထုတ်ပြန်ခဲ့သည်ဟု သိရသော်လည်း ယင်းမူဝါဒကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ကြောင်း မှတ်တမ်း ရရှိခြင်း မရှိသေးပါ။[119]

အထက်ပါ အချက်များအရ *တပ်မတော်*အတွင်း အပြစ်ပေး အရေးယူခြင်း လုပ်ငန်းစဉ် များသည် စစ်ရေးချုပ် (JAG) ရုံး၏ တရားစီရင်ရေးအောက်တွင် ကျရောက်ပြီး စစ်ခုံရုံး လုပ်ထုံးလုပ် နည်း လေးမျိုးနှင့် အကျုံးဝင်သည်။ အထွေထွေ စစ်ခုံရုံး[120] အထွေထွေ အကျဉ်းရုံး စစ်ခုံရုံး၊[121] ခရိုင် စစ်ခုံရုံး၊[122] နှင့် အကျဉ်းရုံး စစ်ခုံရုံး။[123] အသက်မပြည့်သူ စစ်သားစုဆောင်းမှု ဖြစ်ရပ်များအတွက် စည်းကမ်းထိန်းသိမ်းရေး လုပ်ဆောင်မှုများကို ယေဘူယျအားဖြင့် အကျဉ်းရုံး စစ်ခုံရုံးဖြင့် လုပ်ဆောင်သည်။ ယင်းသို့သော် ဖြစ်ရပ်များတွင် ပြန်တမ်းဝင် သို့မဟုတ် ပြန်တမ်းဝင်မဟုတ်သော အရာရှိတဦးဦးကို အသက်မပြည့်သူ စစ်သားစုဆောင်းမှုဖြင့် တရားစွဲဆိုပါက တပ်ရင်းမှူးသည် ဗိုလ်ကြီး သို့မဟုတ် ဗိုလ်မှူး အဆင့်ရှိ ပြန်တမ်းဝင် အရာရှိတဦးအား စွဲဆိုချက်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန်နှင့် အထောက်အထား အကျဉ်းချုပ်ကို ရေးသားရန် တာဝန်ပေးသည်။ အထောက်အထား အကျဉ်းချုပ်ကို စစ်တိုင်းဒေသကြီး ၁၄ ခုအနက် တခုခုတွင် အခြေပြုသော လက်ထောက် စစ်ရေးအရာရှိထံ ပေးပို့ပြီး ယင်းက အထောက်အထားများ ကိုလေ့လာပြီး စစ်တိုင်းဒေသကြီးရှိ လက်ထောက် စစ်ရေးချုပ်ထံ ထပ်မံ ပေးပို့သည်။ ယင်းအဆင့်တွင် လက်ထောက် စစ်ရေးချုပ်သည် ထွက်ရှိလာသော အထောက် အထား အပေါ်တွင် ပြစ်မှု စာရွက်ကို ပြင်ဆင်နိုင်သည် သို့မဟုတ် အမှုကို အထောက်အထား ပိုမို စုဆောင်းရန်အတွက် တပ်ရင်းမှူးထံ ပြန်လည်ပေးပို့ နိုင်သည်။ အထောက်အထားသည် ကျေနပ်လောက်ပြီဟု သတ်မှတ်ပါက အမှုကို နောက်ဆုံး အတည်ပြုချက်ရယူရန် စစ်ရေးချုပ် ဌာနချုပ်သို့ ပေးပို့သည်။ အပြစ်ပေး အရေးယူမှုကို အတည်ပြုပါက အမှုကို လက်ထောက်စစ်ရေးချုပ်ထံ ပြန်လည်ပေးပို့ပြီး ထို့နောက်တွင် စစ်တိုင်းဒေသကြီးရှိ တိုင်းမှူးအား ပြန်လည်ပေးပို့သည်။ ထောင်ဒဏ် ၂၈ ရက်အထိ သို့မဟုတ် လစာ ၇-၁၄ ရက်အထက် ဆုံးရှုံးမှု ပါဝင်သော ဖြစ်ရပ်များတွင် အကျဉ်းရုံး ပယ်ဖျက်မှု သက်ရောက်သည်။ သိလျက်နှင့် ကလေးတဦးကို စစ်သားစုဆောင်းခြင်းအတွက် အပြစ်ပေးအရေးယူမှုတွင် ရာထူးတဆင့်ချခြင်း၊ လစာဖြတ်ခြင်း၊ အငြိမ်းစား သက်တမ်းနှစ် ဆုံးရှုံးခြင်း၊ နှင့် နှစ်အနည်းငယ် ရာထူးတိုးမြှင့် မခံရခြင်းတို့ ပါဝင်သည်။ အကယ်၍ ယင်းသို့ လွဲမှား လုပ်ဆောင်ချက်သည် စနစ်တကျ ဖြစ်ခဲ့ပါက စုဆောင်း သူများသည် ထောင်ဒဏ် အပြစ်ပေးခံရသည်။ သို့သော်လည်း ယနေ့အထိ ကလေး စစ်သားစုဆောင်းသည်ဟု စွပ်စွဲခံရသော စစ်သား ၁၆ ဦးသာ ထောင်ဒဏ် အပြစ်ပေး ခံရသေးသည်။[124] အကယ်၍ ကလေးက အသက် ၁၈ နှစ်ရှိပြီဟု လိမ်လည်ခဲ့ပါက သို့မဟုတ် စစ်သား သစ်အဖြစ် စုဆောင်းခံရလို၍ ယင်းသို့ လိမ်လည်ခဲ့ပါက ပေါ့လျော့သော အပြစ်ပေး အရေးယူမှုများ ခံရသည်။

---

[119] သတင်းများအရ အသက်မပြည့်သော ကလေးများ ပေးအပ်မှုအတွက် အဓမ္မလုပ်အား ပေးစေခိုင်းမှု ကျူးလွန်ရာတွင် ပါဝင်ခြင်းအတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၄ အောက်တွင် အရပ်သား ပွဲစား နှစ်ဦးအား အပြစ်ပေး အရေးယူ အပြစ်ပေးခဲ့သော ဖြစ်ရပ်နှစ်ခုကိုတော့ အစီရင်ခံချက်များ ရရှိသည်။

[120] ပြစ်မှုကျူးလွန်သော အရာရှိသည် သေဒဏ် ကျခံလောက်သော ပြစ်မှုကို ကျူးလွန်ခဲ့ပါက စစ်တပ်အရာရှိ ၅ ဦးနှင့် တပ်ရေးအရာရှိချုပ် တဦးပါဝင်သော အထွေထွေ စစ်ခုံရုံးက ဆုံးဖြတ်ချက်ချမှတ်သည်။

[121] ပြစ်မှုကျူးလွန်သော အရာရှိသည် သေဒဏ်ကျခံလောက်သော ပြစ်မှုကို ကျူးလွန်ခဲ့ပါက စစ်တပ်အရာရှိ သုံးဦးနှင့် တပ်ရေး အရာရှိချုပ် ပါဝင်သော အထွေထွေ အကျဉ်းရုံး စစ်ခုံရုံးကလည်း ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။

[122] နှစ်နှစ်ထိ ထောင်ဒဏ် အပြစ်ပေးနိုင်သော အမှုများအတွက် ခရိုင်စစ်ခုံရုံးများအတွက် တရားသူကြီးအဖြစ် ဆောင်ရွက်မည့် ဒေသခံ အရာရှိသုံးဦးကို နယ်မြေခံ တပ်မှူးက ရွေးချယ်သည်။

[123] အကျဉ်းရုံးစစ်ခုံရုံးကို တပ်ရင်းမှူးက ဖွဲ့စည်းနိုင်ပြီး ယင်းကို အရာရှိနှစ်ဦးက တက်ရောက်ပြီး နှစ်နှစ်အထိ ထောင်ဒဏ် ချမှတ်နိုင်သည်။

[124] မြန်မာနိုင်ငံရှိ အိုင်အယ်အို လုပ်ရှားမှု အစီရင်ခံစာ၊ အုပ်ချုပ်မှုအဖွဲ့၊ စက်ရှင် ၃၂၀၊ ဂျနီဗာ၊ ၂၀၁၄ မတ် ၁၃-၂၇ ရက်၊ အိုင်အယ်အို စာရွက်စာတမ်း။ GB.320./INS/6 (Rev).

တပ်ကြပ်များနှင့် တပ်ကြပ်ကြီးများ အပါအဝင် အောက်ခြေအဆင့် အရာရှိများ နှင့် ပြန်တမ်းဝင်မဟုတ်သော အရာရှိများအား အပြစ်ပေးအရေးယူသော ဖြစ်ရပ်အချို့တွင် အသက်မပြည့်သေးသူ စစ်သားစုဆောင်းမှုနှင့် ပတ်သက်၍ အကျဉ်းရုံး စစ်ခုံရုံး လုပ်ထုံးလုပ်နည်းများကို ထိရောက်စွာ အသုံးပြုမှုများ ရှိသည်။ သို့ရာတွင် အသက်မပြည့်သူ စစ်သားစုဆောင်းမှု အလေ့အထတွင် အဆင့်မြင့် အရာရှိများပါဝင်သော ရှုတ်ထွေးသည့် အမှုများကို ဖြေရှင်းရာတွင် လိုအပ်သော လွတ်လပ်မှု နည်းပါးနေပြီး ဖြစ်ရပ် အများစုတွင် ယင်းတို့မှာ လုံလောက်သော အပြစ်ပေးမှုမှ လွတ်မြောက်သွားကြသည်။

အသက်မပြည့်သူ စစ်သားစုဆောင်းမှုတွင် တာဝန်ရှိသောတပ်မတော်သားများအား အပြစ်ပေးအရေးယူနိုင်ရန် စစ်ခုံရုံးစနစ်အပြင်အပတွင်မှု သိသာထင်ရှားသော ဥပဒေရေးရာနှင့် နိုင်ငံရေး အတားအဆီးများ ရှိနေသည်။ အမိန့်ပေးမှု တာဝန်များကို သေချာစေရန်လုပ်ဆောင်ရန်အတွက် ဥပဒေကြောင်း အတားအဆီးများ ရှိနေပြီး ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပြဋ္ဌာန်းချက်များကို ပြင်ဆင်နိုင်မှသာ ကျော်လွှားနိုင်မည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာ ကလေးစစ်သား ဆိုင်ရာ အဖွဲ့သည် မြန်မာနိုင်ငံရှိ တရားစီရင် ရေးစနစ်၏ လွတ်လပ်မှုနှင့် ပြည့်စုံမှုနှင့် ကလေးစစ်သား စုဆောင်းခြင်းနှင့် အသုံးပြု ခြင်းအပါအဝင် ကြီးမားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တပ်မတော် သားများအား စုံစမ်းစစ်ဆေးမှုနှင့် ကြားနာမှုများ ပြုလုပ်လိုသည့် ဆန္ဒအပေါ် ပြင်းပြင်းထန်ထန် စိုးရိမ်မှုများ ရှိနေသည်။ ယင်းစိုးရိမ်မှုများသည် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီနှင့် အခြားသော ယန္တယား များ၏ မြန်မာနိုင်ငံရှိ[125] ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် ဆက်လက် တည်ရှိနေသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေက အကာအကွယ်ပေးထားသည့် တပ်မတော် သားများ အပြစ်ပေးအရေးယူခြင်း အား တားဆီးကာကွယ်ထားသည့်အတွက် အပြစ်ပေးအရေးယူခံရမှုမှ ကင်းလွတ်နေခြင်းများအပေါ် စိုးရိမ်မှုများကို ထင်ဟပ်သည်။ အသက်မပြည့်သူ စစ်သားစုဆောင်းမှုအပေါ် တာဝန်ရှိသူများအား အရေးယူရန် အရင်းအမြစ်များ အကန့်အသတ်ရှိနေမှုနှင့် တပ်မတော်သားများအား စစ်ရေးချုပ် JAG ၏ အပြစ်ပေးအရေး ယူမှုများတွင် ပွင့်လင်းမြင်သာမှု နည်းပါးနေခြင်း (စစ်ခုံရုံး၏ ဆုံးဖြတ်ချက်များနှင့် တပ်မတော်သားများအား ပြစ်ဒဏ်ပေးမှုများအား အများသိအောင် ထုတ်ဖော်မှု မရှိခြင်း) တို့သည် အသက်မပြည့်သူ စစ်သား စုဆောင်းမှု ကျူးလွန်ခြင်းများတွင် အပြစ်အပေးအရေးယူခံရမှုမှ ကင်းလွတ်ခွင့် အခြေအနေကို ဖြစ်ပေါ်စေသည်။

## 6. နိဂုံး

ကုလသမဂ္ဂနှင့် ဂျေအေပီကို ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခြင်းသည် မြန်မာ အစိုးရနှင့် တပ်မတော်အတွက် သူတို့၏ လက်နက်ကိုင်တပ်ဖွဲ့များတွင် အသက်မပြည့် သူ စစ်သားစုဆောင်းမှုများကို ဖြေရှင်းရန်အတွက် အရေးကြီးသော အဆင့်တခု ဖြစ်ပြီး လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ရှိခဲ့သော ထပ်ဆောင်းကာကွယ်ခြင်းနှင့် တာဝန်ခံမှုယန္တယားကို အားဖြည့်မှုများ ဖြစ်စေသည်။ လက်နက်ကိုင် တပ်ဖွဲ့များအတွင်းမှ ကလေးများအား ဆက်လက် ဖော်ထုတ်ပြီး လွတ်ပေးမှုများရှိနေသည်။ အသက်မပြည့်သူ စစ်သားစုဆောင်းခြင်းသည် ရာဇဝတ်မှု မြောက်ကြောင်း အမိန့်နှင့် ညွှန်ကြားချက်များထုတ်ပြန်ခဲ့သည်။ အသက်မပြည့်သူ စစ်သားစုဆောင်းမှုအတွက် တာဝန်ရှိကြောင်း တွေ့ရှိရသူများအား အပြစ်ပေး အရေးယူ မှုများ (အထူးသဖြင့် အောက်ခြေအရာရှိများအပေါ် လုပ်ဆောင်ချက်များ) ရှိသည်။ လူထုအား အသိပေးခြင်းနှင့် သင်တန်းအစီအစဉ်များသည် အကြောင်းကိစ္စနှင့် ပတ်သက်သည့် သိနားလည်မှုများကို မြင့်တက်စေရန် အထောက်အကူဖြစ်စေပြီး အသက်မပြည့်သူ စစ်သားစုဆောင်းမှုနှင့်

[125] ၂၀၁၄ ခုနှစ် ဧပြီလ ဆုံးဖြတ်ချက်တွင် "မြန်မာအစိုးရအား ကောင်းမွန်သော အုပ်ချုပ်မှု ပိုမိုအားကောင်းစေရန်နှင့် တရား ဥပဒေစိုးမိုးမှုရှိရေးအတွက် နောက်ထပ် အဆင့်များကို ဥပဒေပြုခြင်းနှင့် ဖွဲ့စည်းပုံ အပြောင်းအလဲမှ တဆင့် လုပ်ဆောင်ရန်၊ နှင့် လွတ်လပ်ပြီး ထိရောက်သော တရားစီရင်ရေး စနစ်လိုအပ်မှုကို ဖြေရှင်းရန် အားပေး လိုက်ပြီး နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် လူသားခြင်း စာနာထောက်ထားမှု ဥပဒေများအပေါ် ချိုးဖောက်နေမှုများ၏ အစီရင်ခံစာများအားလုံးအပေါ် ပြည့်ဝပြီး ပွင်းလင်းမြင်သာမှုရှိသည့် လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်း အပါအဝင် တာဝန်ခံမှုနှင့် အပြစ်ပေးအရေးယူခံရမှု ကင်းလွတ်ခွင့်များ အဆုံးသတ်စေရန် အာမခံချက်အတွက် လိုအပ်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် မြန်မာအစိုးရ အပေါ်တောင်းဆိုမှုများ ထပ်မံတောင်းဆိုလိုက်သည်"။ ကုလသမဂ္ဂ စာတမ်း။

ပတ်သက်သည့် တိုင်ကြားချက်များ တိုးများလာခြင်းသည် ယင်းအစီအစဉ်များ စတင်ထိရောက်မှု ရှိလာနေကြောင်းကို ပြသနေသည်။ ထို့အပြင် စစ်တပ်သည် ကုလသမဂ္ဂ စီတီအက်ဖ်အမ်အာရ်နှင့် ပူးပေါင်းဆောင်ရွက် မှုများ တဖြေးဖြေး တိုးတက်လာနေပြီး တပ်ရင်းများနှင့် အခြား စစ်တပ်အခြေစိုက် နေရာများသို့ လည်ပတ်သည့် အကြိမ်အရေအတွက် သိသိသာသာ တိုးတက်လာသည်။

ယင်းတို့ ရှိနေသော်လည်း လက်နက်ကိုင်တပ်ဖွဲ့များအတွင်းသို့ အသက်မပြည့်သူ စစ်သားစုဆောင်းမှုများ ဆက်လက်ရှိနေသည်။ ဤအစီရင်ခံစာအတွက် သုတေသန ပြုချက်များက တရားမဝင် စစ်သားစုဆောင်းရေး သတ်မှတ်ချက်များ ဆက်လက်ရှိနေခြင်းနှင့် မြန်မာ့တပ်မတော်အတွက် စစ်သား စုဆောင်းရေး လိုအပ်ချက်အတွက် ဖိအားများ ဆက်လက်ရှိနေခြင်းသည် ကလေးများ အနေဖြင့် ဆက်လက်ပြီး ပစ်မှတ်ထားကာ စစ်သားစုဆောင်းရေးတွင် ထည့်သွင်းခံရ မည့်အလားအလာများ ရှိနေဆဲဖြစ်ကြောင်း ဖော်ပြနေသည်။ နိုင်ငံတကာ ကလေးစစ်သားများ ဆိုင်ရာ အဖွဲ့က ယခင်က စုဆောင်းရရှိခဲ့သော အသက်မပြည့်သူ စစ်သားစုဆောင်းရေး ပုံစံများ - အရပ်သား "ပွဲစားများ" ၏ လုပ်ဆောင် ချက်များ၊ စစ်သားစုဆောင်းသည့် နေရာတွင် စာရွက်စာတမ်း အတုအပ ပြုလုပ်ခြင်း၊ စစ်သားစုဆောင်းရေး လုပ်ငန်းစဉ်၏ အခြား အားနည်းချက်များ (အထူးသဖြင့် စီစစ် ရေး ဘုတ်အဖွဲ့များ) နှင့် တာဝန်ခံမှု နှင့် အရေးယူအပြစ်ပေးမှု မလုံလောက်မှုများ) ဆက်လက်တည်ရှိနေသည်။

ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များ နိုင်ငံတလွှားတွင် အဆင့်အားလုံးတွင် ကျင့်သုံးနိုင်သည် အထိနှင့် အသက် စီစစ်ရေး ယန္တယားများကို သေချာ ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော်နိုင်သည်အထိ လက်နက်ကိုင် တပ်ဖွဲ့များတွင် အသက်မပြည့်သူ စစ်သားစုဆောင်းမှု နှင့်အသုံးပြုမှု အန္တရာယ်အပေါ် ကုလသမဂ္ဂက[126] တောင်းဆိုခဲ့မှုများ ဆက်လက် ရှိနေဦးမည်ဖြစ်သည်။ တချိန်တည်းမှာပင် ရှိနေသည့် ကလေးများအား လျင်လျင်မြန်မြန် ပြန်လည် လွှတ်ပေးနိုင်ရန်နှင့် သူတို့အတွက် မိသားစုနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ထိရောက်စွာ ပြန်လည်ဝင်ဆံ့နိုင်မှု လုပ်ငန်းစဉ်များကို ဖြစ်စေရန် အတွက် ကလေးများအား ဖော်ထုတ်ပြီး တပ်မှ လွှတ်ပေးသည့် စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို ပိုမိုရှင်းလင်းလွယ်ကူစေရန် လိုအပ်သည်။ ဤရည်မှန်းချက် အောင်မြင်စေရန်အတွက် သိသာထင်ရှားသည့် အရင်းအမြစ်များ လိုအပ်ပြီး ဦးစားပေးအနေနှင့် ချမှတ်ပေးသင့်သည်။

## 7. အကြံပြုချက်များ

### မြန်မာအစိုးရနှင့် တပ်မတော်သို့ အကြံပြုချက်များ

#### *အထွေထွေ အရေးယူဆောင်ရွက်မှုများ*

- မြန်မာအစိုးရ၏ ကလေးစစ်သားများ စုဆောင်းခြင်းနှင့် အသုံးပြုမှု ဖယ်ရှားရေး သံမိဗ္ဗာန် အားကောင်းစေရန်အတွက် အောက်ဖော်ပြပါ နိုင်ငံတကာ စံချိန်စံညွှန်းများအား လက်မှတ်ရေးထိုး၍ အကောင်အထည်ဖော်ရန်။ (OPAC)၊ အိုင်အယ်အို အနိမ့်ဆုံး အသက်အရွယ် သဘောတူညီချက် ၁၃၈၊ ဂျနီဗာ ကွန်ဗင်းရှင်း ထပ်ဆောင်း သဘောတူညီချက်များ၊ နှင့် နိုင်ငံတကာ ရာဇဝတ်တရားရုံးဆိုင်ရာ ရောမ သဘောတူညီချက်။

[126] ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂ ကလေးအခွင့်အရေး ကော်မတီသည် မြန်မာအစိုးရအား "လက်နက်ကိုင် တပ်ဖွဲ့များ အနေဖြင့် အမျိုးသား မှတ်ပုံတင်ကဒ် သို့မဟုတ် မူရင်း မွေးလက်မှတ်များကို အနိမ့်ဆုံး စီစစ်ရေး သတ်မှတ်ချက်အဖြစ် လက်ခံခြင်းနှင့် စစ်သားသစ်စာရင်းသွင်းပေးသူများအား ရပိုင်ခွင့် ကမ်းလှမ်းမှုများကို ရပ်တန့်ရန် လိုအပ်ကြောင်း" တိုက်တွန်းသည်။

- ဥပဒေနှင့် မညီသော ကလေးများအား စစ်သားစုဆောင်းခြင်းကို ကာကွယ်ရန်အတွက် စစ်သားစုဆောင်းရေး လုပ်ငန်းစဉ်များ၊ အသက် စီစစ်ခြင်း ယန္တယားနှင့် လက်နက်ကိုင် တပ်ဖွဲ့များအားလုံး (နယ်ခြားစောင့်တပ်ဖွဲ့များနှင့် အခြား လုံခြုံရေး တပ်ဖွဲ့များ အပါအဝင်) ကို လွတ်လပ်သော စောင့်ကြည့်လေ့လာခြင်းနှင့် ကြီးကြပ်ခြင်းအတွက် လိုအပ်သော စစ်သားစုဆောင်းရေး လုပ်ထုံးလုပ်နည်းများကို အားကောင်းကောင်းနှင့် နေရာတကျ ရှိစေရန် လိုအပ်သော နည်းပညာ အထောက်အကူများ ရှာဖွေရန်။

***စစ်သား စုဆောင်းရေး လုပ်ငန်းစဉ်များနှင့် အလေ့အထများ***

- လက်နက်ကိုင် အဖွဲ့အစည်းအားလုံး (နယ်ခြားစောင့်တပ်ဖွဲ့များနှင့် အခြား လုံခြုံရေး အဖွဲ့အစည်းများ အပါအဝင်) အတွက် စစ်သားစု ဆောင်းရေး လုပ်ငန်းစဉ်များကို စံချိန်စံညွှန်းသတ်မှတ်ပြီး စစ်သားစုဆောင်းရေး လုပ်ငန်းတွင် ပါဝင်နေသော လူပုဂ္ဂိုလ်အားလုံးကို အသက် ၁၈ နှစ်အောက် စစ်သား စုဆောင်းမှုကို တားမြစ်ထားကြောင်း သိရှိစေရန် အာမခံချက်ရှိအောင် (လိုအပ်ပါက သင်တန်းများမှ တဆင့်) ပြုလုပ်ရန်။
- စစ်သား စုဆောင်းသူများအား မှတ်ပုံတင်/နိုင်ငံသား စီစစ်ရေး ကဒ်ပြားနှင့် မွေးလက်မှတ် ကဲ့သို့သော အသက်ဝင်သော တရားဝင် အထောက်အထား စာရွက်စာတမ်း ရှိသော လူပုဂ္ဂိုလ်ကိုသာလျှင် စစ်သား စုဆောင်းခြင်း ပြုရန်နှင့် အသက်မပြည့်ဟု သံသယ ရှိပါက သို့မဟုတ် အထောက်အထား စာရွက်စာတမ်း မှန်ကန်မှု အပေါ်သံသယရှိပါက ယင်းပုဂ္ဂိုလ်အား စစ်သားစုဆောင်းခြင်းမပြုရန်အတွက် ထင်ထင်ရှားရှား ညွှန်ကြားရန်။
- တပ်မတော်နှင့် နယ်ခြားစောင့်တပ်ဖွဲ့များတွင် စုဆောင်းထားသော တပ်သားသစ်များ၏ အမျိုးသား မှတ်ပုံတင် သို့မဟုတ် မွေးလက်မှတ်က အထောက်အထားပြုထားသည့် မွေးသက္ကရာဇ် နှင့် စစ်သားစုဆောင်းသည့် အရာရှိ၏နာမည် အပြည့်အစုံနှင့် ရာထူး အပါအဝင် အချက်အလက်များကို တနေရာတည်းတွင် ကြည့်ရှုနိုင်သည့် ဗဟို မှတ်တမ်း တခု ထားရှိရန်။ကလေးများအား မွေးဖွားသည့်အချိန်တွင် စာရင်းသွင်းခြင်း (ကလေးအခွင့်အရေး သဘောတူစာချုပ် ပုဒ်မ ၇-၁ အရ) ကို အခမဲ့နှင့် ခွဲခြားဆက်ဆံမှု မရှိစေပဲ အခြားအရာများ အနက်၊ အသိပညာ မြှင့်တင်ရေး လုပ်ငန်းစဉ်များနှင့် အထူးသဖြင့် ဝေးလံခေါင်ဖျားဒေသများတွင် ရွေ့လျား မှတ်ပုံတင် စာရင်းသွင်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ တို့မှတဆင့် လုပ်ဆောင်နိုင်ရန် အရပ်သား စာရင်းသွင်းသည့် စံနစ်ကို ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်သွားရန်။
- နည်းပညာ အထောက်အကူများ ရှာဖွေသွားရန် အပါအဝင် လူတိုင်းအတွက် အမျိုးသား မှတ်ပုံတင် သို့မဟုတ် နိုင်ငံသား စီစစ်ရေး ကဒ်ပြားများ ရရှိနိုင်စေရန်၊ လူပုဂ္ဂိုလ် တဦးချင်း၏ အသက်နှင့် အခြား သက်ဆိုင်ရာ အချက်အလက် များ မှန်ကန်စွာ ထင်ဟပ်မှု ရှိစေရန်နှင့် အတုအပပြုလုပ်ခြင်းမှ ကာကွယ်တားဆီး နိုင်ရန် အာမခံချက် ရှိစေရန်။
- စစ်သားစုဆောင်းသူများအား အကျိုးအမြတ် မျှော်လင့်ချက် ပေးသည့် တရားမဝင် စံနစ်နှင့် သတ်မှတ်ထားသည့် တပ်သားသစ် အရေးအတွက် မပြည့်မီပါက အပြစ်ပေး အရေးယူသည့် အလေ့အထများကို ပယ်ဖျက်ပစ်ရန်။

---

(ကုလသမဂ္ဂ ကလေးအခွင့်အရေး ကော်မတီ (UN CRC)၊ ကလေးအခွင့်အရေး သဘောတူညီချက်အောက်တွင် မြန်မာနိုင်ငံဆိုင်ရာ တတိယနှင့် စတုတ္ထ ပူးပေါင်း အစီရင်ခံစာ တွေ့ရှိချက်များ သုံးသပ်ချက်။ ကုလ စာတမ်း။ CRC/C/MMR/CO/3-4၊ ၂၀၁၂ ခုနှစ် မတ်လ ၁၄ ရက်၊ စာပိုဒ် ၈၂(ခ))။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်သည် သူ၏ ၂၀၁၁ ခုနှစ် ကလေးများနှင့် လက်နက်ကိုင် ပဋိပက္ခ နှစ်ပါတ်လည် အစီရင်ခံစာတွင် အသက်အရွယ် စီစစ်မှုနှင့် ပတ်သက်၍ စိုးရိမ်ကြောင်း ဖော်ပြခဲ့သည်။ (ကလေးများနှင့် လက်နက်ကိုင် ပဋိပက္ခ၊ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် အစီရင်ခံစာ၊ ကုလ စာတမ်း) A/65/820-S/2011/250၊ ၂၀၁၁ ခုနှစ် ဧပြီ ၂၃ ရက်၊ စာပိုဒ် ၁၁၆)

***စစ်သားစုဆောင်းရေး လုပ်ငန်းစဉ် ကြီးကြပ်မှု***

- အဆင့်တိုင်းတွင် စုဆောင်းရေး လုပ်ငန်းစဉ်အား ထိန်းချုပ်မှုနှင့် ကြီးကြပ်မှု ယန္တယားများကို အားဖြည့်ခြင်းဖြင့် စစ်သား စုဆောင်းရေး ယူနစ်၊ စစ်သားစုဆောင်းရေး ဌာန၊ သင်တန်းကျောင်းနှင့် သင်တန်းပြီးနောက်၊ ရည်မှန်းချက် တပ်ရင်းများ ရောက်ရှိခြင်း နေရာများတွင် စစ်သား စုဆောင်းခြင်း၏ စာရွက်စာတမ်း၊ အသက်နှင့် ဆန္ဒအလျောက် ဝင်ရောက်ခြင်း လုပ်ဆောင်မှုကို သုံးသပ်ရန်။
- စီစစ်ရေး ဘုတ်အဖွဲ့၏ လုပ်ငန်းကို လွတ်လပ်စွာနှင့် အသက်မပြည့်သူ ကလေးများ စုဆောင်းခြင်း ဖြစ်ရပ်များအပေါ် တာဝန်ခံမှု ရှိစေရန် အာမခံချက် ရှိစေရန်။
- စာရွက်စာတမ်းများ နှင့် အသက် စမ်းစစ်ခြင်းသင်တန်းပေးခြင်း၊ တပ်သားသစ်များကိုစီစစ်ရေး ဘုတ်အဖွဲ့ရှေ့တွင် တွေ့မြင်နိုင်နှင့် လက်နက်ကိုင် တပ်ဖွဲ့များသို့ဝင်ရောက်ရသည့် ရည်မှန်းချက်နှင့် သူတို့၏ အသက်ကိုထိရောက်စွာသတ်မှတ်နိုင်ရန်အတွက် တွေ့ဆုံမေးမြန်းခြင်းပြုရန်တို့အပါအဝင် စီစစ်ရေးဘုတ်အဖွဲ့၏ အရည်အသွေးကိုလူပုဂ္ဂိုလ် တဦးချင်း၏လျောက်လွှာများကို ထိရောက်စွာစစ်ဆေးနိုင်ရန်၊ စစ်ဆေးရေး ဘုတ်အဖွဲ့ဝင်များ၏ အရည်အသွေးကိုတိုးမြှင့် မြှင့်တင်ပေးရန်။ အသက် ၁၈ နှစ်အောက် တပ်သားသစ်များကိုသူတို့၏ လျောက်လွှာများအားလေ့လာသုံးသပ်ပြီးဖော်ထုတ်ကာ ငြင်းပယ်ခြင်းနှင့် လွှတ်ပေးခြင်းများလုပ်ရန် စီစစ်ရေးဘုတ် အဖွဲ့ဝင်များကို အားပေးရန်။
- စစ်သားစုဆောင်းမှုနှင့် ဖော်ထုတ်မှုများကို ဖြစ်စေသော အခြေအနေများအား စုံစမ်းစစ်ဆေးခြင်းနှင့် တာဝန်ရှိသူများအား အရေးယူခြင်းတို့အပါအဝင် စီစစ်ရေး ဘုတ်အဖွဲ့က တဆင့် မည်သည့် အသက်မပြည့်သူ စစ်သား စုဆောင်းမှုကို မဆို သေချာစွာလုပ်ဆောင်ရန်။
- အသက်အခြေခံပေါ်တွင် စီစစ်ရေး အဖွဲ့က ငြင်းဆိုလိုက်သော တပ်သားသစ် အရေ အတွက်ကို ပုံမှန် ထုတ်ပြန်ပေးရန်။
- စစ်သားစုဆောင်းရေး အရာရှိအမည်နှင့် တာဝန်တို့ အပြင် လူပ်ရှား စစ်သား စုဆောင်းရေး ယူနစ်များ၊ တပ်ရင်းများ သို့မဟုတ် စစ်သားစုဆောင်းရေး ဌာနများက မဆို အသုံးပြုသော စစ်သားစုဆောင်းသော နည်းလမ်းများအား တပ်သားသစ်၏ ဖိုင်တွဲတွင် ထည့်သွင်းထားမှုရှိကြောင်း သေချာစေရန်။
- စစ်သားစုဆောင်းရေး အလေ့အထများသည် အနိမ့်အဆုံး အသက်အရွယ် စစ်သားစုဆောင်းမှုနှင့် ပတ်သက်သော ပြည်တွင်း ဥပဒေများနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများအား လိုက်နာမှုရှိမရှိ စောင့်ကြည့်ရန်နှင့် သင်တော်သည့်နေရာများတွင် ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် အကြံပေးခြင်းများ နှင့် လိုက်နာမှုမရှိဟု သံသယဖြစ်သော ဖြစ်ရပ်များကို စုံစမ်းစစ်ဆေးရန်အတွက် တပ်မတော်မှ သီးခြားဖြစ်ပြီး ရည်မှန်းချက်၊ ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များ ပါရှိသော လွတ်လပ်သည့် အဖွဲ့အစည်းတခုကို အခွင့်အာဏာပေးအပ်ရန်။

***တာဝန်ခံမှု***

- ကလေးစစ်သားစုဆောင်းခြင်း သို့မဟုတ် အသုံးပြုခြင်းနှင့်ဆိုင်သော တပ်မတော်-ကြည်း၊ နယ်ခြားစောင့်တပ်ဖွဲ့များအပေါ် ပြုလုပ်သည့် ယုံကြည်ရလောက်သော စွပ်စွဲချက်အားလုံးကို ထိရောက်စွာနှင့် လွတ်လပ်စွာ စုံစမ်းစစ်ဆေးရန်နှင့် သံသယရှိသည့် ကျူးလွန်သူများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီသည် မျှတမှုရှိသော ရုံးတင်စစ်ဆေးမှုများ ပြုလုပ်ပြီး အမှန်တရာကို ဖော်ဆောင်ရန်။ ဖွဲ့စည်းအုပ်ချုပ်ပုံ

အခြေခံဥပဒေတွင် ပေးထားသော တပ်မတော်သားများအား အရပ်သား တရားစီရင်ရေးမှ အပြစ်ပေးအရေးယူခံရမှုမှ မည်သည့်ပုံစံဖြင့် လွတ်ကင်း နေခြင်း အပါအဝင် အပြစ်ပေးအရေးယူမှုအတွက် အတားအဆီးများကို ဖယ်ရှားရန်။

- ပွဲစားများက ဖြစ်စေ၊ အရပ်သား အာဏာပိုင်များက ဖြစ်စေ သို့မဟုတ် တပ်မတော် သားများက ဖြစ်စေ တရားမဝင် စစ်သားစုဆောင်းရေး ဖြစ်မြောက်စေရန် အထောက် အထား စာရွက်စာတမ်းများကို အတုအပ ပြုလုပ်သည့် စွပ်စွဲချက်များအပေါ် လျင်မြန် ပြီး လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နိုင်ရန် အာမခံချက်ပေးရန်။ ဤပြစ်မှုများကို ကျူးလွန်သည်ဟု သံသယရှိပြီး စုံစမ်းစစ်ဆေးမှု ပြီးဆုံးရန် စောင့်စားနေသော တပ်မတော်သားများအား တာဝန်မှ ရပ်ဆိုင်းရန်နှင့် သူတို့အပေါ် သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်။
- စုံစမ်းစစ်ဆေးမှုများ၊ တရားစွဲဆိုမှုများနှင့် ချမှတ်သော အပြစ်ပေးအရေးယူမှုများ၊ နှင့် ယင်းလုပ်ငန်းစဉ်များ၏ ရလာဒ် ကိန်းဂဏန်းများအပေါ်တွင် အများသိရှိစေရန် အချက်အလက်များအား ပုံမှန် ထုတ်ပြန်ရန်။

### *ကလေးစစ်သားဟောင်းများအား ထိန်းသိမ်းခြင်း*

- ကလေးနှင့် ကလေးစစ်သားဟောင်းများအား "တပ်ပြေး" အဖြစ်သတ်မှတ်ပြီး ထိန်းသိမ်းထားခြင်း နှင့် ထောင်ဒဏ်အပြစ်ပေးခြင်း အလေ့အထများကို ချက်ချင်း ရပ်ဆိုင်းရန်နှင့် သူတို့အား အမြန်ဆုံးနှင့် ချွင်းချက်မရှိ ပြန်လွှတ်ပေးရေးအတွက် အာမခံရန်။

### *ဖော်ထုတ်ခြင်း လုပ်ငန်းစဉ်၊ ပြန်လည် နလန်ထခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ဝင်ဆံ့မှု အစီအစဉ်များ*

- အသက်မပြည့်သော ကလေးများ စစ်သားစုဆောင်းခြင်း ကာကွယ်တားဆီးခြင်း ကော်မတီက လက်ခံထားသည့် လုပ်ငန်းစဉ်များကို စစ်တပ်အတွင်း ရာထူးအဆင့်ဆင့် တွင် ရှိနေသော ကလေးများအား ဖော်ထုတ်နိုင်သည့် အရည်အသွေးပြည့်မှီအောင် မြှင့်တင်ရန် အမြင်ဖြင့် ပြန်လည် သုံးသပ်ရန်။
- စစ်သားစုဆောင်းခံရသည့် အသက် ၁၈ နှစ်အောက် ကလေးများအပါအဝင် ကလေး များအား စစ်တပ်မှ အမြန်ဆုံး တပ်ထွက်ခွင့်ပေးရန်၊ စစ်တပ်မှ အမြဲတမ်း နုတ်ထွက်ခွင့် ပြုကြောင်း တရားဝင် စာရွက်စာတမ်းထုတ်ပေးပြီး အမြန်ဆုံး သူတို့ အသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် အာမခံချက်ရှိစေရန် လုံလောက်သော အရင်းအမြစ်များ နှင့် ထိရောက်သော ယန္တယားများ ပံ့ပိုးပေးရန်။
- ကုလသမဂ္ဂနှင့် အခြားသော ကလေးကာကွယ်ရေး လုပ်ဆောင်နေသူများနှင့် ပူးပေါင်းပြီး အထောက်အပံ့လိုအပ်နေသော လက်ရှိနှင့် ယခင်က ကလေးစစ်သားများ (တပ်ထွက်ချိန်တွင် အသက် ၁၈ နှစ်ကျော်သူများအပါအဝင်) ကိန်းဂဏန်းကို စုဆောင်းရန်။ ကလေးစစ်သားဟောင်းများအား ပြန်လည် ပြုစုပျိုးထောင်ရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများအပါအဝင် "သင့်တော်သော ပံ့ပိုးမှု" ပေးရန်အတွက် လိုအပ်သောသဘောသဘာဝ၊ ကျယ်ပြန့်မှု၊ ကာလ၊ ငွေကြေးနှင့် ကျွမ်းကျင်မှုများဆိုင်ရာ လိုအပ်ချက်များကို ပြည့်စုံသော လိုအပ်ချက် လေ့လာစမ်းစစ်ခြင်း ပြုလုပ်ရန်။

## ကုလသမဂ္ဂ နိုင်ငံဆိုင်ရာ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံရေး အထူး အဖွဲ့ သို့ အကြံပြုချက်များ

- အစီအစဉ်အောက်တွင် အစိုးရ၏ အရေးယူဆောင်ရွက်မှုများ၏ ထိရောက်မှုကို ရေရှည်စောင့်ကြည့်လေ့လာခြင်း အပါအဝင် ဂျေအေပီ အကောင်အထည်ဖော်ရေး အတွက် ပွင့်လင်းမြင်သာမှု ရှိရန် အာမခံချက်ပေးပြီး ပံ့ပိုးမှု ပေးနေသူအားလုံး၏ အရည်အသွေးကို မြှင့်တင်ရန်။
- မြန်မာအစိုးရအနေဖြင့် ကလေးများအား စစ်သားစုဆောင်းခြင်းနှင့် အသုံးပြုခြင်း ကာကွယ်ရေးကို ရည်ရွယ်၍ စစ်သားစုဆောင်းရေး အလေ့အထများကို ပြန်လည် သုံးသပ်ရန်နှင့် ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် အထောက်အကူနှင့် အကြံဉာဏ်များ ပေးရန်။
- *တပ်မတော်-ကြည်းနှင့်* နယ်ခြားစောင့်တပ်ဖွဲ့ စစ်စခန်းများနှင့် ကလေးများ ရှိနိုင်သည့် အခြားနေရာများသို့ ဖော်ထုတ်ခြင်းနှင့် စီစစ်ခြင်း ရည်ရွယ်ချက်များဖြင့် သွားရောက် လည်ပတ်မှုကို ပုံမှန် လုပ်ဆောင်ရန်။

## ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် နိုင်ငံတကာ အသိုင်းအဝိုင်း သို့ ထောက်ခံ အကြံပြုချက်များ

- မြန်မာစစ်တပ်အနေဖြင့် ဂျေအေပီကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်ရန်နှင့် *တပ်မတော်-ကြည်းနှင့်* နယ်ခြားစောင့် တပ်ဖွဲ့များသို့ ကလေးများအား စစ်သား စုဆောင်းခြင်းကို ကာကွယ်ရန် လိုအပ်သော အရေးယူဆောင်ရွက်မှုများအားလုံး လုပ်ဆောင်ရန် တွန်းအားပေး၍ ပံ့ပိုးမှုပေးရန်။
- မြန်မာအစိုးရ အနေဖြင့် ဂျေအေပီကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်ရန် လိုအပ်သော အရေးယူဆောင်ရွက်မှုများ အားလုံး လုပ်ဆောင်ရန်အတွက် လိုအပ်သော အချိန်နှင့် အရင်းအမြစ်များကို ကုလသမဂ္ဂ စီတီအက်ဖ်အမ်အာရ်က ပေးအပ်ရန်အတွက် အာမခံချက်ပေးရန်နှင့် ကလေးများအပေါ် ချိုးဖောက်မှုအားလုံးကို ပြည့်ပြည့်ဝဝ စောင့်ကြည့်လေ့လာသွားရန်။
- စစ်သားစုဆောင်းခြင်း လုပ်ထုံးလုပ်နည်းများအား အားဖြည့်ခြင်းနှင့် အသက် စီစစ်ခြင်း ယန္တယားများကို အားဖြည့်ခြင်းနှင့် လက်နက်ကိုင် တပ်ဖွဲ့များနှင့် နယ်ခြားစောင့် တပ်ဖွဲ့များအား လွတ်လပ်သော စောင့်ကြည့်လေ့လာခြင်းနှင့် ကြီးကြပ်ခြင်းတို့ အပါအဝင် ကလေးစစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်းကို ကာကွယ်ခြင်းကို ဖြည့်ဆည်းပေးသည့် မြန်မာနိုင်ငံ၏ လုံခြုံရေး ကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံတကာ အထောက်အပံ့နှင့် ပံ့ပိုးမှုများ အာမခံချက် ရှိစေရန်။

CHILD SOLDIERS
INTERNATIONAL

www.child-soldiers.org